# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## စိတ်နှလုံးစင်ကြယ်ချမ်းသာ

တရားသိသော သူတော်ကောင်းတို့သည် တရားနှင့်ဆိုင်သော ပီတိကို စားသုံး၍ စိတ်နှလုံးကြည်လင်သန့်ရှင်းပြီး ချမ်းသာစွာနေရ၏။ သူတော်ကောင်းတရား၌လည်း အစဉ်မွေ့လျော်၍ နေ၏။ တရား၏ အရသာကို ခံစားရသဖြင့် စိတ်နှလုံးသန့်ရှင်းစင်ကြယ်၏။ စိတ်နှလုံးစင်ကြယ်သဖြင့် ချမ်းသာစွာနေရ၏။ ပီတိ ဟူသမျှတို့တွင် ဓမ္မပီတိသည် အမြတ်ဆုံးဖြစ်၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၉)


၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၅)၊ အမှတ် (၃၁၈)




# နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာသံရုံး/မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် သံအမတ်ကြီးများအား တွေ့ဆုံ


စာမျက်နှာ-၃


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံသို့ ရောက်ရှိ



**ပေကျင်း ဩဂုတ် ၁၇**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်း၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ကူမင်းလေဆိပ်မှတစ်ဆင့် ပေကျင်းမြို့သို့ ဒေသစံတော်ချိန် ည ၈ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Liu Zhen Min၊ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စစ်သံမှူးနှင့် သံရုံးဝန်ထမ်းမိသားစုများ၊ တာဝန်ရှိသူများက ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ခေတ္တတည်းခိုမည့် ကျောက်ယုထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

**(သတင်းစဉ်)**

**ကြိုဆိုနှုတ်ဆက်**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်**
(သတင်းစဉ်)


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# (၂၀)ရာစုမှသည် (၂၁) ရာစုပင်လုံသို့

ဩဂုတ်လ ၃၁ ရက်နေ့တွင် စတင်ကျင်းပရန် သတ်မှတ်ထားသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံသည် နီးကပ်လာခဲ့ပြီ။ (၂၁)ရာစုပင်လုံအတွက် ပြင်ဆင်မှုများလည်း တဖြည်းဖြည်းရုပ်လုံးပေါ်လာနေပြီဟု ဆိုနိုင်ပါသည်။ ညီလာခံတွင် ပါဝင်ဆွေးနွေးလိုမှုများကိုလည်း ယခင်ကာလများကထက် ပိုမိုထက်သန်စွာ တွေ့မြင်နေရပေသည်။


(၂၁) ရာစုပင်လုံဆိုသည်မှာ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလကကျင်းပခဲ့သော (၂၀) ရာစုပင်လုံ၏ အဆက်ဟုပင် ဆိုနိုင်ပါသည်။ (၂၀ )ရာစုပင်လုံက အကောင်အထည်မဖော်နိုင်ခဲ့သော အကြောင်းအရာများနှင့် ထိုစဉ်ကမပါဝင်ခဲ့သော လူမျိုးနွယ်များ၊ အင်အားစုများအားလုံး ပါဝင်ဆွေးနွေးကြရမည့် ပွဲကြီးပင်ဖြစ်သည်။ (၂၀) ရာစုပင်လုံကာလက ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး မတ်လနှင့် ဧပြီလတို့တွင် ဗြိတိန်လေဘာပါတီအမတ် ရီးစ်ဝီလျံဦးဆောင်သော စုံစမ်းရေးကော်မရှင်က တိုင်းရင်းသားအသီးသီး၏ အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးတွင် ပါဝင်လိုမှုသဘောထားများကို ကောက်ခံခဲ့သည်။ ၎င်းကော်မရှင်က ဒေသစုံသွားရောက်ကာ လူမျိုးစုံကိုတွေ့ဆုံ၍ သဘောထားများ မေးမြန်းကောက်ခံခဲ့ရာ အားလုံးက ပြည်မနှင့် အတူတကွ လွတ်လပ်ရေးရယူလိုကြောင်း ထင်ရှားစွာသက်သေခံ ထွက်ဆိုခဲ့ကြသည်။

ထို့နောက် တိုင်းပြုပြည်ပြု လွှတ်တော်အမတ်ရွေးကောက်ပွဲများကို ၁၉၄၇ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် ကျင်းပခဲ့ပြီး ဇွန်လ ၁၆ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြုပြည်ပြုလွှတ်တော်က ရေးဆွဲရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေပြုရမည့် အချက်ကြီးခုနစ်ချက် ပါဝင်သော ရည်ညွှန်းအဆိုတစ်ရပ်ကို တင်သွင်းခဲ့သည်။ ဇွန်လ ၁၈ ရက်နေ့တွင် အဖွဲ့ဝင် ၇၅ ဦးပါဝင်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကြမ်းရေးဆွဲရေးကော်မတီနှင့် ဆပ်ကော်မတီများကိုဖွဲ့စည်းခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်က ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို စက်တင်ဘာလ ၂၄ ရက်နေ့တွင် အတည်ပြုခဲ့သည်။

ဤနေရာတွင် တွေ့နိုင်သည်မှာ ခက်ခဲနက်နဲလှသော တိုင်းပြည်တည်ဆောက်ရေးဘာသာရပ်ကြီးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလမှ စက်တင်ဘာလအထိ ရှစ်လကျော်မျှသာရှိသော အချိန်တိုအတွင်း ဆောင်ရွက်ခဲ့ကြရသည်ကို တွေ့နိုင်ပေသည်။ (၂၀) ရာစုပင်လုံကာလက လူမျိုးစုံပါဝင်နိုင်ခြင်း မရှိခဲ့ပေ။ ဤသည်မှာလည်း လူမျိုးအားလုံး၏ ဖွံ့ဖြိုးမှုပုံစံ တန်းတူမရှိခဲ့ခြင်းက တစ်ချက်ဖြစ်ကာ၊ အင်္ဂလိပ်တို့၏ သွေးခွဲအုပ်ချုပ်ထားမှု၊ မြှောက်ထိုးပင့်ကော် လုပ်ဆောင်ထားမှုများကြောင့် အချို့က တက်တက်ကြွကြွပါဝင်ခဲ့ပြီး အချို့က ဘေးမှအသာစောင့်ကြည့်ခဲ့ကြခြင်းဖြစ်သည်။

ယခုမူ အခြေအနေများက များစွာပြောင်းလဲသွားပြီဖြစ်သည်။ မြန်မာနိုင်ငံ၏အထင်ကရသတ်မှတ်ထားခဲ့သော လူမျိုးရှစ်မျိုးအပြင် ယခင်က ဖွံ့ဖြိုးမှုနှင့် နိုင်ငံရေးနိုးကြားမှုနည်းပါးခဲ့သော လူမျိုးများကပါ နိုင်ငံရေးပါတီများ တည်ထောင်လှုပ်ရှားလာခဲ့သည့်အပြင် အချို့မှာ လက်နက်ကိုင်တပ်ဖွဲ့များအထိ ရှိလာနေခြင်းဖြစ်သည်။ ထိုသို့ ပြည်တွင်းအခြေအနေပြောင်းလဲခြင်းသာမက နှစ်ပေါင်း ၇၀ ကျော်အတွင်း နိုင်ငံတကာ အခြေအနေများလည်း များစွာပြောင်းလဲခဲ့သည်။ ယခု ကမ္ဘာ့အခြေအနေမှာ ယခင်က ပြည်တွင်းစစ်ဖြစ်ပွားစေခဲ့သော လက်ဝဲ လက်ယာ အတွေးခေါ်နှစ်ရပ်၊ လမ်းစဉ်နှစ်ရပ်တိုက်ပွဲများ မဟုတ်တော့ဘဲ စီးပွားရေးအရ တံခါးဖွင့်မလား၊ မဖွင့်ဘူးလား၊ ဂလိုဘယ်လိုက်ဇေးရှင်းတွင် ပါဝင်ပူးပေါင်းပြီး အကျိုး အမြတ်များ ဖန်တီးယူမလား၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးနှင့် နံရံတံတိုင်းများ ကာရံနေကြမလားဆိုသောခေတ် ဖြစ်လာသည်။

ထို့ကြောင့် (၂၁)ရာစုပင်လုံသည် ပြည်တွင်း ပြည်ပပြောင်းလဲမှုအခြေအနေများနှင့် ကိုက်ညီစွာဖြစ်ပေါ်ရန် လိုအပ်နေပေသည်။ မြန်မာနိုင်ငံရေးစီးပွားရေးသည် ပြည်ပအိမ်နီးချင်းများနှင့်လည်း နီးကပ်စွာဆက်သွယ်နေရာ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များသည်လည်း ရာနှုန်းပြည့် မဟုတ်နိုင်သည့်တိုင်အောင် ပြည်တွင်းတွင် ပါဝင်သင့်သူ၊ နိုင်ငံရေးနိုးကြားလာသည့်လူမျိုးစုများအားလုံး ပါဝင်ရန်လိုအပ်ပြီး အိမ်နီးချင်းနိုင်ငံများ၏ ကူညီထောက်ပံ့မှုများလည်း လိုအပ်နေကြောင်းနှင့် (၂၁) ရာစု ကာလ၏ ထူးခြားမှုများကို ဆုပ်ကိုင်နိုင်ရန် အရေးကြီးပါကြောင်း တင်ပြလိုက်ပါသည်။ ။



## ဒို့လယ်ဝေးပရဟိတလူငယ်များအဖွဲ့က ရေဘေးသင့်ပြည်သူများအတွက် ဖျော်ဖြေရေးယာဉ် လှည့်အလှူခံမည်

**လယ်ဝေး ဩဂုတ် ၁၇**

နေပြည်တော် လယ်ဝေးမြို့နယ် ဒို့လယ်ဝေးပရဟိတလူငယ်များအဖွဲ့က ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်မြို့နယ်များသို့ သွားရောက်လှူဒါန်းနိုင်ရေးအတွက် လယ်ဝေးမြို့နယ်နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များသို့ ဖျော်ဖြေရေးယာဉ်ဖြင့် လှည့်လည်အလှူခံသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဖျော်ဖြေရေးယာဉ်ကို လယ်ဝေးမြို့ Excellent စားသောက်ဆိုင်နှင့် Mount Present Hotel တို့ပူးပေါင်း၍ တေးသံရှင် ထူးအယ်လင်းနှင့်ဖျော်ဖြေရေးအဖွဲ့ဝင်များက ဩဂုတ် ၂၁ ရက်အထိ ဖျော်ဖြေရေးယာဉ်ဖြင့် လှည့်လည်အလှူခံသွားမည်ဖြစ်ပြီး ဩဂုတ် ၂၂ ရက်တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ အမှန်တကယ် လိုအပ်နေသည့် ရေဘေးသင့်မြို့နယ်များမှ ပြည်သူများထံသို့ သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဒို့လယ်ဝေးပရဟိတလူငယ်များအဖွဲ့ဝင် ဦးသက်ပိုင်စိုးထံမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ထင်သာမြင်သာ ပြုပြင်စရာ

## မြေနီလမ်းမကြီးအား ခင်းကျင်းပြုပြင်ပေးရန်လိုအပ်

မွန်ပြည်နယ် ရေးမြို့နယ် အံဒင်ကျေးရွာအုပ်စု သာကရမ်ကျေးရွာမှ အဓိကဆက်သွယ်ဖြတ်သန်းသွားလာနေကြသော မြေနီလမ်းမကြီးအား အံဒင်ငါးမျှားစခန်း၊ နှစ်ကလုပ်၊ ဒူးယား၊ ကူးဂတော့ပလိုင်စိန်၊ နှင်းနူကျေးရွာများမှ ဒေသခံပြည်သူများသည် မိုးရာသီကြောင့် သွားလာရာတွင် အခက်အခဲများဖြင့် တွေ့ကြုံနေရကြောင်း ဒေသခံများကပြောသည် ။

"အဓိကကတော့ ဒီလမ်းက မြေနီလမ်းဖြစ်ပြီး ဗွက်တွေဖြစ်ပေါ်လာလို့ နှစ်စဉ်မိုးရာသီရောက်တိုင်း နေ့စဉ်နဲ့အမျှ ဆိုင်ကယ်တွေ၊ ကားတွေက ဗွက်နစ်မှုနဲ့တွေ့ကြုံရလို့ ကားကို လူအားနဲ့ တွန်းပေးနေရပါတယ်"ဟု ဒေသခံတစ်ဦးကပြောသည်။

အဆိုပါလမ်းသည် ဒေသထွက်ကုန် ကူးသန်းရောင်းဝယ်လုပ်ကိုင်အားကိုးနေရသော အဓိကလမ်းတစ်လမ်းဖြစ်ပြီး ဒေသခံအများအပြားမှာ ဥယျာဉ်ခြံလုပ်ငန်း လယ်ယာနှင့် တစ်ပိုင်တစ်နိုင်ရေလုပ်ငန်းလုပ်ကိုင်နေကြ၍ မြေနီလမ်းမကြီးကို ခင်းကျင်းပြုပြင်ရန် မျှော်လင့်နေကြောင်း သိရသည်။

**နေမျိုးထွဋ် (ရေး)**



## ကွန်ပျူတာ ပညာဒါန သင်တန်းဖွင့်

**တောင်တွင်းကြီး ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တောင်တွင်းကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (W.COM HR DEVELOPMENTAL ORGANIZATION) ကွန်ပျူတာပညာဒါနသင်တန်းကို ဩဂုတ် ၁၇ ရက်က မြို့နယ်သာသနာ့ဗိမာန်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၁၁ ဦး တက်ရောက်ခဲ့ကြပြီး နေ့စဉ် နံနက် ၇ နာရီမှ ည ၉ နာရီအတွင်း တစ်ရက်လျှင် တစ်နာရီ မိမိနှစ်သက်ရာအချိန် ရွေးချယ်တက်ရောက်နိုင်ကြောင်း၊ အဆိုပါသင်တန်းကို နှစ်လကြာမျှသင်ကြားပို့ချသွားမည်ဖြစ်ပြီး Excel, Power Point,PageMaker ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၈၅)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၇-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၂.၅၈ |
| ထိုင်း | တစ်ဘတ် | ၃၄.၁၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၇၅ |
| တရုတ် | တစ်ယွမ် | ၁၇၉.၀၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၆၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာသံရုံး/မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် သံအမတ်ကြီးများအား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် မြန်မာသံရုံး/မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ အခြေစိုက် မြန်မာသံအမတ်ကြီး ဦးအောင်လင်းနှင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ အခြေစိုက် မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးထင်လင်းတို့ကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ တွေ့ဆုံပြီး လိုအပ်သည့် မူဝါဒများကို လမ်းညွှန်မှာကြားသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာသံရုံး/မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် သံအမတ်ကြီးများအား တွေ့ဆုံမှာကြားစဉ်**
(သတင်းစဉ်)

# ရေဘေးနှင့် လေပြင်းတိုက်ခတ်မှုဖြစ်ပွားရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ပေး

**နေပြည်တော် ဩဂုတ် ၁၇**

၂၀၁၆ခုနှစ် ဇူလိုင်လလယ်ခန့်က စတင်ဖြစ်ပွားလျက်ရှိသော ရေကြီးရေလျှံမှုများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၀ ခုတွင် ပြည်သူများအား ဘေးလွတ်ကင်းရာနေရာများသို့ ယာယီပြောင်းရွှေ့နေရာချထားပေးမှုများရှိခဲ့ရာ ဩဂုတ် ၁၇ ရက်အထိ အိမ်ထောင်စု တစ်သိန်းတစ်သောင်းကျော်မှ လူဦးရေလေးသိန်း ခုနစ်သောင်းကျော်ကို ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရပြီး လူရှစ်ဦးသေဆုံးခဲ့သည်။

ယခုအခါ အချို့နေရာများ၌ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် မူလနေရာများသို့ ပြန်လည်ရွှေ့ပြောင်းပေးလျက်ရှိသည်။

ထပ်မံဖြစ်ပွားမှုအနေဖြင့် ကရင်ပြည်နယ် မြဝတီမြို့၌ သောင်းရင်းမြစ်ရေမြင့်တက်လာမှုကြောင့် ဩဂုတ် ၁၆ ရက်က မြဝတီမြို့ရှိ အမှတ်(၂)၊ အမှတ်(၄)၊ အမှတ်(၅)ရပ်ကွက် အနိမ့်ပိုင်းနေရာများသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် အိမ်ထောင်စု ၂၉၀ ခန့်မှ လူဦးရေ ၁၃၄၀ ကျော်ကို ကယ်ဆယ်ရေးစခန်း ငါးခုဖွင့်လှစ်၍ ပြောင်းရွှေ့နေရာချထားပေးသည်။ အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြဝတီခရိုင်ဦးစီးမှူးနှင့် အဖွဲ့က တန်ဖိုးငွေကျပ် ၂၂၈၁၂၀၀ ရှိ ဆန်၊ ငါးသေတ္တာ၊ ရေသန့်ဘူးများနှင့် ရေသန့်ဆေးပြားများ သွားရောက်ထောက်ပံ့ပေးသည်။ ကြာအင်းဆိပ်ကြီးမြို့နယ်၌လည်း အနိမ့်ပိုင်း ရပ်ကွက်များသို့ ရေဝင်ရောက်ခဲ့ရာ ကယ်ဆယ်ရေးစခန်းသုံးခု ဖွင့်လှစ်၍ အိမ်ထောင်စု ၅၅ စုမှ လူဦးရေ ၂၅၄ ဦးအား ယာယီပြောင်းရွှေ့နေရာချထားပေးလျက်ရှိပြီး ထောက်ပံ့ရေးများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များ၌ ဖြစ်ပွားလျက်ရှိသည့် ရေဘေးသင့်ပြည်သူများအတွက် ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၇ ရက်အထိ ဆန်၊ ခေါက်ဆွဲ၊ ရေသန့်၊ ငါးသေတ္တာ၊ ရေသန့်ဆေးပြား၊ ကယ်ဆယ်ရေးပစ္စည်းများ၊ မိုးကာစ၊ ရေမျောပါပျက်စီးသည့် အိမ်များအတွက် ထောက်ပံ့မှု၊ သေဆုံးသူထောက်ပံ့မှုများအတွက် စုစုပေါင်း တန်ဖိုးငွေကျပ် သိန်းပေါင်း ၆၆၇၀ ကျော်ထောက်ပံ့ပေးခဲ့ပြီး ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုများအနေဖြင့် ဩဂုတ် ၁၆ ရက် ည ၈ နာရီခန့်က သာယာဝတီခရိုင် မိုးညိုမြို့နယ် စိန်တိုင်ကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၅ လုံးပြိုလဲပြီး နေအိမ်ငါးလုံး အမိုးလန်ပျက်စီးခဲ့သည်။ အဆိုပါ လေဘေးသင့်မိသားစုများအတွက် ပြည်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက တန်ဖိုးငွေကျပ် ၉၀၉၄၀၀ ရှိ ဆန်နှင့် အိမ်ဆောက်ပစ္စည်းဖိုးငွေများကို မိုးညိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်းထောက်ပံ့ခဲ့ကြောင်း သိရသည်။

ထို့အတူ ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် လေးအိမ်စုကျေးရွာအုပ်စုနှင့် ကွေ့ကြီးကျေးရွာအုပ်စု၊ ဖိုးစိန္ဒာစုကျေးရွာတို့၌ မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၄၂ လုံးပြိုလဲပြီး နေအိမ် ၉၄ လုံး အမိုးလန်ပျက်စီးခဲ့ရာ ထောက်ပံ့ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်နည်းပညာတက္ကသိုလ်ဘာသာရပ်များကို ဆော့ဖ်ဝဲအသုံးချသင်ကြားပေးမည်

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန် နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများအား အင်ဂျင်နီယာဘာသာရပ်များ သင်ကြားရာတွင် ခေတ်မီဆော့ဖ်ဝဲနည်းပညာများအသုံးပြု၍ သင်ကြားပေးနိုင်တော့မည်ဖြစ်ကြောင်း ရန်ကုန်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးမြင့်ကပြောသည်။

"ကျွန်တော်တို့ ရန်ကုန်နည်းပညာတက္ကသိုလ်မှာ အင်ဂျင်နီယာဘာသာရပ် ၁၁ ခုနဲ့ ဗိသုကာဘာသာရပ် ၁၂ ခု ဖွင့်လှစ်သင်ကြားနေပါတယ်။ ဒီဆော့ဖ်ဝဲက အင်ဂျင်နီယာ ဘာသာရပ်အားလုံးနီးပါးအတွက် ကျောင်းသား ကျောင်းသူတွေအနေနဲ့ အဆင့်မြင့်စွာသင်ကြားနိုင်မှာ ဖြစ်တဲ့အပြင် ဘွဲ့လွန်မဟာအင်ဂျင်နီယာဘွဲ့နဲ့ ပါရဂူဘွဲ့ ကျောင်းသားကျောင်းသူတွေအတွက်ပါ အကျိုးရှိစွာ သင်ကြားပေးနိုင်မှာ ဖြစ်ပါတယ်"ဟု ပါမောက္ခချုပ် ဒေါက်တာအေးမြင့်က ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်နည်းပညာတက္ကသိုလ် ယခင်(RIT)၌ ကျင်းပသော အင်တာဂရပ်(ဖ်) ကော်ပိုရေးရှင်း၏ အင်ဂျင်နီယာနည်းပညာနှင့် ဒီဇိုင်းဆော့ဖ်ဝဲများအား ရန်ကုန်နည်းပညာတက္ကသိုလ်သို့ လှူဒါန်းပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ ဆော့ဖ်ဝဲသည် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းရှိကြောင်း၊ ယင်းတန်ဖိုးမှာ ပညာရေးအတွက် ပေးအပ်လှူဒါန်းခြင်းဖြစ်၍ ဒေါ်လာ ၁ ဒသမ ၅ သန်းတန်ဖိုး ရှိသော်လည်း အမှန်တကယ်ဈေးကွက် ပေါက်ဈေးတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ သန်းတန်ဖိုးရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ ကြီးမားတဲ့ စက်မှုလုပ်ငန်းတွေ လာရောက် ရင်းနှီးမြှုပ်နှံမယ့် အနေအထားမှာ ရေနံနဲ့သဘာဝဓာတ်ငွေ့ စီမံကိန်းတွေ၊ ရေကြောင်းနဲ့ ဓာတုဗေဒဆိုင်ရာ စက်ရုံစီမံကိန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ကျောင်းသား ကျောင်းသူတွေ အနေနဲ့ လုပ်ငန်းခွင် မဝင်ရောက်မီကတည်းက သင်ယူထားနိုင်ဖို့ရည်ရွယ်ပြီး လှူဒါန်းတာဖြစ်ပါတယ်" ဟု အင်တာဂရပ်(ဖ်)၏ မိတ်ဖက်ဖြစ်သော မန္တလေးနည်းပညာကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာ ဦးကောင်းစံက ရှင်းပြသည်။

ယင်းဆော့ဖ်ဝဲကို ရန်ကုန်နည်းပညာတက္ကသိုလ်က ရေကြောင်းတက္ကသိုလ်ပြီးနောက် ဒုတိယမြောက်လက်ခံရရှိသည့် တက္ကသိုလ်ဖြစ်ကြောင်း၊ ယင်းဆော့ဖ်ဝဲကို သင်ရိုးညွှန်းတမ်းတွင်လည်း ပေါင်းစပ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း အင်တာဂရပ်(ဖ်) ကော်ပိုရေးရှင်းမှ အသုံးပြုပုံများကို သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ဘွဲ့ကြိုကျောင်းသား ကျောင်းသူ ၁၂၀၀၊ ဘွဲ့လွန်မာစတာနှင့် Ph.D တက်ရောက်နေသူ ကျောင်းသား ကျောင်းသူ ၈၀၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၀၀၀ နီးပါးတက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း၊ နှစ်စဉ် ကျောင်းသား ၁၅၀၊ ကျောင်းသူ ၁၅၀ စုစုပေါင်း ၃၀၀ ခေါ်ယူကြောင်း၊ ဝင်ခွင့်အမှတ်မှာ သတ်မှတ်ချက် မဟုတ်သော်လည်း တက္ကသိုလ် ဝင်တန်းစာမေးပွဲအမှတ် ၄၈၀ နှင့် ၅၀၀ကြားရှိ ကျောင်းသား ကျောင်းသူများဖြစ်ကြောင်း သိရသည်။

ရန်ကုန် နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများအနေဖြင့် ယခုကဲ့သို့ ဆော့ဖ်ဝဲလှူဒါန်းပေးခြင်းကြောင့် ဘာသာရပ်များကို အဆင့်အတန်းမြင့်မားစွာ ဆော့ဖ်ဝဲ အသုံးချသင်ယူလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **မြင့်မောင်စိုး**

# သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်ခြင်း လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သင်တန်းပို့ချ

**သဲကုန်း ဩဂုတ် ၁၇**

မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော သိမ်းဆည်းမြေများအပေါ် ပြန်လည်စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသင်တန်းကို ဩဂုတ် ၁၆ ရက်က သဲကုန်းမြို့ ထွေ/အုပ်ရုံး၌ ကျင်းပသည်။

သင်တန်းတွင် မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက သင်တန်းဖွင့်အမှာစကားနှင့် သိမ်းဆည်းလယ်ယာမြေများအပေါ်စွန့်လွှတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအတွင်းရေးမှူး၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး ဦးပြုံးက လယ်ယာမြေနှင့်အခြားမြေများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီက ချမှတ်ထားသော မူဝါဒလုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာရှယ် အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# အာဆီယံပါလီမန်များ အထွေထွေညီလာခံ ကျင်းပရေးဦးစီးကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၇**

(၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကျင်းပရေး ဦးစီးကော်မတီအစည်းအဝေး (၃/၂၀၁၆) ကို ပြည်ထောင်စုလွှတ်တော်ရုံး၊ အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ညီလာခံကျင်းပရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးဇော်သိန်းနှင့် ဦးစီးကော်မတီအဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးနှင့် ပတ်သက်ပြီး နယူးဇီလန်နိုင်ငံက ပေးအပ်နိုင်သည့်အကူအညီများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် နယူးဇီလန်သံအမတ်ကြီး H.E.SteveMarshall ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိလွှတ်တော် အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (I-5) ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြောင်းလဲရေးဖြစ်စဉ်ကို နယူးဇီလန် နိုင်ငံသားများနှင့် နိုင်ငံတော်အစိုးရက ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ နယူးဇီလန်နိုင်ငံတွင် လူမျိုးစုများအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြပုံ၊ နိုင်ငံရေးပါတီများနှင့် နိုင်ငံတော်အစိုးရ၏ဖွဲ့စည်းပုံများ၊ မြန်မာနိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးနှင့်ပတ်သက်ပြီး နယူးဇီလန်နိုင်ငံက ပေးအပ်နိုင်သည့် အကူအညီများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၅၀၀၀ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၇**

မြန်မာနိုင်ငံတွင် လတ်တလောရေဘေးအန္တရာယ်ကျရောက်လျက်ရှိသော ဒေသများရှိ ရေဘေးသင့်ပြည်သူများအတွက် ကျောက်စိမ်းတူးဖော်ထုတ်လုပ်သူများအဖွဲ့က အလှူငွေကျပ် သိန်း ၅၀၀၀ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁ နာရီခန့်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အလှူငွေပေးအပ်ပွဲတွင် ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၅၀၀၀ ကို ကျောက်စိမ်းတူးဖော်ထုတ်လုပ်သူများအဖွဲ့မှ တာဝန်ရှိသူများက လာရောက်ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ယင်းအလှူငွေကျပ် သိန်း ၅၀၀၀ မှ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့်ပြည်သူများ၏ ရိက္ခာအတွက် ငွေကျပ် သိန်း ၁၀၀၀၊ ကချင်ပြည်နယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ် သိန်း ၁၀၀၀၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကျပ် သိန်း ၅၀၀ နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် သဘာဝဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ် သိန်း ၂၅၀၀ တို့ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွေး**

# ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ အမေရိကန်သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်သည် အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့ မာရှယ်အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-2) ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များတက်ရောက်ခဲ့ကြပြီး ဥပဒေကြမ်းကော်မတီ၏ကဏ္ဍနှင့် လက်ရှိပြဋ္ဌာန်းထားသည့်ဥပဒေဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## မိုးထစ်ချုန်း ရွာမည်

၁၇-၈-၂၀၁၆

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

(မိုး/ဇလ)

# တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများ စတင်ထုတ်ပေး

**ရန်ကုန် ဩဂုတ် ၁၇**

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာနှင့် လမ်းညွှန်စာအုပ်များကို ဩဂုတ် ၁၇ ရက်မှစတင်၍ မြန်မာနိုင်ငံတစ်ဝန်း မြို့နယ်များအတွင်းရှိ သက်ဆိုင်ရာကျောင်းများတွင် ထုတ်ယူနိုင်ပြီဖြစ်ရာ ၂၀၁၆ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများ လာရောက်ထုတ်ယူနေကြပြီဖြစ်သည်။



အဆိုပါလျှောက်လွှာနှင့် လမ်းညွှန်စာအုပ်များကို အချို့ကျောင်းများက ဩဂုတ် ၁၇ ရက်မှ စတင်ထုတ်ပေးနေသော်လည်း တချို့ကျောင်းများကမူ ဩဂုတ် ၁၈ ရက်မှသာ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"အဲဒီလျှောက်လွှာတွေနဲ့ပတ်သက်ပြီး ဩဂုတ် ၁၆ ရက် မွန်းလွဲ ၂ နာရီမှ ဆရာမကြီးတို့ သိရတယ်။ ဒါနဲ့ ကျောင်းသားတွေရဲ့ အမှတ်စာရင်းတွေကို အားချင်းလုပ်ရတယ်။ သူတို့ပေးခိုင်းတဲ့ ၁၇ ရက်နေ့အမီ ပေးနိုင်အောင်ပေါ့။ ဆရာမကြီးတို့ဆီမှာ ဝင်ခွင့် လာထုတ်မယ့် ကျောင်းသား ကျောင်းသူ ၄၀၀ ကျော်လောက်ရှိတယ်"ဟု အထက(၁) တာမွေမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဌေးက ပြောသည်။

အထက(၁) တာမွေတွင် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာနှင့် လမ်းညွှန်စာအုပ် လာရောက်ထုတ်ယူနေသော ကျောင်းသူတစ်ဦးက "သမီးက အထက(၁) တာမွေမှာဖြေဆိုပြီး အောင်မြင်ခဲ့တာပါ။ အမှတ်ကတော့ ၃၇၅ မှတ် ရပါတယ်။ ဘာလျှောက်ရမှန်း မသိသေးဘူး။ ဒီလမ်းညွှန်စာအုပ် ကြည့်ပြီးတော့မှပဲ ဆုံးဖြတ်ရတော့မယ်"ဟု ဝင်ခွင့်လာထုတ်သည့် မထက်ထက်အောင်က ပြောသည်။

တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာထုတ်ယူမည့် ကျောင်းသား ကျောင်းသူများသည် ကျောင်းဖြေများဖြစ်ပါက မိမိတို့ကျောင်းမှ ကျောင်းအုပ်ထောက်ခံချက်ဖြင့်ထုတ်ရမည်ဖြစ်ပြီး ပြင်ပဖြေသူများသည် မှတ်ပုံတင်မူရင်း(သို့မဟုတ်) သန်းခေါင်စာရင်းဖြင့် လာရောက်ထုတ်ယူရမည်ဖြစ်သည်။ ၎င်းဝင်ခွင့်လျှောက်လွှာများကို ဩဂုတ် ၁၇ရက်မှ ၃၁ရက်အတွင်း ကမာရွတ်မြို့နယ်ရှိ အဆင့်မြင့်ပညာဦးစီးဌာန သထုံလမ်းတွင် တင်သွင်းရမည်ဖြစ်သည်။

**မောင်မောင်၊ ဓာတ်ပုံ-ထွန်းအောင်ရှိန်**

## နယ်မြေတိမ်းရှောင်ကျောင်းသားများအတွက် ကျောင်းဆောင် ဆောက်လုပ်ပြီးစီး

**လွယ်ဂျယ် ဩဂုတ် ၁၇**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း တွဲဖက်ဖွင့်လှစ် သင်ကြားနေသည့် နယ်မြေတိမ်းရှောင်ကျောင်းသားများအတွက် လိုအပ်လျက်ရှိသော ကျောင်းဆောင်သစ် ဆောက်လုပ်မှုမှာ ယခုအခါ ပြီးစီးသွားပြီဖြစ်၍ ကျောင်းသားကျောင်းသူများ အေးချမ်းလုံခြုံစွာ ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း သိရသည်။ လွယ်ဂျယ်မြို့ပတ်ဝန်းကျင်ရှိ ကျေးရွာအချို့မှ ကျောင်းသား ကျောင်းသူများသည် တစ်နှစ်ထက်တစ်နှစ် များလာသည့်အတွက် အလျား ပေ ၁၂၀၊ အနံ ၁၈ ပေ၊ အမြင့် ၉ ပေရှိ ကျောင်းဆောင်သစ်တစ်လုံးကို ဗန်းမော်မြို့ကရုဏာလူမှုရေးအဖွဲ့က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ခြေတု၊ လက်တုနှင့် အားပြုကိရိယာနည်းပညာဌာန ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)၌ တိုးချဲ့ဖွင့်လှစ်ထား



ပါမောက္ခချုပ် ဒေါက်တာ ရွှေတိုး
ဆေးဘက်ဆိုင်ရာ
နည်းပညာတက္ကသိုလ်(ရန်ကုန်)

**သတင်း-မင်းသစ် (သတင်းစဉ်)၊ ဓာတ်ပုံ - ဇော်မင်းလတ်**

**ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)၌ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာဌာန၊ ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှု နည်းပညာဌာနများ ဖွင့်လှစ်သင်ကြားပေးခဲ့ရာမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စ၍ ခြေတု၊ လက်တုနှင့် အားပြုကိရိယာ နည်းပညာဌာနကို တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ယခုအခါ တတိယနှစ်ထိ ကျောင်းသား ကျောင်းသူများကို သင်ကြားလျက်ရှိကြောင်း သိရသည်။**



ခင်သီတာမောင်



ရန်ပိုင်ဦး



ရန်ဗနားရာ

"ပထမဆုံး လက်တွေ့ဆင်းရတဲ့နေ့က ခြေတု၊ လက်တုတွေလုပ်ဖို့လွှတွေနဲ့ဖြတ်ရ၊ တူတွေ နဲ့ထုရ၊ ဖောက်စက်တွေနဲ့ အပေါက်တွေဖောက်ရနဲ့ သိပ်မလုပ်နိုင်ကြပါဘူး။ ဒီကိရိယာတွေကိုင်ပြီး လုပ်ရမယ်လို့လည်း ထင်မထားဘူး"ဟု ခြေတု၊လက်တုနှင့် အားပြုကိရိယာ နည်းပညာဌာနတွင် ပထမဆုံး လက်တွေ့ဆင်းခဲ့ရသည့် အတွေ့အကြုံကို ဒုတိယနှစ် ကျောင်းသူ မခင်သီတာမောင်က ပြောသည်။

"ဒီဘာသာရပ်က စာတွေ့ထက် လက်တွေ့ပိုင်းကို ပိုလုပ်ရတယ်။ စာတွေ့က ၃၀ ရာခိုင်နှုန်း၊ လက်တွေ့က ၇၀ ရာခိုင်နှုန်းရှိတယ်။ ပင်တော့ပင်ပန်းတယ်။ ဒါပေမယ့် ကိုယ်လုပ်ပေးလိုက်တဲ့အတွက် မသန်စွမ်းဖြစ်နေတဲ့သူတွေ အဆင်ပြေသွားရင် ဝမ်းသာပီတိဖြစ်ရတယ်။ ဝါသနာလည်းပါတာ ပါတယ်"ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေး စောင့်ရှောက်မှုအတွက် ခြေတု၊ လက်တုများနှင့် အားပြုကိရိယာများကို နိုင်ငံတကာစံချိန်မီပြုလုပ်ပေးနိုင်သည့် အထူးလေ့ကျင့်ပေးထားသော ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ၂၀၁၄ ခုနှစ် ဧပြီလတွင် ယခင်ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် နိပ္ပွန် ဖောင်ဒေးရှင်း၊ Exceed World-wide တို့ ပူးပေါင်းပြီး MoU ရေးထိုးခဲ့သည်။

ခြေတု၊ လက်တုနှင့် အားပြုကိရိယာ နည်းပညာဌာန ဖွင့်လှစ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) ကျောင်းဝင်းအတွင်း မြေနေရာပေးပြီး ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းမှ အဆောက်အအုံနှင့် ခြေတု၊ လက်တုနှင့် အားပြုကိရိယာပစ္စည်းများ ထုတ်လုပ်နိုင်ရန်စက်ပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးကာ ခြေတု၊ လက်တုနှင့် အားပြုကိရိယာနည်းပညာကို နိုင်ငံတကာကျွမ်းကျင်ပညာရှင်များက စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

"လောလောဆယ် ကျောင်းသား ကျောင်းသူတွေက ဒီဘာသာရပ်အပေါ်မှာ စိတ်ဝင်စားမှု နည်းသေးတယ်။ ဒီဘာသာရပ်ကိုယူတဲ့သူသိပ်မရှိသေးဘူး။ဒီဘာသာရပ်ကို လေ့လာဖို့က ဝါသနာလည်းရှိရမယ်။ နောက်ပြီး နိုင်ငံတော်က အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးတယ်။ နိုင်ငံခြားပညာသင်စေလွှတ်တယ် ဆိုတဲ့ မက်ဆေ့ချ်တွေ ကလေးတွေသိလာရင်တော့ အရင်ကထက်ပိုပြီး ဒီဘာသာရပ်အပေါ် စိတ်ဝင်စားလာမှာပါ"ဟု ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)ပါမောက္ခချုပ် ဒေါက်တာ ရွှေတိုးက ပြောသည်။

ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းနှင့် Exceed Worldwide တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံအပြင် လက်ရှိတွင် ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ခြေတု၊ လက်တုနှင့် အားပြုကိရိယာသင်တန်းကျောင်း လေးကျောင်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

"ဒီပညာရပ်က အနုပညာအနေနဲ့ ဒီဇိုင်းတွေ ဖန်တီးလို့ရတယ်။ အင်ဂျင်နီယာအနေနဲ့လည်း အားပြုကိရိယာတွေကို ပိုပြီးကောင်းအောင်လုပ်နိုင်တဲ့ အတတ်ပညာတွေပါသလို ကျန်းမာရေးနဲ့ ပတ်သက်ပြီး မသန်တဲ့သူတွေစွမ်းလာအောင် အကူအညီပေးနိုင်တဲ့ ပညာရပ်ဖြစ်တဲ့အတွက်ကြောင့် ဝါသနာပါတဲ့ ကျောင်းသား ကျောင်းသူတွေ လာတက်စေချင်တယ်"ဟု ခြေတု၊ လက်တုနှင့် အားပြုကိရိယာနည်းပညာဌာနတွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် Exceed Worldwide ကမ္ဘောဒီးယား Trust မှ ဌာနမှူး ရန်ဗနားရာက ပြောသည်။

ခြေတု၊ လက်တုနှင့် အားပြုကိရိယာ နည်းပညာဌာနတွင် သင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဘွဲ့ရရှိသွားပါက နောင်တစ်ချိန်တွင် ဦးဆောင်နိုင်မည့်သူများအဖြစ် အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ခြေတု၊ လက်တုနှင့် အားပြုကိရိယာ နည်းပညာဌာနတွင် တက်ရောက်သင်ယူနေသည့် ကျောင်းသား ကျောင်းသူများအား နိပ္ပွန်ဖောင်ဒေးရှင်း၊ Exceed Worldwide က ကျောင်းသား ကျောင်းသူတစ်ဦးလျှင် ပညာသင်ထောက်ပံ့ကြေးအဖြစ် လစဉ်ဒေါ်လာ ၁၀၀ ထောက်ပံ့ပေးအပ်ပြီး ကျောင်းပြီးသွားပါက ထူးချွန်ကျောင်းသား ကျောင်းသူများကို ကမ္ဘောဒီးယားနိုင်ငံသို့ ဆက်လက်ပညာသင်စေလွှတ်သွားမည် ဖြစ်ကြောင်း သိရသည်။

ခြေတု၊ လက်တုနှင့် အားပြုကိရိယာ နည်းပညာဌာနတွင် တက်ရောက်ပညာသင်ကြားနေသည့် ဒုတိယနှစ် ကျောင်းသား မောင်ရန်နိုင်ဦးက "ခြေတု၊ လက်တုနဲ့ အားပြုကိရိယာပညာရှင်တွေက မြန်မာနိုင်ငံမှာသိပ်မရှိသေးဘူး။ ဒီဘာသာရပ်က ကျောင်းသား ကျောင်းသူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းပိုရနိုင်ပါတယ်" ဟု ပြောသည်။

ခြေတု၊ လက်တုနှင့် အားပြုကိရိယာ နည်းပညာသင်တန်းကို မြန်မာနိုင်ငံတွင် မဖွင့်လှစ်ခင် နိပ္ပွန်ဖောင်ဒေးရှင်းနှင့် Exceed Worldwide တို့ သင်တန်းသားများကို ခေါ်ယူကာ ကမ္ဘောဒီးယားနိုင်ငံသို့ ပညာသင်စေလွှတ်ခဲ့ကြောင်း၊ ယခုအခါ အဆိုပါသင်တန်းသားများသည် မြန်မာနိုင်ငံရှိ ဆေးရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း Exceed Worldwide မှ သိရသည်။

"မြန်မာနိုင်ငံမှာက ခြေတု၊ လက်တုနဲ့ အားပြုကိရိယာပစ္စည်းတွေ တပ်ပေးရမယ့် လူတွေ များတယ်။ အဲဒီအတွက်လည်း ခြေတု၊ လက်တုနဲ့ အားပြုကိရိယာနည်းပညာ ပညာရှင် ၃၀၀ လောက်လိုတယ်။ ဒါကြောင့်မို့ ဒီသင်တန်းကို မြန်မာနိုင်ငံမှာလာပြီးဖွင့်လှစ်ရတာပါ"ဟု Exceed Worldwide ကမ္ဘောဒီးယား Trust မှ ဌာနမှူး ရန်ဗနားရာက ပြောသည်။

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)ရှိ ဘာသာရပ်အသီးသီးတွင် လေ့လာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာတွေ့ပိုင်းတွင်သာမက လက်တွေ့ပိုင်းကိုပါ လေ့လာသင်ယူနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး၊ ကလေးဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး၊ အရိုးရောဂါကုဆေးရုံကြီး၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီးနှင့် အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတို့နှင့် ချိတ်ဆက်ဆောင်ရွက်ထားသည်။

နိပ္ပွန်ဖောင်ဒေးရှင်းနှင့် Exceed Worldwide တို့မှ လေ့လာပြုစုထားသည့်သုတေသန အချက်အလက်များအရ မြန်မာနိုင်ငံတွင် လူဦးရေ သန်း ၅၀ ကျော်ရှိသည့်အနက် လေးရာခိုင်နှုန်းခန့်သည် ခြေတု၊ လက်တုနှင့် အားပြုကိရိယာ နည်းပညာဖြင့် ပြုလုပ်ထားသည့် ကိရိယာများ တပ်ဆင်ရန်လိုအပ်နေကြောင်းသိရသည်။



**ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)** Prosthetic & Orthotic Department **တွင် ဒုတိယနှစ်ကျောင်းသား ကျောင်းသူများ ခြေတု၊ လက်တုနှင့် အားပြုကိရိယာ လက်တွေ့တပ်ဆင်ပြုလုပ်ခြင်း ဘာသာရပ်ကို သင်ကြားနေစဉ်** (သတင်းစဉ်)

# ရွှေ့ပြောင်းအလုပ်သမား ၁၃၂ ဦး တရုတ်နိုင်ငံမှ မြန်မာနိုင်ငံဘက်သို့ပြန်လည်ရောက်ရှိ

**မူဆယ် ဩဂုတ် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်နယ်စပ် ရွှေနန်းတော်ဂိတ်နှင့် တရုတ်နိုင်ငံ ကျယ်ဂေါင်ဂိတ်သို့ ဩဂုတ် ၁၆ ညနေ ၃ နာရီခန့်က တရုတ်နိုင်ငံမှ ဖမ်းဆီးချုပ်နှောင်ထားသော ရွှေ့ပြောင်းမြန်မာနိုင်ငံသား မောင်ရဲမင်းနိုင်ပါ အမျိုးသား ၁၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၁၃၂ ဦး ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၇)(မူဆယ်)နှင့် တရုတ်နိုင်ငံ ရွှေလီနယ်စပ် ကာကွယ်စုံစမ်းစစ်ဆေးရေးဌာနတို့ ညှိနှိုင်းပေါင်းစည်းလုပ်ဆောင်မှုအရ တရုတ်နိုင်ငံရွှေလီ၊ ကျယ်ဂေါင်၊ မန်စီမြို့များ၌ ဆိုင်ကယ်အရောင်းအဝယ်ကုမ္ပဏီများတွင် လည်းကောင်း၊ စီးကရက်စက်ရုံများတွင် လည်းကောင်း၊ သစ်အကြမ်း အချောထုတ်လုပ်ရောင်းချနေသည့် ဆိုင်များတွင် လည်းကောင်း၊ ဖုန်းဆိုင်များတွင် လည်းကောင်း၊ မော်တော်ယာဉ် ရေဆေးဆီလိုက်နေရာများတွင် လည်းကောင်း၊ အနှိပ်ခန်းနှင့် အိမ်ဖော်လုပ်ငန်းများတွင် လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် သွားရောက်လည်ပတ်ခြင်းသော်လည်းကောင်း၊ တရုတ်နိုင်ငံမှ သတ်မှတ်ထားသည့် အထောက်အထားများပြသနိုင်ခြင်းမရှိခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးရခြင်းများကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြန်လည် လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

ပြန်လည် လွှဲပြောင်းပေးရာတွင် မြန်မာနိုင်ငံသား ၁၃၂ ဦးကို တရုတ်နိုင်ငံရွှေလီရဲဌာန၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနခွဲမှူး မစ္စတာလီပင်းက မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ဌာနခွဲ(၇) (မူဆယ်) ရုံးအဖွဲ့ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် မူဆယ်ခရိုင်အဆင့် တာဝန်ရှိသူများနှင့် မြို့နယ်အဆင့်တာဝန်ရှိသူ များက ဩဂုတ် ၁၆ ညနေ ၄ နာရီခွဲခန့်က လွှဲပြောင်းလက်ခံမှုပြီးစီးခဲ့သည်။

ထို့နောက်တာဝန်ရှိသူများက ပညာပေးဟောပြောခဲ့ပြီး ပြန်လည်ရောက်ရှိလာသောမြန်မာနိုင်ငံသား ၁၃၂ ဦးတို့သည် မိမိတို့အစီအစဉ်ဖြင့် နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြသည်။

တရုတ်နိုင်ငံမှ ဖမ်းဆီးချုပ်နှောင်ထားသော မြန်မာနိုင်ငံသားများသည် ရွှေလီမြို့ နိုင်ငံခြားသားများအကူအညီပေးရေးနှင့် အုပ်ချုပ်ရေးစင်တာမှ ထုတ်ပေးသော အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များမပါရှိ၍ တရုတ်နိုင်ငံ ဥပဒေအရ ဖမ်းဆီးချုပ်နှောင်ခံရသူများဖြစ်ကြောင်း၊ ဇွန် ၂၆ ရက်မှ ဩဂုတ် ၁၆ ရက်အထိ (၁၇) ကြိမ်မြောက် လွှဲပြောင်းလက်ခံခဲ့ပြီး စုစုပေါင်း လွှဲပြောင်းလက်ခံသည့် မြန်မာနိုင်ငံသားဦးရေမှာ အမျိုးသား ၇၈၈ ဦး၊ အမျိုးသမီး ၁၄၂ ဦး စုစုပေါင်း ၉၃၀ ရှိကြောင်း၊ တရုတ်နိုင်ငံအတွင်း ဖမ်းဆီးချုပ်နှောင်ခြင်း ခံနေရသော ကျန်ရှိမြန်မာနိုင်ငံသားများကို လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၇)မှ ဌာနခွဲမှူး ဦးစောနိုင်က တရုတ်နိုင်ငံ ရွှေလီရဲဌာနမှူး ရဲမှူးကြီး ကူပင်းထံ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးရန်တောင်းဆိုခဲ့ကြောင်း သိရသည်။



**သတင်း၊ ဓာတ်ပုံ - သန့်ဇင် (မူဆယ်)**

# နံကာလ

## မောင်ခိုင်မာ(အထက်မင်းလှ)

ဝါခေါင်လသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အထွတ်အမြတ်ထားရာ ဝါတွင်းသုံးလ၏ အလယ်ဗဟိုကျသည့် လဖြစ်သည်။ (ဝါ=ဝါကာလ၊ ခေါင်=အလယ်ကောင်) ပုဂံခေတ်ကျောက်စာများတွင် ဝါခေါင်လကို "နံကာလ" ဟု ရေးထိုးထားသည်ကို တွေ့ရ၏။ "ဝါခေါင်လခေါ်ဝေါ်သည်မှာ ရဟန်းသံဃာတော်တို့ ဝါမဆိုမကပ်(ဝါခေါင်)၊ ဝါဝေးသောလဟု ယူရန်ရှိ၏။(သို့သော် ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့၌ ပစ္ဆိမဝါကို ကပ်နိုင်သည်ဟုလည်း ဆိုပါသည်) နံကာလမှာ ရှေးဝေါဟာရ၊ ဝါခေါင်မှာ နောက်ဝေါဟာရဖြစ်သည် ယူရန်ရှိ၏"ဟူ၍ ဝေါဟာရလီနတ္ထဒီပနီတွင် ပြဆိုပါသည်။ "နံကာလ"၏ အဓိပ္ပာယ်မှာ နေမင်းကြီးသည် အလယ်လမ်းမှ အပြင်လမ်းသို့ ထွက်ခွာသောလဟု ဆိုပါသည်။ဆရာကြီးဦးဖိုးလတ်၏ "မြန်မာလအမည်များ" ကျမ်းစာအုပ်တွင် "နံကာလ" ကို (နံ=ကာလ။ ကာ=စိုက်ပျိုးခြင်း)ဟုလည်း ဆိုပါသည်။ ရာသီအလိုအားဖြင့် သိဟ်ရာသီ [လက်တင်ဘာသာအားဖြင့် လီယို (Leo)] ဖြစ်၏။ (သိဟ်ရာသီ၏ အနက်အဓိပ္ပာယ်ကို ခြင်္သေ့တို့ ကြိုက်နှစ်သက်သောရာသီ၊ ခြင်္သေ့အဆင်းနှင့် တူသောရာသီဟူ၍ ရာဇမတ္တဏ်ဗေဒင်ကျမ်းများက ဆိုကြောင်း ဝေါဟာရလီနတ္ထဒီပနီတွင် ပြဆိုပါသည်။ ထို့ကြောင့် ရာသီရုပ်ပုံမှာ ခြင်္သေ့ဖြစ်၏။ "သရဝဏ်" ခေါ် "ဓနသိဋ္ဌိ" နက္ခတ်နှင့် စန်းယှဉ်၍ လပြည့်သောကြောင့် "သာဝဏ"ဟူ၍လည်း ဆိုပါသည်။ ရာသီပန်းမှာ ခတ္တာပန်းဖြစ်၏။ ဝါခေါင်လတွင် ၂၉ ရက်ရှိပြီး နံနက် ၅ နာရီ ၁၂ မိနစ်တွင် နေထွက်ကာ ညနေ ၆ နာရီ ၄၈ မိနစ်တွင် နေဝင်ပါသည်။ နေ့နာရီ ၃၄ နာရီရှိပြီး ညနာရီ ၂၆ နာရီရှိကြောင်း လေ့လာတွေ့ရှိရသည်။ ဝါခေါင်လတွင် ရက်ရာဇာမှာ ဗုဒ္ဓဟူးနှင့် သောကြာဖြစ်ပြီး ပြဿဒါးမှာ ကြာသပတေးနှင့် စနေဖြစ်၏။ ၁၃၇၈ ခုနှစ် ဝါခေါင်လသည် ၂၀၁၆ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့အထိ ဖြစ်သည်။ ဝါခေါင်လ၏ ပွဲတော်မှာ "စာရေးတံမဲပွဲ" ဖြစ်ပြီး ဝါခေါင်လပြည့်နေ့မှာ မေတ္တာအခါတော်နေ့ဖြစ်ပါသည်။

**မေတ္တာအခါတော်နေ့**

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်က ဖြစ်ပါသည်။ နေရာထိုင်ခင်းအခက်အခဲကြောင့် တောအုပ်တစ်ခုအတွင်း တရားအားထုတ်ကြသည့် ရဟန်းတော်အပါး ငါးရာအား တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရုက္ခစိုး အစရှိသည်တို့က ရဟန်းတို့၏ သီလကြောင့် မနေဝံ့တော့ဘဲ မြေပြင်တွင် ဆင်းနေကြရသည်။ ထိုအခါ ၎င်းတို့က အနံ့ဆိုး၊ အသံဆိုးများပေးကာ ရဟန်းတို့အား နှောင့်ယှက်လေ၏။ ထို့ကြောင့် ရဟန်းတို့က မြတ်စွာဘုရားရှင်ထံသို့ သွားရောက်လျှောက်ထားကြရာ ဘုရားရှင်က ထိုတောအုပ်သာလျှင် သင့်လျော်ကြောင်း၊ နေမြဲတောအုပ်သို့ ပြန်သွားကြရန်နှင့် ချစ်ခြင်းမေတ္တာတရားပွားများပြီး နေကြရန်အတွက် "မေတ္တသုတ်ပရိတ်တော်" ကို ချီးမြှင့်လိုက်ပါသည်။ ရဟန်းတို့မှာလည်း မြတ်စွာဘုရားရှင်မိန့်မှာချက်အတိုင်းပင်၊ တောအုပ်ထဲသို့ မဝင်မီကစတင်၍ မေတ္တာသုတ်တော်ကို ရွတ်ဆိုသွားကြသည်။ ထိုအခါ နတ်အပေါင်းတို့သည် ရဟန်းတို့၏ မေတ္တာဓာတ်ကြောင့် ပကတိကြည်လင်ရွှင်ပျသော စိတ်ထားဖြင့် ခရီးဦးကြိုဆိုခြင်း၊ တံမြက်လှည်းခြင်း၊ ကျောင်းသင်္ခမ်းတို့အား သန့်ရှင်းပေးခြင်း၊ ဘေးအန္တရာယ်အသွယ်သွယ်တို့ မကျရောက်စေရန် ကာကွယ်စောင့်ရှောက်ပေးခြင်းအမှုတို့ကို ပြုကြလေ၏။ ထိုအခါမှ ရဟန်းတို့လည်း ဝိပဿနာတရားများကို ကြည်နူးရွှင်ပျစွာ အားထုတ်နိုင်ကြ သဖြင့် အချိန်တိုအတွင်းမှာပင် ရဟန္တာအဖြစ်သို့ တက်လှမ်းနိုင်ခဲ့ကြပါသည်။ မေတ္တာသုတ်တော်ကို စတင်ဟောကြားညွှန်ပြသောကာလမှာဝါခေါင်လဖြစ်သောကြောင့် ဝါခေါင်လပြည့်နေ့ကို "မေတ္တာအခါတော်နေ့" သတ်မှတ်ခြင်းဖြစ်ပေသည်။

**စာရေးတံမဲပွဲ**

မဟာကရုဏာရှင် မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌သီတင်းသုံးနေစဉ်ကာလဝယ်၊ ဝေရဉ္ဇာမြို့သည် အစာရေစာခေါင်းပါး၍ ရဟန်းသံဃာတို့ ဆွမ်းခံရန်ခက်ခဲကြောင်း၊ ယင်းမြို့သို့ဆိုက်ရောက်လာသော မြင်းကုန်သည်တို့ထံ၌ ဆွမ်းအလှူခံရာ တစ်စလယ်စီမျှရှိသော မုယောဆန်ကို အလှူခံရရှိသဖြင့်ကျောင်းအရာမ်သို့ ယူဆောင်ပြီး ဆုံ၌ဖွပ်၍ အာဟာရကို မျှတရကြောင်း၊ ဤကဲ့သို့ ဆွမ်းအခက်အခဲကြောင့် ဆွမ်းအလှူရှင်တို့၏ ဆန္ဒနှင့်အညီ ဆွမ်းအလှူခုနစ်မျိုး (သံဃာဘတ်၊ ဥဒ္ဒေသဘတ်၊ နိမန္တနဘတ်၊ သလာကဘတ်၊ ပက္ခိကဘတ်၊ ဥပေါသထိကဘတ်၊ ပါဒိကဒိကဘတ်)ကို ခွင့်ပြုခဲ့ရာ စာရေးတံမဲချ၍ လှူဒါန်းသော "သလာကဘတ်" ဆွမ်းအလှူပါဝင်ခဲ့ကြောင်း လေ့လာသိရှိပါသည်။ စာရေးတံဆိုသည်မှာ စာအက္ခရာအမှတ်အသားပါသော ဝါးခြမ်းပြား သို့မဟုတ် သစ်သားပြား ဖြစ်သည်။ အလှူရှင်တို့က ဆွမ်းပင့်ဖိတ်သောအခါ မည်သည့်သံဃာကို ဆွမ်းကျွေးရန်ဟု မရစကောင်းသဖြင့် သံဃသမ္မုတိပေးကာ တင်မြှောက်ထားသော ဆွမ်းညွှန်းရဟန်း (ဘတ္တုဒ္ဒေသက) က အဂတိတရားကင်းစွာဖြင့် စာရေးတံဆွမ်းကိစ္စကို စီစဉ်ဆောင်ရွက်ရသည်။ ထိုသို့ဆောင်ရွက်သည့်အခါ ဒကာအမည်ကို ရေးသားထားသည့် သစ်သားပြား၊ ဝါးခြမ်းပြား၊ နှီးပြား၊ ထန်းရွက်၊ ပေရွက်စသည်ကို မဲအဖြစ် အသုံးပြုကာ အိမ်စဉ်အလိုက်မဲနှိုက်စေသည်။ စာရေးတံမဲကျသော သံဃာတော်များသည် မဲကျရောက်သည့်အိမ်သို့ ဆွမ်းစားကြွရောက်ရပေသည်။ နောက်ပိုင်းတွင် အလှူရှင်၏ သဒ္ဓါတရားအလျောက် ပရိက္ခရာရှစ်ပါးအပါအဝင် သံဃာအသုံးအဆောင်များကို ပဒေသာပင်သီး၍ စာရေးတံမဲချလှူဒါန်းကြကြောင်း သိရပါသည်။

စာရေးတံမဲအလှူမှာ ပုဂံခေတ်တွင်ရှိနေပြီဖြစ်ကြောင်းကို ပုဂံ၊ စောလုဝန်းကျောက်စာတွင် အထောက်အထားတွေ့ရသည်ဆို၏။ မဟာရာဇဝင်ကြီးဒုတိယပွဲတွင် ကုန်းဘောင်ခေတ် ဘကြီးတော်မင်းတရား၏ စာရေးတံမဲပွဲကျင်းပပုံကို "ပရိက္ခရာရှစ်ပါးနှင့်တကွ ရဟန်းတို့အသုံးအဆောင်နှင့် စပ်သည်ကို အစေ့အစုံဆွဲ၍ ပဒေသာပင်ရေ ၂၆၀ ကို အတွင်းတော်သို့ ပို့သွင်းပြီးလျှင် အရှင်မိဖုရားခေါင်ကြီးနှင့်တကွ ရေစက်သွန်းချတော်မူ၍ သလာကဘတ်စာရေးတံဆွမ်းလှူတော်မူသည်"ဟု ရေးသားမှတ်တမ်းတင်ထားကြောင်း သိရပါသည်။

**တောင်ပြုံးညီနောင်နတ်ပွဲ**

ဤဝါခေါင်လတွင် မန္တလေး၊ မတ္တရာနယ်၌ နှစ်စဉ်ဝါခေါင်လဆန်း ၈ ရက်မှ ၁၅ ရက်အထိ တောင်ပြုံးဆုတောင်းပြည့်၊ ဆုတောင်းရ ဘုရားပွဲတော်တွင် မင်းကြီး မင်းလေးဟုခေါ်သော ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေး နတ်နှစ်ပါးအား ပျော်တော်ဆက်ပသပွဲကိုကျင်းပကြောင်း၊ လဆန်း ၁၀ ရက်တွင် နတ်ညီလာခံသဘင်၊ ၁၁ ရက်နေ့တွင် ချိုးရေတော်သုံး ပွဲတော်၊ ၁၂ ရက်နေ့တွင် ယုန်ထိုးပွဲ၊ ၁၅ ရက်လပြည့်နေ့တွင် ထိန်ခုတ်ပွဲ၊ လပြည့်ကျော်တစ်ရက်နေ့တွင် ဗုဒ္ဓပူဇနိယဘုရားပွဲအဖြစ် သံဃာတော်များအား ဆွမ်းကြီးလောင်းလှူပွဲ ကျင်းပကြောင်းတို့ကို ဆရာစန်း (မန်းမြို့သစ်)၏ တောင်ပြုံးပွဲတော်ကြီးနီးလာပြီ ဆောင်းပါး (၁၀-၈-၂၀၁၆ နေ့ထုတ် မြန်မာ့အလင်း နေ့စဉ်သတင်းစာ)တွင် ဖတ်ရှုရပါသည်။ သို့သော် ထိုပွဲတော်သည် စာရေးတံမဲပွဲကဲ့သို့ တစ်နိုင်ငံလုံးနှင့် ဆိုင်သော ပွဲတော်မဟုတ်ပေ။


**ဝါဆိုဝါခေါင်ရေဖောင်ဖောင်**

ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဟူသည့်အတိုင်း ယနေ့ကာလဝယ် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် စိုးရိမ်ရေမှတ်ကျော်ကာ ရေများ တိုးရေများလျှံသည့်လ ဖြစ်ပါသည်။ နိုင်ငံအဝန်းရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး ရေဘေးသင့်ပြည်သူ ၃၅၀၀၀၀ ကျော်ရှိကြောင်း၊ သီးနှံစုံရေမြုပ်ဧက ၄၁၆၁၃၅ ဧက၊ ထိခိုက်ဧက ၅၃၁၆၅ ဧက၊ ပျက်စီးဧက ၁၆၇၁၄ ဧကရှိကြောင်း၊ ရေမြုပ်ဧကအများဆုံးမှာ ပဲခူးတိုင်းဒေသကြီးဖြစ်ပြီး ၁၄၀၆၁၄ ဧကရှိကြောင်း၊ ပျက်စီးဧကအများဆုံးမှာ မကွေးတိုင်းဒေသကြီး ဖြစ်ပြီး ၂၀၃၃၈ ဧကဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖတ်ရှုရပါသည်။ အချို့ရေလှောင်တမံများ၊ ဆည်များပင်ကျိုးပေါက်နိုင်သည်ဟု ကောလာဟလ ဖြစ်ရသည်။ နိုင်ငံအဝန်း ခံစားနေကြရသည်ဖြစ်၍ ထိုရေဘေးသင့်ဒေသနှင့် ပြည်သူအချို့အဖို့ ဝါခေါင်လ၏ နှစ်လိုကြည်နူးဖွယ်အလှူဒါနများကို ပြုကြရန် အခြေအနေပေးပါဦးမည်လော။ ကိုယ်ချင်းစာမိပါ၏။

အနှစ်ချုပ်အားဖြင့်ဆိုရပါလျှင် ဝါခေါင်လသည် စာရေးတံအလှူကုသိုလ်ရယူပြီး၊ မေတ္တာတရား နာယူပွားများနိုင်သောလ ဖြစ်သကဲ့သို့ သဘာဝဘေးဒဏ် ဒုက္ခသုခများကိုလည်း ခံစားနိုင်သောလဟု သမုတ်လျှင် လွန်အံ့မထင်ပါကြောင်း။ ။

**မေတ္တာသုတ်တော်ကို ရွတ်ဆိုသွားကြသည်။ ထိုအခါ နတ်အပေါင်းတို့သည် ရဟန်းတို့၏ မေတ္တာဓာတ်ကြောင့် ပကတိကြည်လင်ရွှင်ပျသောစိတ်ထားဖြင့် ခရီးဦးကြိုဆိုခြင်း၊ တံမြက်လှည်းခြင်း၊ ကျောင်းသင်္ခမ်းတို့အား သန့်ရှင်းပေးခြင်း၊ ဘေးအန္တရာယ်အသွယ်သွယ်တို့ မကျရောက်စေရန် ကာကွယ်စောင့်ရှောက်ပေးခြင်းအမှုတို့ကို ပြုကြလေ၏။ မေတ္တာသုတ်တော်ကို စတင်ဟောကြားညွှန်ပြသောကာလမှာ ဝါခေါင်လဖြစ်သောကြောင့် ဝါခေါင်လပြည့်နေ့ကို "မေတ္တာအခါတော်နေ့" သတ်မှတ်ခြင်းဖြစ်ပေသည်**

## ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆ တွင် ပြသခဲ့သော ကာတွန်းအချို့





ငြိမ်းချမ်းရေးကာတွန်းပြပွဲ-၂၀၁၆ တွင် ပြသခဲ့သော ကာတွန်းများမှ ခွင့်ပြုချက်အရ ဖော်ပြခြင်းဖြစ်ပါသည်။

## သာပေါင်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**သာပေါင်း ဩဂုတ် ၁၇**၊ သာပေါင်းမြို့နယ် ရှင်ကြီးပျောက်ကျေးရွာအုပ်စု ကညင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားရှိသော ရေဘေးသင့်ပြည်သူများ ယာယီရေဘေးရှောင်စခန်းသို့ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေယံထွန်းနှင့် ရေဘေးသင့်အိမ်ထောင်စု ၃၁၂ စု၊ ရေဘေးသင့်ပြည်သူ ၁၃၉၉ ဦးအတွက် အိမ်ထောင်တစ်စုလျှင် ငွေကျပ် ၂၀၀၀၀ ကျပ်၊ ဆန်ရှစ်ပြည်၊ ရေသန့်တစ်ကတ်၊ ခေါက်ဆွဲခြောက် တစ်ဖာ၊ ခေတ်မီးတစ်လုံး၊ ဆေးနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းလျှင် ဆန်နှစ်အိတ်၊ ရေသန့်ကတ်၊ အလှူငွေကျပ် ၂၅၀၀၀၊ သင်္ကန်းခြောက်စုံတို့အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**



## လှိုင်သာယာရပ်ကွက်တွင် ရေတွင်းရေခန်းခြောက်၍ သောက်သုံးရေပြတ်လပ်

**ကလေး ဩဂုတ် ၁၇**

ကလေးမြို့အတွင်းရှိ လှိုင်သာယာ၊ ကြို့သုံးပင်၊ တောင်ဖီလာရပ်ကွက်များ၏ အောက်ဘက် လယ်ယာမြေများ ရေသောက်ဆည်ဖြစ်သည့် ခိုင်ကမ်းဆည်သည် ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ယခင်ရက်ပိုင်းအတွင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများရေထဲမျောပါခဲ့ကြောင်း သိရသည်။

အဆိုပါ ရေစီးကြောင်းသည် ဆည်အလယ်ဗဟိုမှ စီးဝင်၍မြောင်းလက်တံမှ စီးဆင်းနေသောရေသည် ရေလယ်ဗယ်အထက် ခုနစ်ပေခန့်မြင့်ကျန်နေခဲ့ရာ တောင်သူများ လယ်ယာရေ မရရှိသည့်အပြင် လှိုင်သာယာရပ်ကွက်နေ ပြည်သူများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ အပြင်အဆောင်နေ ကျောင်းသား ကျောင်းသူများအားလုံး မြေအောက်ရေတွင်း ရေခန်းခြောက်ခြင်း ပြဿနာများဖြင့် ရင်ဆိုင်နေကြရသည်။

ယခုအချိန်တွင် ရေကြောင်းပြောင်းလဲလာခြင်းကြောင့် သောက်သုံးရေအတွက် ချောင်းရေများ ပုံမှန်စီးဆင်းနိုင်ရေး ကိုယ့်အားကိုယ်ကိုးဖြင့် ရပ်ရွာပြည်သူများ စုပေါင်း၍ ချောင်းရေပြန်လည်စီးဆင်းလာရန် ပြုလုပ်ဆောင်ရွက်နေကြပြီး သက်ဆိုင်ရာဌာနတာဝန်ရှိသူတို့က ရပ်ကွက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**

# ရဲတပ်ဖွဲ့အနေဖြင့် မှုခင်းကျဆင်းရေးကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး တပ်ဖွဲ့ဝင်များ ဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ရေးကိုလည်း အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

**မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် လက်ရှိ ဖွဲ့စည်းပုံခွင့်ပြုအင်အား၏ ၄၆ ဒသမ ၂၅ ရာခိုင်နှုန်းသာခန့်ထားနိုင်ပြီး နိုင်ငံတကာ စံနှုန်းများအရ ရဲနှင့် ပြည်သူအချိုးမှာ ၁ အချိုး ၄၀၀ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးကို အဓိကဆောင်ရွက်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့များ၏ ရဲနှင့် ပြည်သူ အချိုးမှာ ၁ အချိုး ၁၁၉၁ ဦး ဖြစ်ပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြောကြားသည်။**

ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် တင်သွင်းသည့် **အစိုးရသစ်၏ လုပ်ငန်းစဉ်တွင် ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတော်တည်ဆောက်ရေး တို့အတွက် အဟန့်အတားအနှောင့်အယှက်ဖြစ်နေသောကြောင့် မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက ထိုသို့ ရှင်းလင်းပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ၊ မှုခင်းကျဆင်းရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့များ၊ ရဲစခန်း၊ ရဲကင်းများမှ အဓိကဆောင်ရွက်လျက်ရှိပြီး တပ်ရင်း/တပ်ဖွဲ့များအနေဖြင့်လည်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို မိမိတို့ကျရာကဏ္ဍမှ တာဝန်ယူဆောင်ရွက်လျက်ရှိနေပါကြောင်း။

မှုခင်းအများဆုံး ဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ရဲနှင့် ပြည်သူအချိုးမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၁ အချိုး ၁၂၄၁၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁ အချိုး ၁၃၀၈၊ ပဲခူးတိုင်းဒေသကြီးတွင် ၁ အချိုး ၉၃၄၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁ အချိုး ၁၅၄၉၊ မန္တလေးတိုင်းဒေသကြီးတွင် ၁ အချိုး ၁၃၁၇ တို့ဖြစ်ကြောင်း တွေ့ရှိရသဖြင့် မှုခင်းဖြစ်ပွားမှုများသည် တိုင်းဒေသကြီးများတွင် လူဦးရေသိပ်သည်းပြီး ရဲတပ်ဖွဲ့ဝင်အင်အား နည်းပါးမှုသည် မှုခင်းများ ပိုမိုဖြစ်ပွားရသည့် အကြောင်းရင်းတွင် အချက်တစ်ချက်အဖြစ် ပါဝင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

ထို့ပြင် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ကာကွယ်မှု ၁၁ မျိုးအား ဖော်ထုတ်ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်မှုတွင် ၂၀၁၃ ခုနှစ်၌ ၂၀၀၅၂ မှု ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁၅ ရက်အထိ ၅၆၄၈၂ မှု အသီးသီးဖော်ထုတ်အရေးယူခဲ့ပါကြောင်း၊ မှုခင်းကျဆင်းရေးနှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ်မှစ၍ စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

မှုခင်းကျဆင်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုမှ အကူအညီ တောင်းခံမှုများအပေါ် လျင်မြန်စွာ တုံ့ပြန်အကူအညီပေးနိုင်ရေး၊ ရန်ကုန်မြို့တွင် 199 Call Center



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး

တပ်ဆင်အသုံးပြုလျက်ရှိပြီး မန္တလေးမြို့တွင် တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ 199 Hot Line စနစ်တပ်ဆင်ထားသော တယ်လီဖုန်းများကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ မြို့နယ် ၁၈၁ မြို့နယ်ရှိ မြို့မရဲစခန်းများတွင် တပ်ဆင်ထားပြီး ပြည်သူလူထု၏ အကူအညီ တောင်းခံလာမှုများကို အလျင်အမြန် တုံ့ပြန်ကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်သူလူထုကို မှုခင်းပိုင်းဆိုင်ရာများ ဆွေးနွေးဟောပြောခဲ့သည်သာမက ဥပဒေ ပညာရှင်များ၊ ရဲတပ်ဖွဲ့လုပ်ငန်းပိုင်းနှင့် ကဏ္ဍအလိုက် ဆက်နွှယ်မှုရှိသည့် ဌာနဆိုင်ရာများကို ဖိတ်ကြား၍ ဥပဒေအသိပညာပေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ဒုတိယဝန်ကြီးက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ ဗဟိုကော်မတီနှင့် အဆင့်ဆင့်သော မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကော်မတီများ ဖွဲ့စည်းပြီး စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မှုခင်းကျဆင်းရေးကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး တပ်ဖွဲ့ဝင်များ ဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်ရေးကိုလည်း အထူးအလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ တပ်ဖွဲ့ဝင်များ၏ ဥပဒေဖောက်ဖျက်မှုများကိုလည်း ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

မှုခင်းများ ကျဆင်းရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် စီမံချက်ချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ လိုအပ်သည့် ဥပဒေပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ လိုအပ်သည့် တပ်ဖွဲ့ဝင်အင်အားတိုးမြှင့်ဖွဲ့စည်းခြင်းနှင့် တပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြင့်မားရေး အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် တိုးတက်ပြောင်းလဲလာသည့် မှုခင်းကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာအယူအဆများကို အခြေခံ၍ နိုင်ငံတော်အစိုးရ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးတို့က ဆွေးနွေးခဲ့ကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ **ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး တစ်ကေအထွက်နှုန်း မြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့် အစီအမံများအား ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍** လွှတ်တော်ကိုယ်စားလှယ် ငါးဦးတို့က ဆွေးနွေးကြသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦးက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေတောင်သူများ လူနေမှုဘဝမြင့်မားရေးအတွက် နိုင်ငံတော်မှ ဖြည့်ဆည်းပေးသင့်သည့် အချက်မှာ လုံလောက်သော နှစ်ရှည်ချေးငွေရရှိရေးဖြစ်ကြောင်း။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေတောင်သူများကို စိုက်ပျိုးရေး အသိပညာ၊ ဗဟုသုတနှင့် နည်းပညာများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန် ဗဟုသုတနှင့် နည်းပညာများ ပံ့ပိုးပေးရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင်က စိုက်ပျိုးရေးကဏ္ဍကို ဝန်ဆောင်မှုပေးနေသည့် မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်မှု ဘဏ်သည် ချေးငွေဝန်ဆောင်မှု ရယူကြသူများ၏ လိုအပ်ချက်များကို ပြည့်ပြည့်ဝဝ ဝန်ဆောင်မှုပေးနိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေများ လုံလောက်စွာပေးနိုင်သည့် ဘဏ်ဖြစ်ရန်လိုအပ်ကြောင်း၊ ချေးငွေထုတ်ချေးခြင်းပုံစံကို ရေရှည်အကျိုးဖြစ်ထွန်းရန် ဆောင်ရွက်ရမည်ဖြစ်ပြီး အမှန်တကယ် တောင်သူများ အကျိုးရှိစေမည့်ပုံစံဖြစ်ရန် ချေးငွေသက်တမ်း ပမာဏနှင့် ချေးငွေအမျိုးအစားတို့ကို ပြန်လည်စဉ်းစားရမည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် အခြားရင်းနှီးမြှုပ်နှံမှု ကွင်းဆက်များအတွက် လိုအပ်သည့် ငွေထုတ်ချေးခြင်းများ ဖြစ်လာအောင် ဆက်လက်တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း၊ တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာ့လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ် အပြင် ချေးငွေဝန်ဆောင်မှု ဈေးကွက်ဖြစ်ထွန်းရေးကို အခြားနည်းလမ်းဖြင့်လည်း ဖန်တီး ဖြည့်ဆည်းပေးသင့်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ အဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# ဝေးလံခက်ခဲဒေသများတွင် တက္ကသိုလ်ဝင်တန်းအောင်များနှင့် အလယ်တန်းအဆင့်ရှိသူများကို နေ့စားယာယီ ဆရာ ဆရာမများအဖြစ် ခန့်အပ်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

**ပြင်ပ ဆရာ ဆရာမများ ခေါ်ယူရာတွင် ဝေးလံခက်ခဲသောဒေသများတွင် ဘွဲ့ရ လျှောက်ထားသူမရှိပါက ဒေသခံတက္ကသိုလ်ဝင်တန်းအောင်မြင်သူ အသက် ၁၈ နှစ် ပြည့်ပြီးသူများနှင့် အသက် ၂၅ နှစ်အောက် ရှိသူများကို စာချုပ်ဖြင့် နေ့စားယာယီခန့်ထားပြီး ဘွဲ့ရပြီးပါက အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားသည်။**

ထို့ပြင် ဝေးလံခက်ခဲသောဒေသများတွင် ဘွဲ့ရနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး လျှောက်ထားသူမရှိပါက ဒေသခံ အခြေခံပညာအလယ်တန်းအဆင့် ပြီးမြောက်သူ အသက် ၁၈ နှစ် ပြည့်ပြီးသူများနှင့် အသက် ၂၅ နှစ်အောက်ရှိသူများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ နေ့စားယာယီခန့်အပ်ပါကြောင်း ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **"ချင်းပြည်နယ်တွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီးအပါအဝင် ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခန့်ခြင်းများကို နွေရာသီကျောင်းပိတ်ချိန်တွင် ပြုလုပ်ပြီး နှစ်စဉ်မေလ ၂၅ ရက်နေ့တွင် အလုပ်ဝင်ရောက်နိုင်ရန် ပြုလုပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများကို အခြေခံပညာဦးစီးဌာနတွင် ဆရာ ဆရာမများအဖြစ် ခေါ်ယူရန်အတွက် စဉ်းစားပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခန့်ထားခြင်း လုပ်ငန်းများကို နှစ်စဉ် မေလတွင် ဆောင်ရွက်ပြီး အလယ်တန်းကျောင်းအုပ်နှင့် အထက်ရာထူးများကို အခြေခံပညာဦးစီးဌာန ရုံးချုပ်မှလည်းကောင်း၊ အထက်တန်းပြရာထူးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးမှလည်းကောင်း၊ အလယ်တန်းပြရာထူးများကို ခရိုင်ပညာရေးမှူးရုံးများမှ လည်းကောင်း၊ မူလတန်းပြရာထူးများကို မြို့နယ်ပညာရေးမှူးရုံးများမှ လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ထောက်ညွှန်ကြားရေးမှူးနှင့် အထက်ရာထူးများကို ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြပြီး ခွင့်ပြုချက်ရယူ ဆောင်ရွက်ရသောကြောင့် လည်းကောင်း၊ ရာထူးတိုး ကိစ္စများနှင့်ပတ်သက်၍ ဦးစီးအရာရှိ ရာထူးတူများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ တင်ပြအတည်ပြုချက် ရယူရသောကြောင့်လည်းကောင်း အချိန်အနည်းငယ် နောက်ကျရခြင်းဖြစ်ပါကြောင်း၊ လာမည့် ပညာသင်နှစ်မှစ၍ ကျောင်းဖွင့်ချိန်အမီ အလုပ်ဝင်ရောက်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ **"ချင်းပြည် နယ် ပလက်ဝမြို့နယ်အတွင်း အခြေခံပညာ မူလတန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ)များ မရရှိသေးသော ကျေးရွာများတွင် ကျောင်းများ အမြန်ဆုံးဖွင့်လှစ်ပေးရန်နှင့် ဆရာ ဆရာမများ လစ်လပ်နေသော ကျောင်းများတွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း အချိန်မီချထားပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် အခြေခံပညာ အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) သုံးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း သုံးကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ၃၇ ကျောင်း၊



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ မျိုးသိမ်းကြီး

အခြေခံပညာမူလတန်းလွန်ကျောင်း ၂၃ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၅၁ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ၇၄ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၂၉၈ ကျောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရှစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၃ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ၂၇ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၄၉ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပလက်ဝမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် နေ့စားလပေး ဆရာ ဆရာမ ၃၂၅ ဦးကို ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဖြည့်ဆည်းခန့်ထားပေးခဲ့ကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်း၏ **"တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ ဖျက်သိမ်းပြီးနောက်ပိုင်းတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှနေ၍ တရားမဝင်သွင်းကုန်များကို ပိုမိုတင်သွင်းလာကြခြင်းနှင့် ပြည်တွင်းမှ အဖိုးတန်ထွက်ကုန်များကို ပိုမိုပို့ဆောင်နေကြခြင်းများကို တားဆီးထိန်းချုပ်အရေးယူနိုင်ရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က လက်ရှိအချိန်တွင် နယ်စပ်ဒေသများ၌ တရားမဝင်ကုန်ပစ္စည်းဝင်ရောက်မှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ဒေသတွင်း သီးခြားအဖွဲ့ဖွဲ့စည်း၍ တားဆီးဆောင်ရွက်မှုများ ဆောင်ရွက်လျက် ရှိပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနမှလည်း ကုန်သွယ်မှုလမ်းကြောင်းများ တစ်လျှောက် တရားမဝင် ကုန်စည်သယ်ဆောင်မှုများ တားဆီးရေးကို ရေရှည်နှင့်ကာလတိုလုပ်ငန်းစဉ် နှစ်ရပ်ချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီကို တရားဝင်ဖျက်သိမ်းပြီးနောက်ပိုင်းတွင် အကောက်ခွန်ဦးစီးဌာနသည် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ် နယ်စပ်ဝင်ပေါက်အကောက်ခွန်စခန်းများကို ရှောင်ကွင်း၍ တရားမဝင် ကုန်စည်စီးဆင်းမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် တားဆီးထိန်းချုပ်နိုင်မည့်လုပ်ငန်းစီမံချက်ပြုစုပြီး တရားမဝင် ကုန်ပစ္စည်းများ တင်သွင်း၊ တင်ပို့သယ်ဆောင်မှုများကို ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပူးပေါင်း၍ တားဆီးထိန်းချုပ် ဆောင်ရွက်လျက်ရှိကြောင်း။

ဝန်ကြီးဌာနအနေဖြင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး လုပ်ငန်းများ ရပ်ဆိုင်းခဲ့ပြီးနောက်ပိုင်း ပင်မလုပ်ငန်းတာဝန်များဖြစ်သော ကုန်သွယ်မှုတိုးမြှင့်ရေး၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုဖြေလျှော့ဆောင်ရွက်ရေး၊ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေး၊ ကုန်သွယ်မှုပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကုန်သွယ်ရေးစခန်း နယ်မြေများတွင် တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်၍ သတင်းစုံစမ်းရယူခြင်း၊ သက်ဆိုင်ရာဌာနများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများထံ သတင်းပေးပို့ပြီး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုန်သည်လုပ်ငန်းရှင်များ အပိုင်းမှလည်း တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော သြဂုတ် ၉ ရက်မှ ၁၅ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၁ | ဘီဇက်ဇော်လီ (ကချင်ပြည်နယ်) | ဆရာစံတိုးကို ဘုရားဖော်ပြတဲ့ ကယ်တင်ခြင်းနှင့် ဗတ္တိဇံ | ၁၅၀၀/- | ပန်းလက်ဆောင်စာပေ |
| ၃၂ | သီပေါကိုလတ် | ပါရမီခရီးလမ်းမှ မိုင်းဖုန်းဆရာတော်နှင့် လောကခံတရား | ၃၀၀၀/- | ရှင်မတောင်စာပေ |
| ၃၃ | သောင်းထိုက် | စစ်သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံးဂန္ထဝင်တိုက်ပွဲများ | ၁၅၀၀/- | ရတနာပုံစာပေ |
| ၃၄ | ဖိုးကျော့ | ဆတ်ရေချပွဲနှင့်အခြားမြန်မာမှုဆိုးဝတ္ထုတိုများ | ၂၀၀၀/- | ရန်အောင် ၂ စာပေ |
| ၃၅ | ကျော်ဌေး | နိုင်ငံတကာငွေကြေးဈေးကစားခြင်း | ၃၅၀၀/- | ကိုကျော်ဌေးစာပေ |
| ၃၆ | တက္ကသိုလ်သျှင်သီရိ | အညတရအမျိုးသားတို့၏ ကုသိုလ်ဆောင်ရာမြတ်ချမ်းသာ | ၅၀၀/- | တကူးကူးစာပေ |
| ၃၇ | ကျော်နေမင်း(မြို့ပြ) | Taxi ပေါ်မှ Sexyများ | ၂၀၀၀/- | လွတ်လပ်အမြင်စာပေ |
| ၃၈ | ရဲကျော်မြင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတဦးထင်ကျော် ရက်(၁၀၀)ဒိုင်ယာရီ | ၁၅၀၀/- | အိပ်မက်သစ်စာပေ |
| ၃၉ | ရဲကျော်မြင့် | ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရက်(၁၀၀) ဒိုင်ယာရီ | ၁၅၀၀/- | အိပ်မက်သစ်စာပေ |
| ၄၀ | မိုးကျော်စိုး(မကွေး) | မကွေးမိုးနှင့် အခြားဝတ္ထုတိုများ | ၁၅၀၀/- | ကောင်းဆုသာစာပေ |
| ၄၁ | ကလောင်စုံ | ဟန်ရေးပြကြလေခြင်းအပါအဝင် အကျဉ်းထောင်သုတရသဝတ္ထုတိုများ | ၁၈၀၀/- | စိတ်ကူးသစ်စာပေ |
| ၄၂ | လူပန်ငယ် | သုည၏အခမ်းအနား | ၃၀၀၀/- | လူပန်စာပေ |
| ၄၃ | ကလောင်စုံ | စိုက်ပျိုးရေးရာအကြံပြုချက်များ | ၃၅၀၀/- | The Farmer စာပေ |
| ၄၄ | မန်းအောင်ပြည်စိုး | ကရင့်ရေးရာအဖြာဖြာ(တိုင်းရင်းသားများအထူးလေ့လာဖတ်ရှုသင့်သော ထိပ်တန်းနိုင်ငံရေးနှင့်လူမှုရေးဆောင်းပါးများ) | ၃၀၀၀/- | ဓမ္မသံတော်ဆင့်စာပေ |
| ၄၅ | ထူးအိမ်သင် | ထူးအိမ်သင်သီချင်းပေါင်းချုပ် | ၅၅၀၀/- | စိတ်ကူးချိုချို |
| ၄၆ | ဆုပြည့်စုံထွန်းစာပေ | DONALD DUCK ပါဝင်သော Walt Disney ကာတွန်းပုံပြင်များ | ၂၀၀၀/- | ဆုပြည့်စုံထွန်း |
| ၄၇ | ဆုပြည့်စုံထွန်းစာပေ | TOY STORY ပါဝင်သော Walt Disneyကာတွန်းပုံပြင်များ | ၂၀၀၀/- | ဆုပြည့်စုံထွန်း |
| ၄၈ | ဆုပြည့်စုံထွန်းစာပေ | DUMBO ပါဝင်သောWalt Disney ကာတွန်းပုံပြင်များ | ၂၀၀၀/- | ဆုပြည့်စုံထွန်း |
| ၄၉ | ဒဂုန်ရွှေမျှား | ကြိုးစင်ပေါ်မှဖြောင့်ချက် | ၂၀၀၀/- | ဆုပြည့်စုံထွန်း |
| ၅၀ | ဒဂုန်ရွှေမျှား | ထူးဆန်းသောအိပ်မက်နှင့် ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ | ၂၀၀၀/- | ဆုပြည့်စုံထွန်း |
| ၅၁ | ဒဂုန်ရွှေမျှား | ကျွန်မင်းသား | ၂၀၀၀/- | ဆုပြည့်စုံထွန်း |
| ၅၂ | ဒဂုန်ရွှေမျှား | ဘဝမုန်တိုင်း နှင်းမုန်တိုင်း | ၂၀၀၀/- | ဆုပြည့်စုံထွန်း |
| ၅၃ | ဒဂုန်ရွှေမျှား | မရဏမျက်နှာဖုံးနှင့် အခြားဝတ္ထုတိုများ | ၂၀၀၀/- | ဆုပြည့်စုံထွန်း |
| ၅၄ | သူရထိုက် | လေ့လာသင့်သည့် အင်္ဂလိပ်စာ | ၁၅၀၀/- | ယဉ်မျိုးစာပေ |
| ၅၅ | စေတန် | ကဝေနဲ့ တစ္ဆေ | ၁၅၀၀/- | ဆဌမအာရုံစာပေ |
| ၅၆ | ဂျူနီယာဝင်း | ပျော်ဖို့အတွက်သာ စာဖတ်ပါ ၂ | ၂၀၀၀/- | လင်းလွန်းခင်စာပေ |
| ၅၇ | ဆုပြည့်စုံထွန်း | မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ဝနဝါသီဘဒ္ဒန္တဥေယျဓမ္မသာမိထေရ် | ၂၀၀၀/- | ဆုပြည့်စုံထွန်းစာပေ |
| ၅၈ | ဦးမောင်မောင်(မော်ကျွန်း) | စီးပွားရေးလုပ်ငန်းသုံးအစုစပ်လုပ်ငန်းအက်ဥပဒေ | ၃၀၀၀/- | Wisdom House |
| ၅၉ | တင်ရွှေစာပေ | လူလူချင်းစာနာထောက်ထားသူများ | ၂၅၀၀/- | တင်ရွှေစာပေ |
| ၆၀ | ဦးဘုန်း(ဓာတု)မန္တလေး | သော့(လူငယ်အတွေ့ရသစာစုများ) | ၂၀၀၀/- | လင်းလွန်းခင်စာပေ |
| ၆၁ | နေဦးဝေ | ဂန္ထဝင်မင်းမဲ့မော်ဒန်မင်းမဲ့ | ၂၀၀၀/- | နှင်းဆီနီစာပေတိုက် |
| ၆၂ | မြင့်သိန်းအောင် | အမေရိကားမှာနေကြသည်နှင့် အခြားဆောင်းပါးများ | ၂၀၀၀/- | နှင်းဆီနီစာပေတိုက် |
| ၆၃ | သခင်ကိုယ်တော်မှိုင်း | လေးချိုးပေါင်းချုပ်(ဒုတိယတွဲ)နှင့် တေးထပ်များ | ၂၅၀၀/- | စိတ်ကူးချိုချို |
| ၆၄ | ခရမ်းပြာတက်လူ | Sorry | ၆၀၀၀/- | စိတ်ကူးချိုချို |
| ၆၅ | နုနုရည်အင်းဝ | ထဘီလေးတစ်ထည် | ၃၀၀၀/- | စိတ်ကူးချိုချို |
| ၆၆ | ဆိုဖီယာ | ဆိုဖီယာလက်ရာ(မြန်မာမုန့်နှင့် အာရှအစားအစာအချို့ပွဲ) | ၅၀၀၀/- | Synergy |
| ၆၇ | နှင်းဝေငြိမ်း | သူတို့ကြိုက်သောဝတ္ထုချိုချိုများ | ၄၃၀၀/- | စိတ်ကူးချိုချို |
| ၆၈ | သုကိုကို(ကျုံမငေး) | လေးမြတ်ကြည်ညိုရှေးစာဆိုကဗျာများ | ၁၅၀၀/- | နိုင်ငံဂုဏ်ရည် |
| ၆၉ | ကျော်မောင်မောင် | ၂၀၁၃ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ | ၅၀၀၀/- | ယဉ်မျိုး |
| ၇၀ | သစ်ထွန်း(မြစ်ကြီးနား) | ဒါတို့ပြည် ဒါတို့မြေ တို့ပိုင်နက်ရောဝတီ | ၁၅၀၀/- | ခေတ်ပြတိုက် |
| ၇၁ | စိုင်းကောင်းစံ | စောမွန်လုကိုချစ်တဲ့သူ | ၁၅၀၀/- | ပူတူတူးလေး |
| ၇၂ | ကိုဝမ်း | နိုင်ငံရေးလိပ်ပြာသန့်ရဲ့လား | ၁၅၀၀/- | ဗညား |
| ၇၃ | ကိုဝမ်း | ပြည်သူ့ခေါင်းဆောင်ဟူသည် | ၁၅၀၀/- | မိတ်ဆွေ |
| ၇၄ | ကိုဝမ်း | မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နည်းဥပဒေ | ၁၅၀၀/- | မိတ်ဆွေ |
| ၇၅ | သရဝဏ်(ပြည်) | ဗိုလ်ချုပ်အောင်ဆန်းဒုတိယအကြိမ်လုပ်ကြံခံရခြင်းနှင့် လက်ရွေးစင်ဆောင်းပါးများ | ၂၀၀၀/- | ၇၇၇၇စာပေ |
| ၇၆ | မိုးအောင်လေး | မြန်မာစာပေဖွံ့ဖြိုးရေးအထောက်အကူပြုစာတမ်းများ | ၂၀၀၀/- | ဓူဝံစာပေ |
| ၇၇ | ဒေါက်တာမေမွန် | အာသာနဲ့သူ့မေမေ | ၁၅၀၀/- | Favorite Books Publishing House |
| ၇၈ | ဒေါက်တာဖေဇော်ဦး | စိတ်ဝင်စားစရာ တိရစ္ဆာန်ကမ္ဘာ | ၂၀၀၀/- | Favorite Books Publishing House |

# စက်တင်ဘာလအတွက် Renaissance Myanmar မဂ္ဂဇင်းထွက်ရှိ

**နေပြည်တော် သြဂုတ် ၁၇**

စက်တင်ဘာလအတွက် Renaissance Myanmar မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းမဂ္ဂဇင်းတွင် မှူးဇော်၏ ပြည်ထောင်စုအတွက် မျှော်လင့်ချက် (၂၁)ရာစု ပင်လုံညီလာခံ၊ ဆောင်းပါးရှင် ခင်ဇော်ဦး၏ (၂၁)ရာစုပင်လုံ (သို့မဟုတ်) ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း၊ ကိုကိုလှိုင်၏ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြေရှင်းရေး၊ အင်အားနိုင်ငံရေးနှင့် ပထဝီနိုင်ငံရေးအမြင်မှ လေ့လာချက်၊ မင်းဇင်၏ ငြိမ်းချမ်းရေး ခရီးဝေးခြင်း၊ နီးခြင်း အကြောင်းရင်းများ၊ ဝင်းဖေမောင်၏ (၂၁)ရာစုပင်လုံ (သို့မဟုတ်) လာရီဂျာဂင်နှင့် အင်တာဗျူးတို့အပါအဝင် ဦးရဲထွန်း၊ မျိုးမင်း




(မကျည်းလဟာ)၊ အောင်မိုးဝင်း၊ ကိုရဲ(High Fly)၊ အောင်သူငြိမ်း၊ အောင်နိုင်ဦးတို့၏ (၂၁) ရာစုပင်လုံနှင့် ပတ်သက်သည့်အမြင်များ၊ သုံးသပ်ချက် ဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

မဂ္ဂဇင်းကို မတူကွဲပြား ရှုထောင့်ပေါင်းစုံ အမြင်သဘောထားများကို စုစည်းတင်ပြခြင်းဖြင့် နိုင်ငံတည်ဆောက်ရေးကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေရန်ရည်ရွယ်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ စီးပွားရေးထွန်းသစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသစ် တစ်ခေတ်ဆန်းရေးဟူသည့် မဂ္ဂဇင်း၏ မူဝါဒဖြင့် ထုတ်ဝေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါမဂ္ဂဇင်းကို စာပေနန်းတော် စာအုပ်တိုက်က တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရေလှောင်တမံကြီးများနှင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် သြဂုတ် ၁၇**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၄ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | နေရာ/ဒေသ | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု(ပေ) |
|---|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ကရင်- လှိုင်းဘွဲမြို့ | ၂၈၄၇၄ | ၁.၃၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ချင်း- ဖလမ်းမြို့ | ၁၉၅၄ | ၁.၀၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | စစ်ကိုင်း- ကလေးမြို့ | ၅၂၀၀၀ | ၂.၂၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ပဲခူး-အုတ်တွင်းမြို့ | ၂၃၅၀ | ၀.၃၀' |
| ၅။ | ဘောနီရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၃၅၂၀၀ | ၀.၅၀' |
| ၆။ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူး- ဒိုက်ဦးမြို့ | ၁၁၁၃၀ | ၀.၅၀' |
| ၇။ | မဇင်းရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၂၆၁၈၆ | ၁.၀၀' |
| ၈။ | ဇလက်ထော်ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၁၈၉၁၂ | ၁.၂၀' |
| ၉။ | ရွှေပြည်(၃) ရေလှောင်တမံ | ပဲခူး- ပဲခူးမြို့ | ၃၇၀၀ | ၀.၂၀' |
| ၁၀။ | တောင်နဝင်းရေထိန်းတမံ | ပဲခူး- ပေါက်ခေါင်းမြို့ | ၂၁၁၉၆ | ၀.၉၉' |
| ၁၁။ | ဝဲကြီးရေလှောင်တမံ | ပဲခူး- ပေါင်းတည်မြို့ | ၂၅၂၀၀၀ | ၀.၄၀' |
| ၁၂။ | သဲကောရေလှောင်တမံ | ပဲခူး- လက်ပံတန်းမြို့ | ၅၂၅၀၀ | ၀.၆၀' |
| ၁၃။ | ဆဒ္ဒန်ရေလှောင်တမံ | မကွေး- မြို့သစ်မြို့ | ၂၅၀၀၀ | ၀.၃၀' |
| ၁၄။ | မုန်းချောင်းရေလှောင်တမံ | မကွေး- စေတုတ္တရာမြို့ | ၆၇၄၄၀၇ | ၅.၆၀' |
| ၁၅။ | မန်းချောင်းရေလှောင်တမံ | မကွေး- ငဖဲမြို့ | ၁၂၀၀၀၀ | ၁.၀၀' |
| ၁၆။ | ကြီးအုံကြီးဝရေလှောင်တမံ | မကွေး- ပွင့်ဖြူမြို့ | ၃၁၉၇၀၀ | ၆.၁၀' |
| ၁၇။ | မြစ်သာရေလှောင်တမံ | မကွေး- ဂန့်ဂေါမြို့ | ၃၇၇၆၀၀ | ၁.၅၀' |
| ၁၈။ | ပြိုင်းချောင်းရေလှောင်တမံ | ရခိုင်-ကျောက်တော်မြို့ | ၂၅၂၀၅ | ၀.၃၀' |
| ၁၉။ | ဇီးဖြူကုန်းရေလှောင်တမံ | ရခိုင်-သံတွဲမြို့ | ၄၃၀ | ၀.၂၀' |
| ၂၀။ | ရှောက်ချောင်းရေလှောင်တမံ | ရခိုင်- ကျောက်တော်မြို့ | ၁၁၄၀ | ၀.၃၀' |
| ၂၁။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၁၇၃၅ | ၀.၄၀' |
| ၂၂။ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန်-သန်လျင်မြို့ | ၅၃၆၄ | ၀.၃၀' |
| ၂၃။ | မုံးရင်ရေလှောင်တမံ | ရှမ်းမြောက်- နမ္မတူမြို့ | ၂၅၉၀၀ | ၁.၁၀' |
| ၂၄။ | ကညင်ရေလှောင်တမံ | ဧရာဝတီ- အင်္ဂပူမြို့ | ၁၄၅၀၀၀ | ၁.၂၀' |

**(သတင်းစဉ်)**

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြစ်ရေတိုးခြင်းတို့ကြောင့် ကျောင်းများယာယီပိတ်ထားရ

**ပုသိမ် သြဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး၌ သြဂုတ်လဆန်းပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မြစ်ရေတိုးခြင်းတို့ကြောင့် ဒေသအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ စာသင်ကျောင်းများ ယာယီပိတ်ထားရကြောင်း သိရသည်။ တိုင်းဒေသကြီးအတွင်း မြို့နယ် ၁၉ မြို့နယ်၌ သြဂုတ် ၁၆ ရက်အထိ အထက ၁၁၇ကျောင်း၊ အလက ၂၅၂ ကျောင်း၊ အမက ၁၀၃၉ ကျောင်းတို့ကို ယာယီပိတ်ထားခဲ့သည်။ သို့သော်လည်း ရေပြန်ကျ၍ အထက ၄၂ ကျောင်း၊ အလက ၉၇ ကျောင်း၊ အမက ၃၂၈ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **မောင်မောင်မြင့် (ပြန်/ဆက်)**

# မိုးကြီးနိုင်မည့် ပြည်နယ်များ

**နေပြည်တော် သြဂုတ် ၁၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ရခိုင်ပြည်နယ်၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် လည်းကောင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့၌ နေရာကွက်၍ လည်းကောင်း မိုးကြီးနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ဝေါန်မြစ်ရေ စိုးရိမ်ရေမှတ်အထက်ရောက်ရှိနေ

**နေပြည်တော် သြဂုတ် ၁၇**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အဆိုပါမြစ်ရေသည် ပုသိမ်မြို့၌ တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထား သည်။

**(မြန်မာ့အလင်း)**

# အေဂျင်စီတွေက မြန်မာလုပ်သားတွေ ပြည်ပမှာ အလုပ်အကိုင်ရဖို့ဝန်ဆောင်ရာမှာ ကျင့်ဝတ်နဲ့အညီ လိုက်နာခြင်းဖြင့် အချင်းချင်းထိန်းကျောင်းရင်း မြန်မာရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်ပေးကြပါ

**တွေ့ဆုံမေးမြန်း - ခင်ရတနာ**
**ဓာတ်ပုံ - မေဦးမိုး**

နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သူများအတွက် တရားဝင်ဖွင့်လှစ်ခွင့်ရထားသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီများလိုက်နာရမည့် ကျင့်ဝတ်များကို ရေးသားပြုစုထားပြီးဖြစ်ရာ လာမည့် ဩဂုတ် ၁၉ ရက်တွင် အေဂျင်စီအချို့ လက်မှတ်ရေးထိုးကြတော့မည်ဖြစ်သည်။ အဆိုပါ အခမ်းအနားကို ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားလာသော်လည်း အထူးစီးပွားရေးဇုန်များမှာ စတင်တည်ထောင်ဆဲ အဆင့်တွင်သာရှိသေးပြီး အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိရန် လိုအပ်နေဆဲ အခြေအနေများကြောင့် မြန်မာလုပ်သားအချို့သည် ရွှေ့ပြောင်းလုပ်သားများအဖြစ် အိမ်နီးချင်းနိုင်ငံများထံ သွားရောက်လုပ်ကိုင်နေဆဲဖြစ်သည်။

နိုင်ငံတော်မှ အလုပ်အကိုင်အခွင့်အလမ်းများ အခြေအနေအရ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာသို့ ရောက်ရှိ နေသော အထောက်အထားရှိ တရားဝင်ရွှေ့ပြောင်းလုပ်သားများနှင့် အထောက်အထားမဲ့ တရားမဝင် ရွှေ့ပြောင်းလုပ်သားများမှာ စုစုပေါင်းလေးသန်းနီးပါးပင် ရှိနေပြီဖြစ်သည်။ အထူးသဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံတွင် သုံးသန်းခန့် ရှိနေသည်ကို တွေ့ရှိရပါသည်။




ယခုအခါ နိုင်ငံရပ်ခြားသို့ အလုပ်အကိုင် ရရှိရန် ဆက်သွယ်ချိတ်ဆက်ပေးသည့် အကျိုးဆောင်များအတွက် လိုက်နာရမည့် ကျင့်ဝတ်များ လက်မှတ်ရေးထိုးမှု ပြုလုပ်ရန်ရှိခြင်းကြောင့် အကျိုးဆောင်များ၏ အရေးပါမှုနှင့် တာဝန်သိမှုများနှင့် ပတ်သက်၍ အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်အား တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

**မေး။ ။ တရားဝင်ခွင့်ပြုလုပ်ကိုင်နေတဲ့ပြည်ပအလုပ်အကိုင် အကျိုးဆောင် ဘယ်နှခုရှိနေပြီလဲ။ အခု လိုက်နာရမယ့် ကျင့်ဝတ်တွေအတွက် ကတိပြုစာချုပ်ချုပ်ကြမယ့် အကျိုးဆောင်ကရော ဘယ်လောက်ရှိပါသလဲ။**

ဖြေ။ ။ တရားဝင်ခွင့်ပြုထားတဲ့ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လုပ်ငန်းပေါင်း ၂၆၂ခု ရှိပါတယ်။ အဲဒီထဲမှာ အချို့အေဂျင်စီတွေက ဝန်ကြီးဌာနဆီမှာလာပြီး ကျင့်ဝတ်လိုက်နာမှုအတွက် လက်မှတ်ထိုးထားတာရှိပါတယ်။ လာမယ့် ဩဂုတ် ၁၉ ရက်မှာပြုလုပ်မယ့် အခမ်းအနားမှာတော့ အကျိုးဆောင်လုပ်ငန်း ၇၃ခုက လိုက်နာမှု လက်မှတ်ရေးထိုးကြမယ်လို့ စာရင်းပေးသွင်းထားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က ကျန်နေတဲ့ အကျိုးဆောင်လုပ်ငန်းတွေကလည်း ပူးပေါင်းပြီး ထပ်မံပါဝင်လာဖို့ မျှော်လင့်ထားပါတယ်။

**မေး။ ။ ပြည်ပအလုပ်အကိုင် အေဂျင်စီတွေ လိုက်နာရမယ့် ကျင့်ဝတ်လက်မှတ်ရေးထိုးတဲ့အတွက် ဘယ်လိုအကျိုးအမြတ်တွေရှိလာနိုင်မလဲ။**

ဖြေ။ ။ ပြည်ပနိုင်ငံတွေမှာ မြန်မာလုပ်သားတွေကို အလုပ်အကိုင် နေရာချမှုလုပ်ငန်းတွေမှာ အကျိုးဆောင်လိုင်စင်ရ လုပ်ငန်းတွေက အလွန်အရေးပါပါတယ်။ မြန်မာနိုင်ငံသားတွေ ပြည်ပမှာ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေးကို အထောက်အကူပြုနိုင်သလို ရွှေ့ပြောင်းလုပ်သားတွေဆီကနေ မိသားစုထံကို လွှဲပို့တဲ့ ငွေတွေကနေ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရရှိစေတဲ့အတွက် နိုင်ငံလည်း ဝင်ငွေတိုးပွားစေပါတယ်။ ဒါကြောင့် လိုင်စင်ရထားပြီး တရားဝင်စေလွှတ်ခွင့်ရတဲ့ ရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲရေးလုပ်ငန်းကိုပိုပြီး ရိုးသားအောင်၊ ပွင့်လင်းမြင်သာအောင် လုပ်ဖို့အတွက် အကျိုးဆောင်တွေက လိုက်နာရမယ့် ကျင့်ဝတ်တွေကို တိတိကျကျလိုက်နာဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

လက်ရှိမှာ ရွှေ့ပြောင်းသွားလာတဲ့ လုပ်ငန်းတွေမှာ မြန်မာလုပ်သားတွေဟာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရတာ၊ အကြမ်းဖက်ခံရတာနဲ့ အဓမ္မစေခိုင်းမှုတွေကို ကြုံတွေ့နေရပါတယ်။ ဒါတွေကို ကာကွယ်ပေးဖို့ ဥပဒေတွေ ပြဋ္ဌာန်းပေးသလို အကာအကွယ်ပေးရေးတွေကိုလည်း လုပ်ဆောင်နေပါတယ်။ ဒီလုပ်ငန်းတွေပိုပြီး အောင်မြင်ဖို့ဆိုတာ အလုပ်သမားတွေ စုဆောင်းစေလွှတ်တဲ့ အကျိုးဆောင်တွေအပေါ်မှာ အများကြီးမူတည်ပါတယ်။ ဒါကြောင့် ကျင့်ဝတ်နဲ့အညီ အလုပ်သမားစုဆောင်းပို့ဆောင်ပေးကြမယ်ဆိုရင် မြန်မာရွှေ့ပြောင်းလုပ်သားတွေအတွက်ရော၊ နိုင်ငံအတွက်ပါ အများကြီးအကျိုးရှိစေမယ်။

**မေး။ ။ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု အေဂျင်စီတွေ လိုက်နာရမယ့် ကျင့်ဝတ်မှာ အဓိကအနေနဲ့ ဘယ်အချက်အလက်တွေ ပါသလဲဆိုတာနဲ့ ကျင့်ဝတ် ရဲ့ရည်ရွယ်ချက်ကို သိရှိလိုပါတယ်။**

ဖြေ။ ။ အဓိကအားဖြင့် အခြေခံစံနှုန်းတွေ၊ သဘောတူညီချက်တွေ၊ ကြိုးစားလုပ်ဆောင်ရမယ့် ရည်မှန်းချက်တွေ၊ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေ၊ ကျင့်ဝတ်လေးစားလိုက်နာရမှာတွေ၊ အချင်းချင်းစောင့်ကြည့် စစ်ဆေးမယ့် ယန္တရားတွေ ပါဝင်ပါတယ်။ အကျိုးဆောင်အချို့က ကျင့်ဝတ်လိုက်နာမှုတွေကို သူတို့ကိုချုပ်နှောင်မယ့် အချုပ်အနှောင်လို့ ထင်မြင်မှာ စိုးပါတယ်။ အမှန်က အားလုံးအတွက် အကျိုးရှိစေမှာပါ။ အလုပ်သမားဘက်ကဖြစ်ဖြစ်၊ အလုပ်ရှင်ဘက်ကဖြစ်ဖြစ် ကျင့်ဝတ်လိုက်နာမယ့် အကျိုးဆောင်ကိုသာ ရေရှည် အတွက် ယုံကြည်စွာ ရွေးချယ်နိုင်တာကြောင့် အကျိုးဆောင်အားလုံး ပါဝင်လာစေချင်တယ်။

ကျင့်ဝတ်လက်မှတ်ထိုးစေရခြင်း ရည်ရွယ်ချက်ကတော့ လုပ်ငန်းပိုင်းကျွမ်းကျင်မှုတွေကို မြှင့်တင်ဖို့၊ အလုပ်အကိုင် ဝန်ဆောင်မှု အေဂျင်စီတွေရဲ့ဝန်ဆောင်မှုအရည်အသွေးစံနှုန်း သတ်မှတ်နိုင်ဖို့၊ ရွှေ့ပြောင်းသွားလာရေး လုပ်ငန်းစဉ်တွေမှာ ရွှေ့ပြောင်းလုပ်သားတွေရဲ့ အခွင့်အရေးကို သေသေချာချာ ကာကွယ်နိုင်ဖို့၊ ပြည်ပအလုပ်အကိုင်လုပ်ငန်းကဏ္ဍစံနှုန်းတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့ အခြားအဖွဲ့အစည်းတွေနဲ့ အပြန်အလှန် ပံ့ပိုးကူညီပြီး ရင်းနှီးတဲ့ ဆက်ဆံရေး ဖြစ်လာဖို့ ရည်ရွယ်ပါတယ်။

**မေး။ ။ အကျိုးဆောင်တွေအတွက် အခြေခံစံနှုန်းက ဘာတွေများလဲ။**

ဖြေ။ ။ ဥပဒေလေးစားလိုက်နာတတ်ဖို့ အလုပ်သမားစုဆောင်းတဲ့ လုပ်ငန်းစဉ်၊ အထောက်အထားစာရွက်စာတမ်းကိစ္စ၊ သင်တန်းတွေ၊ ပြည်ပစေလွှတ်တာနဲ့ သယ်ယူ ပို့ဆောင်ရေး၊ ပြည်ပရောက်ရွှေ့ပြောင်း လုပ်သားတွေကို ကာကွယ်ပေးဖို့၊ အရေး ပေါ်အခြေအနေတွေကို ဆောင်ရွက်ဖို့၊ နေရပ်ပြန်လည်ပို့ဆောင်ပေးဖို့နဲ့ ပြန်လည်ပေါင်းစည်းတာတွေ ဖြစ်ပါတယ်။

ရွှေ့ပြောင်းလုပ်သားတွေနဲ့ အလုပ်အကိုင် ဝန်ဆောင်မှု အေဂျင်စီအကြားချုပ်ဆိုရတဲ့ စာချုပ်မှာ မဖြစ်မနေပါဝင်ရမယ့် အချက်တွေ၊ အေဂျင်စီတွေနဲ့ အလုပ်သမားတွေ ငှားရမ်းတဲ့ အလုပ်ရှင်တွေအကြား သဘောတူညီမှုတွေ၊ အလုပ်ရှင်နဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအကြား အလုပ်ခန့်ထားမှု ဆိုင်ရာ စာချုပ်တွေမှာ ချုပ်ပြီးပြီဆိုတာနဲ့ အပြောင်းအလဲ အမှားအယွင်းမရှိအောင် အေဂျင်စီတွေက တာဝန်ယူရမှာဖြစ်ပါတယ်။

> **ရွှေ့ပြောင်းလုပ်သားတွေနဲ့ အလုပ်အကိုင် ဝန်ဆောင်မှု အေဂျင်စီအကြားချုပ်ဆိုရတဲ့ စာချုပ်မှာ မဖြစ်မနေပါဝင်ရမယ့် အချက်တွေ၊ အေဂျင်စီတွေနဲ့ အလုပ်သမားတွေ ငှားရမ်းတဲ့ အလုပ်ရှင်တွေအကြား သဘောတူညီမှုတွေ၊ အလုပ်ရှင်နဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအကြား အလုပ်ခန့်ထားမှုဆိုင်ရာ စာချုပ်တွေမှာ ချုပ်ပြီးပြီဆိုတာနဲ့ အပြောင်းအလဲ အမှားအယွင်းမရှိအောင် အေဂျင်စီတွေက တာဝန်ယူရမှာဖြစ်ပါတယ်။**

ဒါ့အပြင် ရွှေ့ပြောင်းအလုပ်သမားတွေ အများစုရှိတဲ့ ဒေသတွေမှာ လူမှုစီးပွားဖွံ့ဖြိုးစေတဲ့စီမံကိန်းတွေ လုပ်ပေးတာ၊ ရွှေ့ပြောင်းလုပ်သားတွေကို သက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုအလုပ်အကိုင် သင်တန်းတွေပေးတာ၊ မသန်စွမ်းသူနဲ့ အမျိုးသမီးတွေအတွက် အထူးသင်တန်းတွေ ပေးတာတို့၊ ထောက်ပံ့တာတို့ လုပ်ပေးတာတွေ ပါဝင်ရမှာပါ။ ရွှေ့ပြောင်းလုပ်သားတွေကိုယ်စား သူတို့ရဲ့အချက်အလက်စာရွက်စာတမ်းတွေကို ပြည်ပအလုပ်ရှင်က ထိန်းသိမ်းတာ၊ အလုပ် ပြောင်းခွင့်မပေးတာ စတဲ့အခက်အခဲတွေကို ဖြေရှင်းပေးဖို့နဲ့ အလုပ်ရှင်တွေ သက်ဆိုင်ရာ နိုင်ငံအစိုးရတွေကို လက်ခံဖို့ ထောက်ခံပေးရမှာမျိုးစတဲ့ လိုအပ်ချက်တွေ လုပ်ပေးဖို့ အေဂျင်စီတွေမှာ တာဝန်ရှိပါတယ်။

**မေး။ ။ အေဂျင်စီတွေအနေနဲ့ လိုက်နာကျင့်သုံးမှု ရှိ မရှိကို ဘယ်လိုအကဲဖြတ်သွားဖို့ ရှိသလဲ။**

ဖြေ။ ။ ကျင့်ဝတ်လိုက်နာခြင်း ကြီးကြပ်စစ်ဆေးရေးကော်မတီဆိုတာကို ဖွဲ့စည်းထားပါတယ်။ အဲဒီမှာ အေဂျင်စီတွေလည်း ပါဝင်နေမှာပါ။ ကော်မတီကို တိုင်ကြားမယ်ဆိုရင် ကျင့်ဝတ်လက်မှတ်ရေးထိုးထားတဲ့ အေဂျင်စီတွေအနေနဲ့ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မယ်ဆိုတာ ကျင့်ဝတ်မှာကိုက ပါဝင်ပြီးသားဖြစ်ပါတယ်။ မှန်ကန်တိကျတဲ့ သတင်းအချက်အလက်တွေနဲ့ သက်သေခံတွေ ပံ့ပိုးပေးကြမှာ ဖြစ်သလို တရားမျှတတဲ့ရလဒ်တွေကို ကျင့်ဝတ်လိုက်နာတဲ့ အေဂျင်စီတွေ ခံစားရမှာပါ။

စစ်ဆေးတဲ့အခါမှာ ကျပန်းစနစ်နဲ့ ရွေးချယ်သွားမှာဖြစ်သလို ကျင့်ဝတ်လိုက်နာခြင်း ကြီးကြပ်စစ်ဆေးရေး ကော်မတီက ရွေးချယ်လိုက်တဲ့ အေဂျင်စီတွေကို အကြောင်းကြားပေးပါမယ်။ အေဂျင်စီတွေက စစ်ဆေးခြင်းပုံစံကို ဖြည့်ပြီး လိုအပ်တဲ့ စာရွက်စာတမ်းအထောက်အထားတွေနဲ့အတူ နှစ်ပတ်အတွင်း ပြန်ပေးပို့ရမှာဖြစ်ပါတယ်။ ပုံစံကို ပြည့်စုံအောင် မဖြည့်စွက်နိုင်ရင် အမှတ်နုတ်ယူခြင်းခံရမှာဖြစ်ပါတယ်။

အေဂျင်စီတွေကို အဆင့်သတ်မှတ်ရာမှာ မျှတမှုမရှိဘူးလို့ ခံစားရရင် အယူခံဝင်ခွင့်ရှိသလို နောက်တစ်ကြိမ် စစ်ဆေးတဲ့ အလှည့်မှာ ပြန်သုံးသပ်ပေးမှာ ဖြစ်ပါတယ်။ အဆင့်သတ်မှတ်ချက်တွေကို မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် ဝက်ဘ်ဆိုက်မှာ ဖော်ပြပေးမှာ ဖြစ်ပါတယ်။

**မေး။ ။ စည်းကမ်းမလိုက်နာတဲ့ အေဂျင်စီတွေကိုရော အရေးယူသွားဖို့ ရှိပါသလား။**

ဖြေ။ ။ ပြည်ပအလုပ်အကိုင် လိုင်စင်ရ အေဂျင်စီတွေ လိုက်နာရမယ့် ကျင့်ဝတ်တွေကို မလိုက်နာခဲ့ရင် အသိပညာတွေပေးပြီး ပြုပြင်ပြောင်းလဲပေးမှာ ဖြစ်ပါတယ်။ ကျင့်ဝတ်လိုက်နာတယ်ဆိုတာ အေဂျင်စီတွေအတွက် ဂုဏ်သိက္ခာထိန်းသိမ်းခြင်းသာ ဖြစ်ပါတယ်။

**မေး။ ။ ပြည်ပအလုပ်အကိုင်အေဂျင်စီတွေအတွက် ကျင့်ဝတ်ကို ဘယ်လိုရေးဆွဲထားပါသလဲ။**

ဖြေ။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနရဲ့ကြီးကြပ်မှုနဲ့ ILO GMS Triangle Project ရဲ့အကူအညီနဲ့ မြန်မာနိုင်ငံက ဥပဒေတွေ၊ မြန်မာအလုပ်သမားတွေ အလုပ်သွားလုပ်ကြတဲ့ နိုင်ငံတွေရဲ့ ဥပဒေတွေ၊ နှစ်နိုင်ငံသဘောတူညီချက်တွေ၊ နိုင်ငံတကာသဘောတူညီချက်တွေ၊ အာဆီယံရွှေ့ပြောင်းအလုပ်သမား အခွင့်အရေး ကာကွယ်မြှင့်တင်ရေး ကြေညာစာတမ်း (၂၀၀၇)၊ အထူးသဖြင့် ပုဂ္ဂလိက အလုပ်အကိုင် ဝန်ဆောင်မှု အေဂျင်စီများဆိုင်ရာ အိုင်အယ်လ်အို ပြဋ္ဌာန်းချက် အမှတ် စီ ၁၈၁ နဲ့ အိုင်အယ်လ်အိုရဲ့ အလုပ်သမားရွှေ့ပြောင်းခြင်းဆိုင်ရာ မူဘောင်တွေနဲ့အညီ အေဂျင်စီတွေ လိုက်နာရမယ့် စည်းကမ်းတွေကို မြန်မာပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်က ရေးဆွဲပြုစုခဲ့တာ ဖြစ်ပါတယ်။



ဦးမျိုးအောင်(အမြဲတမ်းအတွင်းဝန်)

**မေး။ ။ အာဆီယံထဲက အခြားနိုင်ငံတွေမှာရော အေဂျင်စီ ကျင့်ဝတ်ပိုင်းဆိုင်ရာ သဘောတူလက်မှတ်ထိုးကြတာမျိုးရှိပါသလား။ အခြား ဒေသတွင်းနိုင်ငံတွေမှာရော ရှိပါသလား။ ကျင့်ဝတ်တွေ လက်မှတ်ထိုးလိုက်ခြင်းအားဖြင့် နိုင်ငံတကာမှာရော အကျိုးဝင်ပါ့မလား။**

ဖြေ။ ။ အာဆီယံ နိုင်ငံတွေထဲမှာတော့ ဗီယက်နမ်နဲ့ ကမ္ဘောဒီးယားပြီးရင် ကျွန်တော်တို့နိုင်ငံက တတိယမြောက်ပါ။ ဒေသတွင်းမှာတော့ သီရိလင်္ကာနိုင်ငံမှာလည်း ကျင့်ဝတ်စည်းကမ်းတွေ လိုက်နာမယ်ဆိုတဲ့ လက်မှတ်ရေးထိုးထားတယ်လို့ သိရပါတယ်။ အေဂျင်စီတွေအနေနဲ့ ကျင့်ဝတ်လိုက်နာမှုအတွက် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဆိုရင် ကမ္ဘာတစ်ဝန်းမှာ မြန်မာနိုင်ငံက ပြည်ပအလုပ်အကိုင် အေဂျင်စီတွေဟာ လူသားဂုဏ်သိက္ခာနဲ့လျော်ညီတဲ့ ကျင့်ဝတ်ကို လိုက်နာစောင့်ထိန်းပြီး အလုပ်သမား စုဆောင်းတာကို ပွင့်လင်းမြင်သာစွာ လုပ်ကိုင်သွားမယ့်လုပ်ငန်းတွေလို့ ကြွေးကြော်နိုင်ပြီဖြစ်ပါတယ်။

**မေး။ ။ ဝန်ကြီးဌာနရဲ့ အမြဲတမ်းအတွင်းဝန်အနေနဲ့ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရ အေဂျင်စီတွေကို ပြောကြားလိုတဲ့အချက်ကိုလည်း ဖြေကြားပေးပါဦး။**

ဖြေ။ ။ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရ အေဂျင်စီတွေအနေနဲ့ မြန်မာနိုင်ငံသားတွေ ပြည်ပနိုင်ငံတွေမှာ အလုပ်အကိုင်ရရှိစေဖို့ ဝန်ဆောင်မှုပေးရာမှာ ဒီကျင့်ဝတ်တွေမှာပါတဲ့ စည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ လိုက်နာဆောင်ရွက်ကြပြီး အချင်းချင်းထိန်းကျောင်းရင်း မြန်မာရွှေ့ပြောင်း အလုပ်သမားတွေရဲ့အခွင့်အရေးတွေကို ကာကွယ်ပေးကြပါ။ လုပ်ငန်းတွေကို မြှင့်တင်ကြပါလို့ တိုက်တွန်းလိုပါတယ်။

ဒါ့အပြင် လိုင်စင်ရ အေဂျင်စီတွေအားလုံး စုစုစည်းစည်း ပူးပေါင်းပါဝင်လာပြီး မြန်မာအေဂျင်စီတွေအနေနဲ့ ရိုးသားပွင့်လင်းစွာ ဝန်ဆောင်မှုပေးနေတယ်ဆိုတာကို သက်သေပြတဲ့အနေနဲ့ ကျင့်ဝတ်လိုက်နာဖို့ အားလုံး လက်မှတ်ထိုးနိုင်ကြပါစေလို့ တိုက်တွန်းပါတယ်။

(ဖြေကြားပေးသည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်အား ကျေးဇူးတင်ရှိပါသည်။)

**(မြန်မာ့အလင်း)**

## ရန်ကုန်စီးပွားရေးတက္ကသိုလ် အခြေခံကင်းထောက်သင်တန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်စီးပွားရေးတက္ကသိုလ် အခြေခံကင်းထောက်သင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၆ ရက်က အဆိုပါတက္ကသိုလ်ပင်မဆောင်၌ ကျင်းပရာ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းအောင်၊ မြန်မာနိုင်ငံအမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်တို့က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲသို့ ကင်းထောက်ကြီးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ် အခြေခံကင်းထောက်သင်တန်းတွင် ကင်းထောက်အဖွဲ့ဝင် ကျောင်းသား ၄၆ ဦးနှင့် ကျောင်းသူ ၁၂၀ တို့က ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်အထိ ကင်းထောက်အကြောင်းသိကောင်းစရာများ၊ မြန်မာကင်းထောက်နှင့်ကမ္ဘာ့ကင်းထောက်သမိုင်း၊ ကင်းထောက် ဂတိသုံးပါးနှင့် ကျင့်ဝတ် ၁၀ ပါး၊ ကင်းထောက်အလေးပြုခြင်းများ၊ ကြိုးချည်နည်း၊ တဲထိုးနည်းနှင့်စခန်းချပညာရပ်များ၊ စူးစမ်းလေ့လာမှတ်သားမှု သင်ခန်းစာများကို စာတွေ့လက်တွေ့သင်ကြားကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**

# အေဂျီနာဂရိကျွန်း၏ ကမ်းလွန်တွင် ကမ္ဘာလှည့်ခရီးသည်တင်ရေယာဉ်ငယ်နှင့် အမြန်ရေယာဉ်ငယ်တစ်စင်းတို့တိုက်မိ၍ လေးဦးသေဆုံး

**အေသင် ဩဂုတ် ၁၇**

ဩဂုတ် ၁၆ ရက်က ဆာရိုနစ်ပင်လယ်ကွေ့ အေဂျီနာဂရိကျွန်း၏ ကမ်းလွန်တစ်နေရာတွင် ကမ္ဘာလှည့်ခရီးသည်တင်ရေယာဉ်ငယ်နှင့် အမြန်ရေယာဉ်ငယ်တစ်စင်းတို့ တိုက်မိကြရာ လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း ဂရိအာဏာပိုင်များ၏ နောက်ဆုံးသတင်းများအရ သိရသည်။



ရှစ်ပေရှည်သည့် အမြန်ရေယာဉ်ငယ်သည် ကမ္ဘာလှည့်ခရီးသည်တင်ရေယာဉ်ငယ်ကို အရှိန်ဖြင့် ဝင်ဆောင့်မိကာ နှစ်ပိုင်းကွဲသွားပြီး တိမ်းမှောက်သွားခဲ့သောကြောင့် ခရီးသည်များအားလုံး ပင်လယ်ထဲသို့ လွင့်စဉ်ကျကုန်သည်။ ထို့အပြင် လူလေးဦး သေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိသွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သေဆုံးသူများတွင် ကမ္ဘာလှည့်ခရီးသည်တင်ရေယာဉ်ငယ်၏ မာလိန်မှူး၊ အသက်ငါးနှစ်အရွယ်ရှိကလေးငယ်တစ်ဦးနှင့် အမျိုးသားတစ်ဦးတို့လည်း ပါဝင်သည်။ လေးဦးမြောက်သေဆုံးသူ၏ ရုပ်အလောင်းကို မီတာ ၂၀ ရေအောက် အနက်တွင် တွေ့ခဲ့ သည်။

ခရီးသည် ၂၀ ကို ကယ်တင်ထားကြောင်း၊ ၎င်းတို့ထဲတွင် ငါးဦးဒဏ်ရာရပြီး အေသင်မြို့ရှိ ဆေးရုံများသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်လိုက်ကြောင်း ဂရိကမ်းခြေစောင့်တပ်ဖွဲ့က ပြောခဲ့သည်။

ဒဏ်ရာရရှိသူများတွင် နှစ်ဦးမှာ စိုးရိမ်ရသော အခြေအနေရှိကြောင်း သိရသည်။ ထိုဖြစ်ရပ်ကြောင့် ကြက်သေသေကုန်သော ကျန်ခရီးသည်များကို အေဂျီနာကျန်းမာရေးဌာနသို့ ရှေးဦးသူနာပြုရန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အသက် ၇၀နှစ်အရွယ် အမြန်ရေယာဉ်ငယ်မောင်းသူကို ဖမ်းဆီးထားကြောင်း သိရသည်။ ဒေသတွင်းမီဒီယာများ၏အဆိုအရ အမြန်ရေယာဉ်ငယ်မောင်းသူက ၎င်းအနေဖြင့် မည်ကဲ့သို့ဖြစ်သွားသည်ကိုမသိကြောင်း ၎င်းမျက်စိထဲတွင် ဘာမှမတွေ့မြင်ကြောင်း ပြောကြားခဲ့ကြောင်း ဖော်ပြခဲ့သည်။

ကယ်ဆယ်ရေး အဖွဲ့များသည် စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်အကူအညီဖြင့် ကမ္ဘာလှည့်ခရီးသည်တင်ရေယာဉ်ငယ်မှ ပျောက်ဆုံးခရီးသည်များ ရှိ မရှိကို ဆက်လက်ရှာဖွေလျက်ရှိသည်။ အမြန်ရေယာဉ်ငယ်နှင့် ကမ္ဘာလှည့်ခရီးသည်တင်ရေယာဉ်ငယ်တို့ ဘာကြောင့်တိုက်မိသွားသည်ဆိုသည်ကို မသိရသေးချေ။

အေဂျီနာ ရေပိုင်နက်ထဲတွင် ထိုသို့ ဝမ်းနည်းစရာ မတော်တဆဖြစ်ရပ်ဖြစ်ပွားခဲ့သည့်အတွက် အလွန်တရာ စိတ်မကောင်းဖြစ်ရကြောင်း ဆိုင်ရီဇာ ပါတီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(ဆင်ဟွာ)**

# ၂၀၂၀ တိုကျို အိုလံပစ်နှင့် မသန်စွမ်းအိုလံပစ်အားကစားပွဲအတွက် ရန်ပုံငွေအဖြစ် ထီလက်မှတ်များကို ဂျပန်နိုင်ငံတစ်ဝန်း ရောင်းချလိုက်ပြီ

**တိုကျို ဩဂုတ် ၁၇**

၂၀၂၀ တိုကျို အိုလံပစ်နှင့် မသန်စွမ်းအိုလံပစ်အားကစားပွဲအတွက် ရန်ပုံငွေရှာဖွေသည့်အနေဖြင့် ထီလက်မှတ်များကို ဩဂုတ် ၁၇ ရက်က ဂျပန်နိုင်ငံတစ်ဝန်း ရောင်းချလိုက်ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထီလက်မှတ်ရောင်းချခြင်းအစီအစဉ်ငါးရပ်ရှိရာ ယခုထီလက်မှတ်ရောင်းချခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်းသိရပြီး အားလုံးကို ရောင်းချပြီးသည့်အနေအထားတွင် ဒေါ်လာသန်း ၁၀၀ ခန့် ရရှိမည်ဖြစ်ကာ ယင်းငွေကြေးကို တိုကျိုအားကစားပွဲအတွက် လိုအပ်သော အဆောက်အအုံနှင့် အခြားကုန်ကျစရိတ်များတွင် သုံးစွဲနိုင်မည်ဖြစ်သည်။

တိုကျိုအစိုးရအနေဖြင့် ရရှိလာသည့် ထီလက်မှတ်ရောင်းရရန်ပုံငွေများကို တိကျသောနည်းလမ်းများဖြင့် သုံးစွဲရန်အတွက် အခြားမြို့တော်အုပ်ချုပ်ရေးအဖွဲ့များနှင့်လည်း သေချာတိုင်ပင်ဆွေးနွေးရန် ဆန္ဒရှိကြောင်း သိရသည်။

ထီကံထူးသူများအနေဖြင့်လည်း ဒေါ်လာ နှစ်သန်းနီးနီးရရှိမည်ဖြစ်သည်။

လက်မှတ်တစ်စောင်လျှင် နှစ်ဒေါ်လာဖြင့်ရောင်းချနေကြောင်း သိရပြီး ထီလက်မှတ်များကို စက်တင်ဘာ ၆ ရက်နေ့အထိ ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အီရန်လေတပ်အခြေစိုက်စခန်းကို အသုံးပြု၍ ရုရှားတို့ ဆီးရီးယား၌ ဗုံးကြဲတိုက်ခိုက်

**ဒမတ်စကတ် ဩဂုတ် ၁၇**

ဆီးရီးယားရှိ အခြားသော စစ်သွေးကြွအုပ်စုများနှင့် အိုင်အက်စ်အဖွဲ့တို့ကို နှိမ်နင်းရန် ရုရှားတို့သည် ပထမဦးဆုံးအကြိမ်အဖြစ် အီရန်လေတပ်အခြေစိုက်စခန်းကို အသုံးပြုခဲ့သည်။

ဆီးရီးယားအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော တပ်ဖွဲ့များကို ထောက်ပံ့ပေးနေသည့် အမေရိကန်နှင့် မဟာမိတ်နိုင်ငံများကို ဆန့်ကျင်သည့် လှုပ်ရှားမှုဟုလည်း ယူဆဖွယ်ရှိသည်။

ရုရှားကာကွယ်ရေးဝန်ကြီးက ရုရှားတို့သည် အီရန်နိုင်ငံအနောက်ပိုင်း ဟာမာဒန်လေတပ် အခြေစိုက်စခန်းကို အသုံးပြု၍ ဗုံးကြဲမှုများ ပြုလုပ်ခဲ့သည်ဟု ပြောသည်။

နျူဆရာတပ်ဦးနှင့် ဆက်သွယ်မှုရှိသည့်နေရာများကို ဦးတည်၍ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ ယင်းအဖွဲ့သည် လွန်ခဲ့သောလက အယ်ကိုင်ဒါအုပ်စုနှင့် ဆက်သွယ်မှုကိုလည်း ဖြတ်တောက်ခြင်းခံခဲ့ရသည်။

ယင်းကဲ့သို့ လေကြောင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွတို့၏ အလက်ပိုမြို့မြောက်ပိုင်း ဒေသများမှ အဓိကလက်နက်သိုလှောင်ရုံကြီးငါးရုံနှင့် စစ်သွေးကြွများကို လေ့ကျင့်ပေးရာ စခန်းများကိုလည်း ချေမှုန်းနိုင်ခဲ့ကြောင်း ဝန်ကြီးဌာနက ပြောသည်။

စစ်သွေးကြွအုပ်စုများကို ထောက်ပံ့မှုများ ပြုလုပ်ပေးနေသည့် ထိန်းချုပ်ရေးဌာနများကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**




# မလေးရှား ရေနံတင်သင်္ဘောတစ်စင်း အပိုင်စီးခံရ

**ကွာလာလမ်ပူ ဩဂုတ် ၁၇**

ဒီဇယ်ဆီလီတာပေါင်း ၉၀၀၀၀၀ တင်ဆောင်လာသည့် မလေးရှား ရေနံတင်သင်္ဘောတစ်စင်း အပိုင်စီးခံရပြီး အင်ဒိုနီးရှားရေပိုင်နက်အတွင်း ခေါ်ဆောင်သွားခံရကြောင်း မလေးရှား ရေကြောင်းသွားလာမှုဆိုင်ရာ အာဏာပိုင်အဖွဲ့က ပြောကြားခဲ့သည်။

MT Vier Harmoni သင်္ဘောသည် တနင်္လာနေ့က မလေးရှားနိုင်ငံ တန်ဂျုန်းပလီပတ်စ်ဆိပ်ကမ်းမှ ထွက်ခွာလာစဉ် စီးနင်းခံလိုက်ရခြင်းဖြစ်ကြောင်း သိရသည်။ မလေးရှားရေကြောင်း ဥပဒေထုတ်ပြန်ရေးအေဂျင်စီ (MMEA)၏ ဒါရိုက်တာက သင်္ဘောသည် ယခုအခါ အင်ဒိုနီးရှားနိုင်ငံပိုင် ဘာတန်ကျွန်းပေါ်တွင် ရောက်ရှိနေမည်ဟု ယူဆရကြောင်း တွစ်တာပေါ်၌ ဖော်ပြခဲ့သည်။ သင်္ဘောပေါ်တင်ဆောင်လာသည့် ကုန်စည်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၂၇၉၅ သန်းခန့်ရှိကြောင်း သိရသည်။ ရေယာဉ်ကို အပိုင်စီးသွားသူများမှာ မည်သူဖြစ်ကြောင်း မသိရှိရသေးပေ။

**(ဘီဘီစီ)**




ပြန်ပေးဆွဲမှုဖြစ်ပွားခဲ့သည့် စားသောက်ဆိုင်ကို တွေ့ရစဉ်

# အယ်လ်ချာပို မူးယစ်ဂိုဏ်းခေါင်းဆောင်၏သား မက္ကဆီကို၌ ပြန်ပေးဆွဲခံရ

**မက္ကဆီကိုစီးတီး ဩဂုတ် ၁၇**

မက္ကဆီကိုမူးယစ်ရာဇာ ဂျိုအာကွင် အယ်လ်ချာပိုဂူစမန်၏သားဖြစ်သူသည် တနင်္လာနေ့က ပစိဖိတ်ကမ်းခြေ၌ ပြန်ပေးဆွဲခံလိုက်ရသည်ဟု အာဏာပိုင်များက ပြောကြားခဲ့သည်။

ဂျီးဆပ်စ်အယ်လ်ဖရက်ဒို ဂူစမန် (၂၉နှစ်)အား ယှဉ်ပြိုင်ဘက် Jalisco New Generation ဂိုဏ်းအဖွဲ့ဝင်များက ၎င်း၏ အဖွဲ့ဝင်ခြောက်ဦးနှင့်အတူ ပြန်ပေးဆွဲသွားခဲ့ကြောင်း သိရသည်။

ပွာတိုဗလာတာ အပန်းဖြေစခန်းမြို့တော်အတွင်းရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးခံထားရသူ ချာပိုဂူစမန်သည် Sinaloa Cartel ဂိုဏ်းအဖွဲ့ကို နှစ်များစွာကြာအောင်ဦးဆောင်ခဲ့သူဖြစ်သည်။ ဂျိုအာကွင် အယ်လ်ချာပို ဂူစမန်အားနိုင်ငံအတွင်း မူးယစ်ဆေးပမာဏအမြောက်အမြားမှောင်ခိုရောင်းချမှု တရားခံအဖြစ် အမေရိကန်သို့ လွှဲပြောင်းပေးရန် အမေရိကန်ကလည်း အလိုရှိနေသည်။

ဂူစမန်သည် အဆင့်မြင့်လုံခြုံရေးစနစ်ကို ကျော်ဖြတ်ကာ မြေအောက်လိုဏ်ခေါင်းမှတစ်ဆင့် အကျဉ်းထောင်ဖောက်ထွက်ပြေးခဲ့ပြီး ခြောက်လအကြာ ဇန်နဝါရီလတွင် ၎င်းအား ပြန်လည်ဖမ်းဆီးနိုင်ခဲ့သည်။

**(ဘီဘီစီ)**

# စီးပွားရေးလုပ်ငန်းရှင်များ၏ထောက်ခံမှုကို အခိုင်အမာရရှိလာသည့် ဟီလာရီကလင်တန်




**ခြူးစန္ဒီနွေး**

ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်က ၎င်းသာသမ္မတအဖြစ် ရွေးချယ်ခံရပါက အမေရိကန်နိုင်ငံ၏ ငွေကြေးဆိုင်ရာကိစ္စများနှင့် စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေအသစ်များ ထပ်၍ထုတ်မည်ဟု ကတိပေးပြောကြားထားခဲ့ရာ ယခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဟီလာရီကလင်တန်သည် ကမ္ဘာ့အင်အားကြီး စီးပွားရေးလုပ်ငန်းများကြီးစိုးသည့် ဝေါစထရိ၏ထောက်ခံမှုကို ကျယ်ကျယ်ပြန့်ပြန့်ရရှိခဲ့သည်။ ရွေးကောက်ပွဲကို သုံးသပ်ကြသည့် သုတေသီတို့ကမူ ဟီလာရီအနေဖြင့် ဝေါစထရိမှ ထောက်ခံမဲများရရှိခြင်းမှာ ဟီလာရီကို ကြိုက်နှစ်သက်ရခြင်းထက် ၎င်း၏ပြိုင်ဘက်ရီပတ်ဘလစ်ကန် သမ္မတလောင်း ဒေါ်နယ်ထရန့်ကို မဲမပေးလိုခြင်းကြောင့်ပင်ဖြစ်သည်ဟု သုံးသပ်ကြသည်။ နိုင်ငံရေးပါတီများနှင့် ကင်းလွတ်သော အမေရိကန်အဖွဲ့အစည်းတစ်ခုဖြစ်သည့် နိုင်ငံရေးဆိုင်ရာပြောင်းလဲလှုပ်ရှားမှုများ လေ့လာရေးစင်တာ၏ နောက်ဆုံးစာရင်းဇယားများ ကောက်ယူမှုအရ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ အလုပ်ရှင်၊ အလုပ်သမားများနှင့် ပုဂ္ဂလိကအစုရှယ်ယာကုမ္ပဏီများမှ ဟီလာရီကလင်တန်၏ မဲဆွယ်စည်းရုံးရေးအဖွဲ့အစည်းကို အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၆ သန်း ပေးအပ်ခဲ့သည်ဟု တွေ့ရှိရသည်။ ရီပတ်ဘလစ်ကန်သမ္မတလောင်း ဒေါ်နယ်ထရန့်ကိုမူ အကြမ်းဖျင်းအားဖြင့် ဒေါ်လာ ၁၉၀၀၀ ပေးအပ်လှူဒါန်းထားသည်ကို တွေ့ရသည်။ ဝေါစထရိမှ ကလင်တန်ကို ထောက်ခံသူများထဲမှ ဘီလျံနာသူဌေးကြီး J.B Pritzker တစ်ဦးတည်းမှပင် ဟီလာရီကလင်တန်ကို ကူညီမှုများပေးနေသည့် နိုင်ငံရေးလှုပ်ရှားမှုကော်မတီ(ပီအေစီ)သို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်း လှူဒါန်းခဲ့သည်။ Pritzker က ဟီလာရီကလင်တန် အိမ်ဖြူတော်သို့ရောက်ရှိစေရေး သူတတ်နိုင်သည့်ဘက်မှ အစွမ်းကုန်ကူညီသွားမည်ဖြစ်ကြောင်း၊ အိမ်ဖြူတော်သည် ဒေါ်နယ်ထရန့်အတွက်မဖြစ်စေရဟု ပွင့်ပွင့်လင်းလင်းပြောခဲ့သည်။ အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဝေါစထရိ၏ထောက်ခံမှုမှာ သိသိသာသာပြောင်းလဲသွားခြင်းပင်ဖြစ်သည်။

၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ရီပတ်ဘလစ်ကန်သမ္မတလောင်း မစ်တ်ရွမ်နေးနှင့် ဒီမိုကရက်တစ်ဘက်မှ အိုဘားမားတို့ယှဉ်ပြိုင်ကြရာတွင် ဝေါစထရိမှ စီးပွားရေးလုပ်ငန်းရှင်များက ရီပတ်ဘလစ်ကန်သမ္မတလောင်း မစ်တ်ရွမ်နေးကို အပြတ်အသတ်ထောက်ခံခဲ့သည်။ မဲဆွယ်စည်းရုံးမှုများတွင် အသုံးပြုရန် ဒေါ်လာ ၁၁၃ သန်း လှူဒါန်းခဲ့သည်။ ဒီမိုကရက်တို့ဘက်ကိုမူ ထောက်ခံမှုနည်းပါးခဲ့သည်။ ယခု၌မူ အခြေအနေများမှာ ပြောင်းပြန်ဖြစ်နေခဲ့သည်။ ဒီမိုကရက်တို့၏ထုံးစံမှာ စီးပွားရေးနှင့်ငွေကြေးဆိုင်ရာကိစ္စရပ်များတွင် တင်းကျပ်သည့် စည်းမျဉ်းဥပဒေများထုတ်ရန် စိတ်အားထက်သန်ကြပြီး ရီပတ်ဘလစ်ကန်တို့ကမူ စည်းမျဉ်းများကို ဖြေလျှော့ပေးလိုကြသည်။ ထို့ကြောင့် ဝေါစထရိသည် ရီပတ်ဘလစ်ကန် သမ္မတလောင်းများကိုသာ ထောက်ခံကြသည်ဟု အေစီအမ်မက်ကရိုကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှုအရာရှိတစ်ဦးဖြစ်သူ စီးပွားရေးလုပ်ငန်းရှင် ကီမင်ချန်က ဆင်ဟွာသို့ ပြောသည်။ ဒေါ်နယ်ထရန့်မှာ ၎င်း၏တစ်ဇွတ်ထိုးဆန်သော အပြုအမူများကြောင့် လူသိများထင်ရှားလာပြီး ဈေးကွက်ရင်းနှီးမြှုပ်နှံမှုအပေါ် ထားရှိသည့် အမြင်မှာ ခန့်မှန်း၍မရနိုင်ကြောင်း ကီမင်ချန်က သူ၏အမြင်ကို ပြောပြခဲ့သည်။ ဟီလာရီမှာမူ ထရန့်နှင့်မတူဘဲ ဝေါစထရိပြုပြင်ပြောင်းလဲရေးအတွက် ရှင်းလင်းပြတ်သားသည့် လမ်းကြောင်းများချမှတ်ထားကြောင်း ချန်က ဆက်ပြောပြသည်။



ဟီလာရီကလင်တန်၏ ဒီမိုကရက်တစ်ပါတီ အမျိုးသားညီလာခံတွင် ပြောကြားသည့်မိန့်ခွန်း၌ ဝေါစထရိကို ပြိုလဲသွားအောင်မလုပ်ဟု အလေးပေးပြောကြားခဲ့သည်။ ဝေါစထရိ၊ စီးပွားရေးလုပ်ငန်းများနှင့်သူဌေးကြီးများသည် မျှတသည့်အခွန်ကိုပေးဆောင်ရမည်။

သမ္မတလောင်းတစ်ဦးအနေဖြင့် ဟီလာရီသည် ညီလာခံ၌မိန့်ခွန်းပြောကြားရာတွင် ဘာနီဆန်းဒါးကိုထောက်ခံသည့် မဲဆန္ဒရှင်များကို ဆွဲဆောင်ရန် ဝေါစထရိကိုဦးတည်၍ ပြောကြားခဲ့သည်ဟုလည်း ချန်ကဆက်ပြောသည်။ ဒီမိုကရက်တစ်တို့အတွက် ရှေ့တန်းမှ ဦးဆောင်သူတစ်ဦးဖြစ်သည့် ဘာနီဆန်းဒါးသည် စီးပွားရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများစွာ ပြုလုပ်ပေးမည်ဟု ကတိထားခဲ့သူလည်းဖြစ်သည်။ အကယ်၍ ဟီလာရီကလင်တန်သာ အမေရိကန်သမ္မတဖြစ်လာပါက ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ စီမံခန့်ခွဲသူများသည် ဝင်ငွေခွန်ပို၍ ပေးဆောင်ရဖွယ်ရှိသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ အခွန်ပို၍ပေးဆောင်ရသည်ကို ကြိုက်နှစ်သက်ခြင်းမရှိသော်လည်းအကယ်၍ ထရန့်သာ သမ္မတဖြစ်လာခဲ့ပါက အမေရိကန်နိုင်ငံ၏စီးပွားရေးကို ကပြောင်းကပြန်ဖြစ်စေနိုင်သည့် မူဝါဒများချမှတ်နိုင်ကြောင်း စီးပွားရေးလုပ်ငန်းရှင်များက သတိပြုမိကြသည်ဟု ကိုလံဘီယာတက္ကသိုလ်မှ တွဲဖက်ပါမောက္ခနှင့် အကြီးတန်းသုတေသနသိပ္ပံပညာရှင် အမရာဆာဗစ်အယ်ရာရီစ်က ဆင်ဟွာသို့ ပြောသည်။ ဝေါစထရိမှ စီးပွားရေးလုပ်ငန်းရှင်များ ကြောက်ရွံ့ကြသည့် နောက်ထပ်ကိစ္စတစ်ရပ်မှာ ဒေါ်နယ်ထရန့်သာ သမ္မတဖြစ်ခဲ့ပါလျှင် မလိုအပ်ဘဲ နောက်ထပ်ကုန်ကျစရိတ် ကြီးမြင့်သည့် စစ်ပွဲအတွင်းသို့ဝင်ရောက်မည်ကို စိုးထိတ်ကြခြင်းပင်ဖြစ်သည်။ "ထရန့်ဟာ လက်လွတ်စပယ်စကားပြောတတ်သလို၊ နှိမ့်ချခွဲခြားဆက်ဆံတဲ့စကားတွေလည်း အများကြီးပြောခဲ့ပါတယ်။ သူ့ရဲ့မူဝါဒတွေဟာ စီးပွားရေးတည်ငြိမ်မှုနဲ့လွတ်လပ်စွာရှင်သန်လုပ်ကိုင်ခွင့်ကို ထိခိုက်လာနိုင်တယ်"ဟုလည်း အချို့က ဝေဖန်ကြသည်။

ရင်းနှီးမြှုပ်နှံသူများသည် အခွန်ပို၍ပေးဆောင်ရခြင်းမှာ ပစ္စည်းဥစ္စာများ ဆုံးရှုံးရခြင်းနှင့်နှိုင်းယှဉ်လျှင် မျှတသည့်ဆုံးဖြတ်ချက်တစ်ခုပင်ဖြစ်သည်ဟု ဟီလာရီက ပြောခဲ့သည်။ ဟီလာရီ၏ ဆုံးဖြတ်ချက်မှာ ဒေါ်နယ်ထရန့်ထက်ပို၍ ရိုးရှင်းသည်။ ဒေါ်နယ်ထရန့်ကမူ ဟီလာရီကို စီးပွားရေးဆိုင်ရာကိစ္စများ၌ တိကျသည့်မူဝါဒမရှိဟု အစဉ်တစိုက်ဝေဖန်ခဲ့သည်။ ထို့ပြင် ဟီလာရီနှင့်သမ္မတအိုဘားမားတို့သည် အိုင်အက်စ်အဖွဲ့ကို တည်ထောင်သူဖြစ်ပြီး အီရတ်ရှိ အမေရိကန်စစ်သားများ အသက်အန္တရာယ်နှင့် ကြုံတွေ့ရခြင်းမှာ ၎င်းတို့ကြောင့်သာဖြစ်သည်ဟု ထရန့်က စွပ်စွဲပြောဆိုထားသည်။ ယင်းသို့ဝေဖန်တိုက်ခိုက်မှုကြောင့် ယခုအခါ ထရန့်သည် ပြင်းထန်သောဝေဖန်တုံ့ပြန်မှုများနှင့် ရင်ဆိုင်နေရသည်။ ထရန့်ကမူ သူသာသမ္မတဖြစ်ခဲ့ပါက အမေရိကန်သို့ ရွှေ့ပြောင်းအခြေချနေထိုင်သူများကို သေချာစွာစိစစ်သည့် ဥပဒေပြဋ္ဌာန်းမည်ဟု ပြောခဲ့ပြန်သည်။ ထရန့်၏ အစီအစဉ်မှာ အကြမ်းဖက်လုပ်ရပ်များနောက်ခံရှိသည့်နိုင်ငံများမှ နိုင်ငံသားများကို အမေရိကန်နိုင်ငံအတွင်းသို့ဝင်ရောက်ခွင့်မပြုရန်ပင်ဖြစ်သည်။

ထို့ပြင် အိုဟိုင်းအိုးပြည်နယ်၌ ပြောခဲ့သည့် သူ၏မိန့်ခွန်း၌လည်း အစ္စလာမ္မစ်အစွန်းရောက်ဝါဒီများကို နှိမ်နင်းမည်ဟု ပြောထားခဲ့သည်။ ထိုကဲ့သို့အပြောများကြောင့်လည်း ဝေါစထရိမှ စီးပွားရေးလုပ်ငန်းရှင်များသည် နောက်ထပ်စစ်ပွဲတစ်ခုအတွင်းသို့ အမေရိကန်ဝင်ရောက်မည်ကို စိုးရိမ်ကြခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဟီလာရီကလင်တန်အနေဖြင့် ဝေါစထရိ၏ ထောက်ခံမှုကို အခိုင်အမာရရှိလာခြင်းမှာ အမှန်ပင်ဖြစ်သည်။ မကြာမီအချိန်အတွင်း၌ အမေရိကန်သမ္မတရွေးကောက်ပွဲ ကျင်းပတော့မည်ဖြစ်ရာ မည်သူက သမ္မတဖြစ်လာမည်ဆိုသည်မှာ အဖြေပေါ်ရန် နီးကပ်လာပြီဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**

**ဝေါစထရိမှ စီးပွားရေး လုပ်ငန်းရှင်များ ကြောက်ရွံ့ကြသည့် နောက်ထပ် ကိစ္စတစ်ရပ်မှာ ဒေါ်နယ် ထရန့်သာ သမ္မတဖြစ်ခဲ့ ပါလျှင် မလိုအပ်ဘဲ နောက်ထပ် ကုန်ကျစရိတ် ကြီးမြင့်သည့် စစ်ပွဲ အတွင်းသို့ ဝင်ရောက်မည် ကို စိုးထိတ်ကြခြင်းပင် ဖြစ်**

# အမေရိကန်နိုင်ငံသည် ၎င်းကိုယ်တိုင်နှင့် မဟာမိတ်နိုင်ငံများအတွက် နျူကလီးယားပိတ်ပင်ဟန့်တားမှုများကို ဆက်လက်လုပ်ဆောင်သွားမည်

**ဝါရှင်တန် ဩဂုတ် ၁၇**

လုံခြုံရေးဆိုင်ရာမဟာဗျူဟာတွင် နျူကလီးယား၏အခန်းကဏ္ဍ လျှော့နည်းလာစေရန်အတွက် အမေရိကန်နိုင်ငံသည် ၎င်းကိုယ်တိုင်နှင့် မဟာမိတ်နိုင်ငံများအတွက် နျူကလီးယားပိတ်ပင်ဟန့်တားမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည့်သတင်းတစ်ရပ်ကို အင်န်အိတ်ချ်ကေတွင် ဩဂုတ် ၁၇ ရက်က ဖော်ပြခဲ့သည်။

နျူကလီးယားလက်နက်ကို ပထမဆုံးအသုံးမပြုဟူသည့် အမေရိကန်သမ္မတဘားရက်အိုဘားမား၏ မူဝါဒကိုသတင်းမီဒီယာများက ဖော်ပြထားသည်ကို ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ထိုသို့မှတ်ချက်ပြုလိုက်ခြင်းဖြစ်သည်။

မီဒီယာဖော်ပြချက်များတွင် ထိုသို့နျူကလီးယားလက်နက်အသုံးပြုခြင်းနှင့်ပတ်သက်ပြီး အမေရိကန်သာမက ဂျပန်နိုင်ငံအပါအဝင် အခြားမဟာမိတ်နိုင်ငံများက စိုးရိမ်ပူပန်နေကြောင်း ဖော်ပြပါရှိသည်။

**(အင်န်အိတ်ချ်ကေ)**



❍ *ကျော်ဖုံးမှ*

ယင်းသို့ ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းမြင့်တက်လာရခြင်းမှာ ပြည်ပဈေးမြင့်တက်လာခြင်း၊ ပြည်တွင်းသို့ စားအုန်းဆီဝင်ရောက်မှု နည်းခြင်းတို့ကြောင့်ဟု ဆီဈေးကွက်တွင် ပြောဆိုမှုများ ရှိနေသည်။ ရက်သတ္တနှစ်ပတ်ခန့်အတွင်း စားအုန်းဆီဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၃၀၀ ခန့်၊ ဆီတန်ချိန် တစ်တန်လျှင် ငွေကျပ် နှစ်သိန်းဝန်းကျင် ပြည်ပမှ ဆီတင်သွင်းသူများ၊ ပြည်တွင်းဆီ လက်ကျန် လက်ဝယ်ရှိသူများ ရက်ပိုင်းအတွင်း အကျိုးအမြတ်ရရှိနေသည်။

ပြည်တွင်းဆီဈေးနှုန်း မြင့်တက်လာမှုအတွက် ကြိုရောင်းဈေးများအပေါ် တွက်ချက်၍ တရားဝင်ပြည်ပမှ အရင်းဈေးနှုန်း တွက်ချက်ဖော်ပြနေခြင်း၊ ပြည်ပ ဆီဈေးကွက်တွင် လက်ငင်းဆီ ဝယ်ယူ၍မရခြင်း၊ ဆီတင်ပို့ရာတွင် အခက်အခဲရှိနေခြင်းဆိုသော ပြောဆိုချက်များမှာ အကြောင်းခိုင်လုံမှုမရှိဘဲ ဈေးကွက်တွင် ဆီဈေးနှုန်းမြှင့်တင်ရန် အကြောင်းပြခြင်းမျိုးသာ ဖြစ်နိုင်သည်ဟု ဆီကုန်သည် ဦးနေလင်းက ပြောသည်။

၂၀၁၁ နှစ်လယ်မှစ၍ ပို့ကုန်ရငွေဝင်ငွေရှိသူတိုင်း စားအုန်းဆီတင်သွင်းခွင့်ပေးခဲ့ရာ ပြည်တွင်းစားအုန်းဆီ တည်ငြိမ်ရေး ဦးတည်လုပ်ဆောင်ရန် ခွင့်ပြုခြင်းဖြစ်သော်လည်း ၂၀၁၆ ခုနှစ်အတွင်း ပြည်တွင်းစားအုန်းဆီ ဈေးကွက်တွင် ဈေးနှုန်းတည်ငြိမ်မှုမရှိဘဲ မကြာခဏ ဈေးမြင့်တက်မှုများရှိသည်။

ပြည်တွင်းစားသုံးဆီ လိုအပ်ချက်အရ တစ်နှစ်လျှင် စားသုံးဆီတန်ချိန် သုံးသိန်းဝန်းကျင် လိုအပ်ချက်ရှိ၍ တစ်လလျှင် ပြည်ပမှ စားအုန်းဆီတန်ချိန် သုံးသောင်းဝန်းကျင် တင်သွင်းခွင့်ပြုနေသည်ဟု သိရသည်။ သို့သော် ဩဂုတ် ၁၅ ရက်တွင် ထုတ်ပြန်သော ဆီအသင်း၏ ပြည်ပမှ စားအုန်းဆီတင်သွင်းခွင့် လျှောက်ထားသည့်အပေါ် ထောက်ခံချက်ထုတ်ပေးသည့် စာရင်းတွင် ဇွန် ၈ ရက်မှ ၁၂ ရက်အတွင်း ကန်ဆီတန်ချိန် ၂၁၉၀၀၊ ထုပ်ပိုးပြီး တန်ချိန် ၈၀.၂၆ ဒသမ ၆၇၀၀၊ စုစုပေါင်း ၂၉၉၂၆ ဒသမ ၆၇၀၀ ရှိကြောင်း ဖော်ပြထားသည်။

ပြည်ပမှ ဆီတင်သွင်းလိုင်စင်ရရှိသူများအနေဖြင့် လက်ဝယ်တွင် သုံးလတာ ထားရှိခွင့်ရှိသည်။ သို့ဖြစ်၍ ပြည်ပမှ စားအုန်းဆီတင်သွင်းရာတွင် ပိုလျှံမှုရှိသဖြင့် ပြည်တွင်းဆီစက်လုပ်ငန်းရှင်များ ထိခိုက်မှုရှိရာ ပြည်ပမှလျှော့ချတင်သွင်းရန် ပြောဆိုမှုများ မီဒီယာများတွင် ဖော်ပြလာသည်ကို မြင်တွေ့ရသည်။

၂၀၁၆ နှစ်ဝက်ကာလအတွင်း မကြာခဏတွေ့ကြုံနေရသည့် ပြည်တွင်းစားအုန်းဆီဈေးကွက် မတည်ငြိမ်မှုကို သက်ဆိုင်ရာက အလေးထားပြုပြင်ပေးသင့်ကြောင်း၊ ဩဂုတ်လ နေ့စဉ်ဈေးနှုန်းတွင် စက်တင်ဘာ၊ အောက်တိုဘာလအတွင်း ရောင်းချသည့် ကြိုရောင်းဈေးများဖြင့် ဖော်ပြတွက်ချက်ထားခြင်း၊ ပြည်ပပုဂ္ဂလိကဈေးကွက်တွင် စားအုန်းဆီ ဝယ်မရကြောင်း အကြောင်းပြနေခြင်းတို့သည် ဝိသမလောဘသမားတို့၏ ဈေးကစားမှု သက်သက်သာဖြစ်သည်ဟု ယူဆဖွယ်ရာဖြစ်ကြောင်း ဆီဈေးကွက် လေ့လာစောင့်ကြည့်သူ တစ်ဦးက သုံးသပ်ပြောဆိုသည်။

ပြည်ပမှတင်သွင်းလာသော ဝမ်းပုံ-ဝမ်းလောင်းကန်ဆီဈေးနှုန်း တစ်ပိဿာလျှင် ၁၅ ရက်ဝန်းကျင်တွင် ငွေကျပ် ၃၀၀ ခန့် ဈေးမြင့်တက်လာသည်။ အလားတူ ပုံးဝါဆီ ၁၀ ပိဿာဝင်ပုံး ဈေးမှာလည်း ငွေကျပ် ၁၆၅၀၀ မှ ၁၈၀၀၀ သို့ ဈေးမြင့်တက်လာသည်ဟု ဆီကုန်သည် ကိုနိုင်ဝင်းက ပြောသည်။

ဩဂုတ် ၁ ရက်တွင် FOB တစ်တန်ဈေးနှုန်း ၆၅၀ ဒေါ်လာ၊ ဆိပ်ကမ်းရောက် အရင်းဈေး တစ်ပိဿာ ၁၄၅၄ ကျပ်၊ ဆီထုတ်ယူခွင့်စာရွက် တစ်ပိဿာ ငွေကျပ် ၁၄၈၀ သာရှိခဲ့သည်။ ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် ဆီထုတ်ယူခွင့်စာရွက် တစ်ပိဿာဈေးနှုန်းသည် ငွေကျပ် ၁၇၆၀ သို့ မြင့်တက်လာသည်။

ဩဂုတ် ၁၆ ရက်တွင် ပြည်ပစားအုန်းဆီ FOB တစ်တန်ဈေးနှုန်း ၇၅၀ ဒေါ်လာ၊ ဆိပ်ကမ်းရောက် အရင်းဈေးနှုန်းတစ်ပိဿာ ၁၆၆၃ ကျပ်၊ ဆီထုတ်ယူခွင့် စာရွက် D.O တစ်ပိဿာရောင်းဈေး ငွေကျပ် ၁၇၃၀ ဖြစ်သည်ဟု ဆီအသင်း၏နေ့စဉ်ဈေးနှုန်း သတင်းပေးပို့ချက်တွင် တွေ့ရသည်။ FOB ဈေးနှုန်း ဖော်ပြရာတွင် CP 8 ˚C Max (October) ဟု ဖော်ပြထားသည်။ ယခု ဩဂုတ်လအတွင်း ပြည်ပဈေးနှုန်းများ ဖော်ပြရာတွင် ဩဂုတ် ၄ ရက်တွင် ဩဂုတ်လ၊ ဩဂုတ် ၁၀ ရက်တွင် စက်တင်ဘာလ၊ ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် အောက်တိုဘာလ ပြည်ပဈေးနှုန်းများကို ဖော်ပြထားသည်မှာ ထူးခြားမှုဖြစ်သည်ဟု ဆီကုန်သည် တစ်ဦးက ပြောသည်။

## မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် ဩဂုတ် ၁၇**

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိခဲ့ကာ ယနေ့ မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်များအရ အဆိုပါမုန်တိုင်းငယ်သည် သိသိသာသာ ရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့၏ တောင်-အရှေ့တောင်ဘက် ၇၅ မိုင် ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီးအနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟုခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင် လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေသည်။ **(မိုး/ဇလ)**



**လဟယ်မြို့နယ် စီမံခန့်ခွဲမှုကော်မတီသည် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အသက်ကိုးလမှ ၁၅နှစ်အထိ ကလေးသူငယ်များကို မြို့နယ်လုံးကျွတ် ဝက်သက်ကာကွယ်ဆေးထိုးနှံရန် အဖွဲ့ငါးဖွဲ့ဖွဲ့စည်း၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၆ ရက်က ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးစဉ်** (မြို့ပေါ်(၅)ရပ်ကွက်နှင့် ကျေးရွာ ၉၅ ရွာမှ ကလေးသူငယ်ပေါင်း ၁၇၀၀၀ ခန့်ကို မြို့နယ်လုံးကျွတ် ကွက်ပြည့်နှင်း ကာကွယ်ဆေးများ ထိုးနှံသွားမည်ဖြစ်ကြောင်း သိရသည်။)
**စန်းလွင်ဦး(ပြန်/ဆက်)**

❒ *ကျော်ဖုံးမှ*

အဆင်ပြေစေရေးအတွက် မော်တော်ဆိုင်ကယ် ၁၀ စီးကို ချက်ချင်းထောက်ပံ့ပေးနိုင်ခဲ့သည်။ ကွင်းဆင်းအဖွဲ့များသည် ကျေးရွာများတွင် ဆေးခန်းများဖွင့်လှစ်၍ ပြည်သူလူထုအား ဆေးကုသမှုပေးခဲ့ရာ ဆေးခန်းပြလူနာ ၁၁၆၇ ဦးအားလည်း ဆေးကုသမှုပေးနိုင်ခဲ့သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချက်ချင်းနှင့် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်မည် ဖြစ်သည်။ ချက်ချင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များအဖြစ် ဖြစ်ပွားလျက်ရှိသော ရောဂါကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်းများနှင့် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း ဆက်လက်ဆောင်ရွက်ခြင်း၊ အာဟာရကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအဖြစ် ကလေးငယ်များအား ဗီတာမင်နှင့် အာဟာရမှုန့်တိုက်ကျွေးခြင်း၊ နှစ်နှစ်မှ ကိုးနှစ်အတွင်း ကလေးများအား သန်ချဆေးတိုက်ကျွေးခြင်း၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ အိတ်ချ်အိုင်ဗွီရောဂါနှင့် အခြားကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးအတွက်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ရောဂါထိန်းချုပ်ကုသနှိမ်နင်းရေးအဖွဲ့များနှင့် ပြည်သူ့ကျန်းမာရေး အထူးကုဆရာဝန်ကြီးများအား စေလွှတ်ခြင်း၊ ကုသရေးဦးစီးဌာနမှ ကလေးအထူးကုဆရာဝန်ကြီးများနှင့် သမားတော်ကြီးများ ပါဝင်သောဆေးအဖွဲ့များက ကျေးရွာများသို့ ကွင်းဆင်းကုသမှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရေတိုစီမံချက်အနေဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစ၍ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များရှိ ကျေးရွာအားလုံးတွင် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို အထူးကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ် (Special Immunization Programme) ဖြင့် WHO, UNICEF တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အဆိုပါမြို့နယ် သုံးခုလုံးတွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေးလုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများအား အားဖြည့်ဆောင်ရွက်ခြင်း၊ လစ်လပ်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ ဖြည့်စွက်ခန့်ထားခြင်း၊ ကျေးရွာတိုင်းတွင် လူထုကျန်းမာရေးလုပ်သားများ လေ့ကျင့်မွေးထုတ်ခြင်း၊ သားဖွားဆရာမများအတွက် ယာယီကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ပေးခြင်း၊ ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးစီမံချက် (Comprehensive Health Development Plan) ရေးဆွဲဆောင်ရွက်ခြင်းတို့အား စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရေရှည်စီမံချက်အနေဖြင့် ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(ခွဲ)မင်းတန်းကျောင်း အဌမတန်း(C)မှ မအေးအေးမွန်နှင့် တတိယတန်းမှ မဖြူသဇင်မွန်တို့၏ဖခင်အမည်မှန်မှာ ဦးလှဝင်းဖြစ်ပါသည်။
**ဦးလှဝင်း ၁၀/ပမန(နိုင်)၁၁၉၂၄၁**

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့ အထက တက္ကသိုလ်ဝင်တန်း(F)မှ မခင်ဆွေဝင်း၏ ဖခင်အမည်မှန်မှာ ဦးချက်ကြီး(ခ)ဦးညိုဝင်း ၅/ဗမန(နိုင်)၀၂၃၂၆၈ ဖြစ်ပါကြောင်း။ **ဦးချက်ကြီး(ခ)ဦးညိုဝင်း**

**ဖခင်အမည်မှန်**
ကျိုက်လတ်မြို့၊ အထက(၁) နဝမတန်း(C)မှ မသိမ့်သူသူအောင်၏ဖခင် အမည်မှန်မှာ ဦးဝင်းရွှေ ၁၂/ဗဟန(နိုင်)၀၈၀၁၆၄ ဖြစ်ပါကြောင်း။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 8D/8681 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 8G/8622, Ka Ba Tyaw L/T(KBK), P/U(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းထိုက် ၈/ဆဖန(နိုင်)၀၅၈၄၀၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မူဆယ်)၊ မူဆယ်မြို့**

**အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားခြင်း**
**အကြောင်းကြားစာ**
**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌**
**၂၀၁၆ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆၃**
**ကွယ်လွန်သူ ဦးစံလှအောင်၏ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း**
ဒေါ်နန်းရင်စိန် လျှောက်သူ
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁) ရပ်ကွက်၊ တက္ကသီလာလမ်း၊ အမှတ်-၃၆၇နေ ဒေါ်နန်းရင်စိန်က ကွယ်လွန်သူ ဦးစံလှအောင်၏ ညီမဖြစ်သူ ဟူ၍ ၎င်းကွယ်လွန်သူ ဦးစံလှအောင်မှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစံလှအောင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူ ဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၆ခုနှစ် စက်တင်ဘာ ၉ရက် (၁၃၇၈ခုနှစ် တော်သလင်းလဆန်း ၈ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်နန်းရင်စိန်၏လျှောက်ချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။
၂၀၁၆ခုနှစ် ဩဂုတ် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။
**(ခိုင်ခိုင်မျိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**
ပြည်မြို့၊ ဆင်စုရပ်၊ ပြည်-ရန် ကုန်လမ်း၊ အမှတ် ၁၆၀နေ ဦးကုလား (ခ) ဦးသန်းထွန်း-ဒေါ်ရီရီဝင်း(ခ)မကြူတို့၏သားကြီး မောင်အောင်မိုးဦး ၇/ပမန(နိုင်)၁၅၉၄၂၃၏ ကိစ္စအဝဝနှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ဘဲ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အသိပေးအပ်ပါသည်။
**ဦးသန်းထွန်း-ဒေါ်ရီရီဝင်း**

**ပျောက်ဆုံးကြောင်း**
ကျွန်မ မအေးအေးအောင် ၁၂/ဒဂတ(နိုင်)၀၄၈၂၀၇၏ နိုင်ငံကူးလက်မှတ်စာအုပ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၆၇၉၉၉၅**

**ပျောက်ဆုံးကြောင်း**
ကျွန်တော်ကျော်စိုးဦး ၁၂/ဥကတ(နိုင်)၁၂၉၉၇၂ C.D.C 29533 ၏ SSA လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၂၈၅၅၈၄၈၃**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ စစ်ကိုင်းတိုင်းဒေသကြီးတွင် အောက်ဖော်ပြပါ စက်ကိရိယာပစ္စည်းများနှင့် တိရစ္ဆာန်ဆေး ဝါး/ဆေးပစ္စည်းဝယ်ယူရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
- ကွန်ပျူတာ၊ ပရင်တာ၊ ဖက်စ် ဝယ်ယူခြင်း
- တိရစ္ဆာန်ဆေးဝါးနှင့် ဆေးပစ္စည်းဝယ်ယူခြင်း
၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁၇-၈-၂၀၁၆ရက်မှ ၂၆-၈-၂၀၁၆ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၃၁-၈-၂၀၁၆ရက် ၁၆:၀၀နာရီ
(ဂ) **တင်ဒါတင်သွင်းမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး
၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၇၁-၂၃၇၁၉၊ ၀၇၁-၂၆၅၄၃ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။
**တင်ဒါခေါ်ယူရေးကော်မတီ**

**ဖခင်အမည်မှန်**
သထုံမြို့နယ်၊ အထက(ခွဲ)၊ ညောင်ချောင်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မလှလှခိုင်၏ ဖခင်အမည်မှန်မှာ ဦးရွှေမှတ် ၁၀/သထန(နိုင်)၂၅၀၁၄၃ဖြစ်ပါကြောင်း။ **ဦးရွှေမှတ်**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရခိုင်ပြည်နယ်ကုသရေးဦးစီးဌာန၊ စစ်တွေမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်ကုသရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်၊ မြို့နယ်၊ တိုက်နယ်ဆေးရုံများတွင် တက်ရောက်ကုသမှုခံယူသော လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ **လျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁၈-၈-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၉-၂၀၁၆ရက် ညနေ၄နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။
**ဆေးရုံအုပ်ကြီးရုံး**
**အထွေထွေရောဂါကုဆေးရုံကြီး၊ စစ်တွေမြို့**
**ဖုန်း-၀၄၃-၂၁၀၇၁၊ ၂၃၅၁၂၊ ၀၉-၂၆၄၆၂၂၂၀**

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046, 392048, 256954
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
3:30 - 5 (Mon ~ Thurs) 16 Aug
1 - 2:30 (Mon ~ Thurs) 29 Aug
9 - 12:00 (Sat + Sun) 4 Sep
6 - 7:30 (Mon ~ Thurs) 6 Sep
1 - 4:00 (Sat + Sun) 10 Sep
BASIC FOUR SKILLS ENGLISH
7:30 - 9 (Mon ~ Thurs) 16 Aug
9 - 12:00 (Sat + Sun) 20 Aug
1 - 2:30 (Mon ~ Thurs) 22 Aug
1 - 4:00 (Sat + Sun) 27 Aug
3:30 - 5 (Mon ~ Thurs) 30 Aug
9 - 12:00 (Sat + Sun) 10,17 Sep
BASIC WRITING
1 - 4:00 (Sat + Sun) 28 Aug

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 29 Aug
7:30-10:30 (Sat + Sun) 4 Sep
1 - 2:30 (Mon ~ Thurs) 5,26 Sep
7:30 - 9 (Mon ~ Thurs) 13 Sep
1 - 4:00 (Sat + Sun) 24 Sep
INTERMEDIATE (ACADEMIC ENGLISH)
10-11:30 (Mon ~ Thurs) 15 Aug
3:30 - 5 (Mon ~ Thurs) 5 Sep
10-11:30 (Mon ~ Thurs) 13 Sep
1 - 2:30 (Mon ~ Thurs) 26 Sep
VOCAB ENRICHMENT
9 - 12:00 (Sat + Sun) 20 Aug
1 - 2:30 (Mon ~ Thurs) 30 Aug
BASIC GRAMMAR
3:30 - 5 (Mon ~ Thurs) 23 Aug
1- 4:00 (Sat + Sun) 17 Sep

BASIC ENGLISH SPEAKING
1 - 2:30 (Mon ~ Thurs) 29 Aug
10-11:30 (Mon ~ Thurs) 13 Sep
12 - 3:00 (Sat + Sun) 17 Sep
BASIC FOUR SKILLS ENGLISH
10-11:30 (Mon~Thurs) 29 Aug
1 - 2:30 (Mon~Thurs) 30 Aug
1 - 4:00 (Sat + Sun) 3 Sep
7:30-10:30 (Sat + Sun) 4 Sep
IELTS (Preparation)
1 - 4:30 (Sat + Sun) 27 Aug
7:30-9:30 (Mon~Thurs) 12 Sep
IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 5 Sep
IELTS (Reading + Vocab)
1 - 3:00 (Mon~Thurs) 29 Aug

BASIC GRAMMAR
1- 2:30 (Mon ~ Thurs) 6 Sep
PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 6 Sep
INTERMEDIATE (ACADEMIC ENGLISH)
4:30-7:30 (Sat + Sun) 27 Aug
7:30 - 9 (Mon ~ Thurs) 19 Sep
IELTS (Preparation)
4:30-7:30 (Sat + Sun) 24 Sep
IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 24 Sep
IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 22 Aug
IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 26 Sep

## သံလမ်းလိုက်လံစစ်ဆေးစဉ် အငယ်တန်းအင်ဂျင်နီယာတစ်ဦး ထရော်လီပေါ်မှပြုတ်ကျသေဆုံး

**ဆင်ပေါင်ဝဲ ဩဂုတ် ၁၇**
ဆင်ပေါင်ဝဲမြို့နယ် သရက်-မင်းလှ ရထားလမ်း၌ ရထားသံလမ်းဗိုလ်ကြီး တစ်ဦး ရထားထရော်လီပေါ်မှ ပြုတ်ကျသေဆုံးခဲ့မှု ဩဂုတ် ၁၆ ရက်က ဖြစ်ပွားခဲ့သည်။

ဩဂုတ် ၁၆ ရက် ည ၈ နာရီ ၃၅ မိနစ်က သရက်-မင်းလှ ရထားလမ်းပိုင်းအား သရက်မှ မင်းလှသို့ ဦးသန်းရွှေမောင်းနှင်လာသည့် ရထားထရော်လီဖြင့် ဦးစန်းလွင် (၅၄ နှစ်) (လမ်းဗိုလ်ကြီး၊ အငယ်တန်းအင်ဂျင်နီယာ-၁၊ သံလမ်း)၊ မင်းဘူးရထားဝင်းနှင့် ဦးသက်ထွေး (အငယ်တန်းအင်ဂျင်နီယာ-၁၊ လုပ်ငန်း)၊ ဦးကြူဝင်းနိုင် (သံလမ်းလုပ်သား) တို့နှင့်အတူ ရထားလမ်းအား လိုက်လံစစ်ဆေးစဉ် ရှားတိုင်ကြီး ကျေးရွာအနီး ရထားလမ်းပေါ်သို့ လှည်းလမ်း ဖြတ်ကူးသည့်နေရာအရောက် ရထားလမ်းပေါ်တွင် တင်နေသာ ကျောက်ခဲအား တက်ကြိတ်မိစဉ် ဦးစန်းလွင်သည် ထရော်လီပေါ်မှ ပြုတ်ကျ၍ ဦးခေါင်းယာဘက်ကွဲအက်၊ ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့၍ မင်းလှပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစဉ် သေဆုံးသွားခဲ့ကြောင်း အမှုစစ်၏ စစ်ဆေးချက်အရ သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ရဲအုပ်ခင်မောင်စိုးက တရားလိုပြု တိုင်ကြားခဲ့သဖြင့် ဆင်ပေါင်ဝဲမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။
**ကျော်ဇေယျ**

## လာဘ်ငွေနှစ်သိန်းတောင်းယူသည့် မိတ္ထီလာမြို့မရဲစခန်းမှူးနှင့် ရဲအုပ်တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲဆိုအရေးယူ

**နေပြည်တော် ဩဂုတ် ၁၇**
မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းဘေး ဆင်စလွယ်ကျေးရွာရှိ အောင်ကောင်းပြည့် စက်သုံးဆီအရောင်းဆိုင်၌ မေ ၂၄ ရက် မွန်းလွဲ ၂ နာရီက မီးချောင်းကျွမ်းနေသဖြင့် ဆိုင်ဝန်ထမ်း မောင်ဖြိုး(ခ)ပြည့်ဖြိုးက အသစ်လဲလှယ်တပ်ဆင်ရာမှ ဓာတ်လိုက်သေဆုံးသွားခဲ့သည်။

ယင်းကိစ္စရပ်ကို မိတ္ထီလာမြို့မရဲစခန်းမှ စခန်းမှူး ဦးသိန်းဟန်နှင့် အဖွဲ့က လာရောက်စစ်ဆေးပြီးနောက် စက်သုံးဆီဆိုင်ပိုင်ရှင် ဦးအောင်ဝင်းအား ရဲစခန်းသို့ လာရောက်ရန် အကြောင်းကြားသဖြင့် သွားရောက်ခဲ့ရာ ရဲအုပ် ဇော်ဝေကျော်မှတစ်ဆင့် ငွေကျပ်နှစ်သိန်းပေးရန် တောင်းကြောင်း၊ ဆိုင်ပိုင်ရှင် ဦးအောင်ဝင်းက နောက်ရက်မှ ပေးမည်ပြောသည်ကို ရဲစခန်းမှူးက လက်မခံဘဲ ဒီည ဖြစ်အောင်ပေးရန် ရင့်သီးစွာ ပြောဆိုသဖြင့် မိတ်ဆွေတစ်ဦးထံမှ ငွေချေးယူကာ ယင်းနေ့ ည ၉ နာရီတွင် သက်သေသုံးဦးနှင့်အတူ ငွေနှစ်သိန်း သွားရောက်ပေးအပ်ခဲ့ကြောင်း၊ စခန်းမှူးကိုယ်စား ရဲအုပ် ဇော်ဝေကျော်က လက်ခံခဲ့သည်ကို ဆိုင်ပိုင်ရှင် ဦးအောင်ဝင်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ဇွန်လ ၇ ရက်နေ့စွဲပါစာဖြင့် တိုင်ကြားခဲ့သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ တိုင်ကြားသည့်အတိုင်းမှန်ကန်ကြောင်း စစ်ဆေးပေါ်ပေါက်၍ မိတ္ထီလာမြို့မရဲစခန်းမှူး ဦးသိန်းဟန်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် ဩဂုတ် ၁၆ ရက်ကလည်းကောင်း၊ ရဲအုပ်ဇော်ဝေကျော်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၇ အရ မိတ္ထီလာမြို့နယ် တရားရုံးတွင် ဩဂုတ် ၁၇ ရက်ကလည်းကောင်း အသီးသီးတရားစွဲဆို အရေးယူထားကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။
**(သတင်းစဉ်)**

## ချောင်းဆုံမြို့နယ်၌ လေပြင်းတိုက်ခတ်

**ချောင်းဆုံ ဩဂုတ် ၁၇**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဒေါင်းရပ်အနောက်ကျေးရွာအုပ်စု အကွက်အမှတ်(၇)တွင် ဩဂုတ် ၁၇ ရက် နံနက် ၂ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ဝါးပိုးဝါး၊ တိုင်ထူ၊ ဓနိကာ လူနေတဲတစ်လုံး ပြိုကျပျက်စီးခဲ့သဖြင့် ကျေးရွာကော်မတီ နှစ်ရပ်နှင့် ရွာသူ/ရွာသားများ ဝိုင်းဝန်းရှင်းလင်း ဖယ်ရှားခဲ့သည်။ တဲပိုင်ရှင် ဦးစိုးနိုင်နှင့် မိသားစုဝင် ငါးဦးတို့မှာ ၎င်း၏ မိခင်ဖြစ်သူ နေအိမ်တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် လေပြင်းတိုက်ခတ်မှုအခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

## သန်လျင်၌ ခရမ်း-ရန်ကုန် ခရီးသည်တင်ယာဉ် အရှိန်လွန်ယာဉ်တိုက်မှု တစ်ဦးသေဆုံး

**ရန်ကုန် ဩဂုတ် ၁၇**
သန်လျင်မြို့ဘုရားကုန်းလမ်းဆုံ၌ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၁၂ နာရီခွဲက ခရမ်း-ရန်ကုန်ခရီးသည်တင်ယာဉ် အရှိန်လွန်ကာ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မှုဖြစ်ပွားခဲ့သဖြင့် တစ်ဦးသေဆုံးခဲ့သည်။




သန်လျင်-သုံးခွလမ်း အတိုင်း ယာဉ်မောင်း ဝေလင်းမောင်(၃၇ နှစ်) ခရမ်းမြို့နယ်နေသူ မောင်းနှင်သော ယာဉ်အမှတ် 7B/---- ခရမ်း-ရန်ကုန် ခရီးသည်တင်ယာဉ်သည် သန်လျင်မြို့ ဘုရားကုန်းလမ်းဆုံအရောက် အရှိန်မထိန်းနိုင်ဘဲ ယာဉ်ကြောတူ ရှေ့မှ ယာဉ်အမှတ် 9B/---- ဟွန်ဒိုင်း သုံးခွ-ရန်ကုန် ခရီးသည်တင်မော်တော်ယာဉ်နှင့် မျက်နှာချင်းဆိုင်မှ ယာဉ်အမှတ် 3G/---- တိုယိုတာ ဘယ်လ်တာယာဉ်အား တိုက်မိပြီး ဆိုင်ကယ်မောင်း ထွန်းဇာနည်ကျော်(၂၉ နှစ်) ကွမ်းခြံကုန်းကျေးရွာ သန်လျင်မြို့နေသူ မောင်းနှင်သော ဆိုင်ကယ်အား တိုက်မိကာ ဒေါ်စန်းစန်းမြင့် စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်တိုက်မိခဲ့သည်။ **(အပေါ်ယာပုံ)**

ထိုသို့တိုက်မိရာ ဆိုင်ကယ်မောင်း ထွန်းဇာနည်ကျော်မှာ ရရှိဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ ယာဉ်မောင်း ဝေလင်းမောင်၊ ခရမ်း-ရန်ကုန်ခရီးသည်တင်ယာဉ်ပါ မသန်းသန်းဌေး (၄၈ နှစ်)၊ ကိုချစ်မင်းအောင်(၃၂ နှစ်)တို့မှာ သန်လျင်ဆေးရုံကြီး ပြင်ပလူနာ(မစိုးရိမ်ရ)ဖြင့် ဆေးဝါးကုသလျက်ရှိသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း ဝေလင်းမောင်အား သန်လျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**သက်ခိုင်(သန်လျင်)**

## ရှာဒေါင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**မြစ်ကြီးနား ဩဂုတ် ၁၇**
မြစ်ကြီးနား မူးယစ်တပ်ဖွဲ့စု(၂)မှ ရဲအုပ်စိုးရန်လင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ဆွေဝင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် မြစ်ကြီးနားမြို့အဝင် ရှာဒေါင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ရှာဖွေစစ်ဆေးသည်။ နမ္မတီးဘက်မှ မြစ်ကြီးနားဘက်သို့ ဂျာမော်တန်ဂွမ်း မောင်းနှင်ပြီး ဇနီးဖြစ်သူ မမရန်ဂျာတောင် လိုက်ပါလာသော YGN-2D/---- ပါဂျဲရိုးယာဉ်ကို စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇ ပြားပါ တစ်ထုပ်၊ ၁၉၆ ပြားပါ နှစ်ထုပ် စုစုပေါင်း ဆေးပြား ၅၈၉ ပြား ရှာဖွေသိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့အား မြစ်ကြီးနားနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။
**(ပြည်နယ် ပြန်/ဆက်)**

## လွိုင်လင်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**လွိုင်လင် ဩဂုတ် ၁၇**
ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့ မြို့မရဲစခန်းမှ ရဲတပ်ကြပ်ကြီး ဇော်မြင့်နှင့် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် ညနေ ၄ နာရီ က လွိုင်လင်-နမ့်စန် သွားကားလမ်း မိုင်တိုင်အမှတ် (၁၇၆) အနီး ပန်ခေါက်ဝိုးကျေးရွာအနီး၌ မော်တော်ယာဉ်၊ ဆိုင်ကယ်များကို ရှောင်တခင်ပိတ်ဆို့ ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ ရှာဖွေရာ နမ့်စန်မြို့ဘက်မှ ဦးအောင်မိုး မောင်းနှင်သော နမ့်စန်-တောင်ကြီး ရွှေမြင့်မိုရ် ခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်ကို ရှာဖွေရာ ခရီးသည် ကျော်ကျော်ဝင်း(၃၄ နှစ်) တောင်ကြီးမြို့နေသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ အထုပ်ငယ် ၃၀ စုစုပေါင်း ဆေးပြား ၆၀၀၀ ကာလတန်ဖိုး ငွေကျပ် သိန်း ၁၈၀ ခန့်အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းအားအရေးယူထားကြောင်း သိရသည်။
**ဝင်းမင်းသန်း(ပြန်/ဆက်)**


MYANMAR ENGINEERING SOCIETY
M.E.S Affiliated Centre

CHINDWIN COLLEGE
helping you engineer your future

PEARSON
BTEC



တက္ကသိုလ်ဝင်တန်း မအောင်သေးသူတွေအတွက် ရွေးချယ်စရာ အခွင့်အလမ်းသစ်

တက္ကသိုလ်ဝင်တန်းကို တစ်ကြိမ်ဖြေဆိုပြီးသူတွေအနေနဲ့ Pearson BTEC Level 3 Program ကို ချင်းတွင်းကောလိပ်မှာ တက်ရောက်နိုင်ပါပြီ။

အလွတ်ကျက်ပြီး စာမေးပွဲဖြေရတာ မဟုတ်ဘဲ သဘောတရား သိပြီး အသုံးချတတ်မှုကို ဆန်းစစ်တဲ့ assignment တွေနဲ့ အတန်းတင်ပေးတဲ့ သင်ကြား၊ သင်ယူမှု ပုံစံကို အသုံးပြုပါတယ်။

Engineering နဲ့ Business ရွေးချယ်တက်ရောက်နိုင်ပြီး၊ အင်္ဂလိပ်စာအရည်အချင်းပြည့်မှီပြီးရင် သင်တန်းကာလ two semester ဖြစ်ပါတယ်။

Level 3 Program အောင်မြင်ပြီးရင် HND ဆက်တက်နိုင်ပါတယ်။ HND ရပြီးရင် UK Bechelor Degree ရယူနိုင်တဲ့ နိုင်ငံတကာ ပညာရေးလမ်းကြောင်းပေါ် ရောက်ရှိမှာ ဖြစ်ပါတယ်။

၂၀၁၆ ဩဂုတ်လ နောက်ဆုံးပတ်မှာ စတင်ဖွင့်လှစ်မှာ ဖြစ်ပြီး အောက်ပါနေရာတွေမှာ ဆက်သွယ်စုံစမ်းနိုင်ပါတယ်။

ချင်းတွင်းကောလိပ်(ရန်ကုန်) - အမှတ် (၇၅) သိမ်ဖြူလမ်း (အောက်ဘလောက်)၊ ဗိုလ်တစ်ထောင်မြို့နယ်။ ဖုန်း - ၀၁ ၂၉၈၁၃၇ ၊ ၂၉၇၆၇၃။
ချင်းတွင်းကောလိပ် (မန္တလေး) - စံပယ်ဆောင်၊ ဂရိတ်ဝေါ်တိုက်ခန်းများ၊ ၇၇ x ၇၈ နှင့် ၃၁ x ၃၂ ကြား။ ဖုန်း - ၀၂ ၇၄၁၇၉၊ ၆၈၂၄၉။
ချင်းတွင်းကောလိပ် (တောင်ကြီး) - အမှတ် (၅၇/၁၆) မြတ်ရတနာလမ်း၊ ရေအေးကွင်းရပ်။ ဖုန်း - ၀၉ ၇၈၄၀၃၈၉၉၅၊ ၇၈၄၀၃၈၉၉၆။
စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (ပြင်ဦးလွင်) - အမှတ် (၂၀၆)၊ ဘီလမ်း။ ဖုန်း - ၀၈၅ ၂၂၁၂၈၊ ၂၁၃၉၉။
စိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း (နေပြည်တော်) - ဥာဏအောင်မြေလမ်း၊ MICC နှင့် မြို့မဈေးအနီး။ ဖုန်း - ၀၆၇ ၄၂၁၇၁၈၊ ၄၂၁၇၁၉။

# မကွေးအသင်း ရှုံး/ထွက်ချန်ပီယံဆု ပထမဆုံးအကြိမ် ဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၁၇**

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်း ဒိုင်း ရှုံး/ထွက်ပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ ညနေ ၄ နာရီက အောင်ဆန်းကွင်း၌ ကျင်းပရာ မကွေးအသင်းက ရန်ကုန် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ သွားသည်။

ရှုံး/ထွက် ဗိုလ်လုပွဲသို့ ပထမဆုံး အကြိမ် တက်ရောက်နိုင်ခဲ့သည့် မကွေး အသင်းသည် နာမည်ကြီးရန်ကုန်အသင်း ကိုအနိုင်ယူပြီး ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ချန်ပီယံဆုကို ပထမဆုံးအကြိမ် ဆွတ်ခူး ရရှိခဲ့သည်။ မကွေးအသင်းသည် ပထမ ပိုင်းတွင် တစ်ဂိုးဖြင့်ရှုံးနိမ့်နေသော်လည်း ဒုတိယပိုင်းတွင် ချေပဂိုးနှင့် အနိုင်ဂိုး သွင်းကာ ချန်ပီယံဖြစ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ပထမပိုင်း တွင် ကစားကွက်တည်မရသည့်အပြင် ကြည်လင်းမပါနိုင်၍ တိုက်စစ်အားပျော့ခဲ့ ရသည်။ သို့သော် ၃၉ မိနစ်တွင် ဂိုးရခဲ့ပြီး ကျော်ကိုကို၏ပြစ်ဒဏ်ဘောမှတစ်ဆင့် ဇော်မင်းထွန်းက ပိတ်သွင်းယူခဲ့ခြင်း ဖြစ်သည်။

ဒုတိယပိုင်းတွင် မကွေးအသင်း ချေပဂိုးရရှိရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၆၆ မိနစ်တွင် မကွေးအတွက် ချေပဂိုးကို နောက်ခံလူမိုက်ကယ်က ခေါင်းတိုက် သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေကျပြီး နောက်ပိုင်းတွင် မကွေးအသင်း ကစားပုံ ပိုကောင်းခဲ့ပြီး ၇၄ မိနစ်တွင် မကွေး အသင်းအတွက် အနိုင်ဂိုးကို တိုက်စစ်မှူး ဆယ်လာက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဆုရ ရန်ကုန် အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၅၀၊ ပထမဆုရ မကွေးအသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၃၀၀ နှင့် ဗိုလ်ချုပ် အောင်ဆန်းဒိုင်း ချန်ပီယံဆုတို့ကို ရန်ကုန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်း သိန်း၊ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့် ခဲ့ကြောင်း သိရသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**



ပထမဆုရ မကွေးအသင်း ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ချန်ပီယံဆုဖလားနှင့်အတူ အောင်ပွဲခံနေစဉ်

# မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဖလား အမျိုးသားပတ်လည် အမှတ်ပေးပြိုင်ပွဲ ကျင်းပလျက်ရှိ

**ရန်ကုန် ဩဂုတ် ၁၇**

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဖလား အမျိုးသားပတ်လည် အမှတ်ပေးပြိုင်ပွဲကို ဩဂုတ် ၅ ရက် ညနေ ၃ နာရီမှစတင်၍ ၂၆ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူဟော်ကီ အားကစားကွင်း၌ ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲကို အသင်းရှစ်သင်း ဖြစ်သည့် ကက(ကြည်း)၊ ကက(ရေ)၊ ကက (လေ)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် သိမ်ဖြူလူငယ်အသင်းတို့က ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲတွင် အမှတ်အများဆုံး နှစ်သင်းမှာ ဩဂုတ် ၂၆ရက်တွင် ဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။ တတိယဆုကို အမှတ်စဉ်အလိုက်ပေးပြီး ပွဲစဉ် တစ်လျှောက် နေရာအလိုက် တစ်ဦးချင်း ရှေ့၊ လယ်၊ နောက်၊ ဂိုးနှင့် အကောင်းဆုံး အားကစားသမားဆုကိုလည်း ဗိုလ်လုပွဲ အပြီးတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သိရ သည်။

**သတင်း-မောင်မောင်**
**ဓာတ်ပုံ-ထွန်းအောင်ရှိန်**



မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၇၇) ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေး

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်
စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၊ နေပြည်တော်

## ၂၀၁၆ အိုလံပစ်ပြိုင်ပွဲ ဆုရရှိသည့် ထိပ်ဆုံး ၁၀ နိုင်ငံ

၁၇-၈-၂၀၁၆

| အမှတ်စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၂၈ | ၂၉ | ၂၈ | ၈၅ |
| ၂ | ဂရိတ် ဗြိတိန် | ၁၉ | ၁၉ | ၁၁ | ၄၉ |
| ၃ | တရုတ် | ၁၇ | ၁၅ | ၁၈ | ၅၀ |
| ၄ | ရုရှား | ၁၂ | ၁၂ | ၁၄ | ၃၈ |
| ၅ | ဂျာမနီ | ၁၁ | ၈ | ၇ | ၂၆ |
| ၆ | အီတလီ | ၈ | ၉ | ၆ | ၂၃ |
| ၇ | နယ်သာလန် | ၈ | ၃ | ၃ | ၁၄ |
| ၈ | ပြင်သစ် | ၇ | ၁၁ | ၉ | ၂၇ |
| ၉ | ဩစတြေးလျ | ၇ | ၈ | ၉ | ၂၄ |
| ၁၀ | ဂျပန် | ၇ | ၄ | ၁၈ | ၂၉ |

ဩဂုတ် ၁၇ ရက် ည ၉ နာရီ ၄၅ မိနစ်အထိ နိုင်ငံအလိုက် ရွှေရရှိမှုဖြစ်သည်။

# မြို့နယ်ပေါင်းစုံ ခြင်းလုံးပြိုင်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ခြင်းလုံးပြိုင်ပွဲဖွင့်ပွဲအခမ်း အနားကို ယနေ့နံနက် ၈ နာရီက မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ဆက်လက်ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး လက်ရွေးစင် အမျိုးသား အမျိုးသမီး ခြင်းခတ်ကစားခြင်းကို ကြည့်ရှုအားပေးခဲ့ ကြောင်းနှင့် မြို့နယ်ပေါင်းစုံခြင်းလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၄ သင်းတို့က ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
သားဖွားသင်တန်းကျောင်း၊ နေပြည်တော်

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ သားဖွားသင်တန်းကျောင်း၊ နေပြည်တော်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပူးတွဲဖော်ပြပါတည်ဆောက်ရေးလုပ်ငန်း (၆)ရပ်အား ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
(၁) မြေနေရာရှင်းပြုပြင်ခြင်း
(၂) ကွန်ကရစ်လမ်းခင်းခြင်း (၁၅၆၀'×၁၈'× ၉")
(၃) မြေညှိခြင်းနှင့် မြေထိန်းနံရံ ပြုလုပ်ခြင်း (၂၀၀၅')
(၄) ဂိတ်တဲဆောက်လုပ်ခြင်း (၁၅'×၁၈')
(၅) ကားရပ်နားဆောင် (၂၀၄'×၃၆')နှင့် ကားရပ်နားရန် နေရာပြုလုပ်ခြင်း (၃၀'×၅၀')
(၆) လုံခြုံရေးသံပန်းတပ်ဆင်ခြင်း (၁၄၄၂၅) Sqft
၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၁၇-၈-၂၀၁၆ ရက်
**တင်ဒါများ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၆-၉-၂၀၁၆ရက်
**တင်ဒါရောင်းချတင်သွင်းမည့်နေရာ** - သားဖွားသင်တန်းကျောင်း၊ နေပြည်တော်
၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သားဖွားသင်တန်း ကျောင်း၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၂၅၀၂၁၁၃၄၀၊ ၀၉-၇၉၇၈၁၀၄၈၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**သားဖွားသင်တန်းကျောင်း၊ နေပြည်တော်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၂ယ/၂၉၅၆၄ SUMBO 125 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၈/မတန(နိုင်)၀၄၂၅၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (သရက်မြို့)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၇ယ/၁၄၄၆၂ KENBO R 125 ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဦး ၅/ကသန(နိုင်)၀၀၇၃၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ဗန်းမော်)၊ ဗန်းမော်မြို့**

**ဖခင် အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ လှတော အထက တက္ကသိုလ်ဝင်တန်း(ခ)မှ မဆုရည်မွန်၏ ဖခင်အမည်မှန်မှာ ဦးမော်ထွန်း ၅/ဝလန(နိုင်)၀၆၅၂၇၅ဖြစ်ပါကြောင်း။ **ဦးမော်ထွန်း**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၃ယ/၇၂၃၂၇ ယာဉ်လက်ဝယ်ရှိသူ ဦးသက်မျိုးဝင်း ၇/တငန(နိုင်) ၁၀၄၂၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တောင်ငူ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၄၂ယ/၅၄၉၃၇ ယာဉ်လက်ဝယ်ရှိသူ Wati Nan Trading Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

**အများသိစေရန်ကြေညာခြင်း**
ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော (၁)ဒေါ်ဥမ္မာထွေး-ဇော်ဂျီရပ်ကွက်၊ ရပ်စောက်မြို့၊ (၂)ဦးသန်းထွန်းဝင်း-ဇော်ဂျီရပ်ကွက်၊ ရပ်စောက်မြို့၊ (၃)ဒေါ်နန်းစောထွေး-တောင်ကွက်သစ်ရပ်ကွက်၊ ရပ်စောက်မြို့၊ (၄)ဒေါ်သွဲ့သွဲ့အေး-မြို့ကုန်းရပ်ကွက်၊ ရပ်စောက်မြို့၊ (၅)ဒေါ်အေးမြင့်သန်း မြောက်ကွက်သစ်ရပ်ကွက်၊ ရပ်စောက်မြို့ နေထိုင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။
ကျွန်ုပ်၏မိတ်ဆွေများသည် ရပ်စောက်မြို့၊ မြောက်ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၂)၊ မြောက်ကွက်သစ်အရှေ့၊ ဦးပိုင်အမှတ်(၁၀၈)၊ ဧရိယာ ၀ ဒသမ ၀၉၃ဧကရှိ ခြံမြေနှင့်ယင်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက် အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးမောင်ညိုထံမှ ၅-၇-၂၀၁၆ ရက်တွင် အရပ်ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပြီး လက်ရောက်ရယူ ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ထို့အပြင် အထက်ပါခြံမြေကွက်နှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍လည်း ဦးမောင်ညို ၁၃/ရစန (နိုင်)၀၀၇၆၅၉မှ ကျွန်ုပ်၏မိတ်ဆွေများသို့ အထူးကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ထားပြီးဖြစ်ပါသည်။
သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ခြံမြေနှင့်ယင်းခြံမြေပေါ်တွင် ဆောက်လုပ် ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏ မိတ်ဆွေများသာလျှင် တရားဝင် ပိုင်ဆိုင်၍ လက်ဝယ်ထားပြီး အကျိုးခံစားလျက် ရှိနေခြင်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးသန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၅၀)**
**အမှတ်-၅၂(မြေညီ)၊ ၄က်ပျောတောလမ်း၊ ကျွန်း/မြောက်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-1:00-3:00pm 1,29 Aug
Mon to Thurs-3:00-5:00pm 1,22 Aug
Mon to Thurs-7:30-9:30am 8,29Aug,5Sep
Mon to Thurs-5:30-7:00pm 22 Aug
Sat & Sun-9:00-12:00 pm 27 Aug
Sat & Sun-12:30-3:30 pm 27 Aug
Sat & Sun-3:45-6:45 pm 27 Aug
Mon to Thurs-10:00-12:00am 29 Aug
**Pre-Intermediate English**
Mon to Thurs-10:00-12:00am 22 Aug
Mon to Thurs-1:00-3:00pm 29 Aug
**Intermediate English**
Mon to Thurs-1:00-3:00 pm 22 Aug
**Basic Writing Course**
Sat & Sun-12:30-3:30pm 27 Aug
Mon to Thurs-10:00-12:00am 29 Aug
**Vocabulary Enrichment Course**
Sat & Sun - 10:00 - 12:00 am 20 Aug
Mon to Thurs-3:30-5:00pm 29 Aug
**Grammar Foundation Course**
Mon to Thurs-10:00-12:00am 1 Aug
Sat & Sun - 9:00 - 12:00 am 6 Aug
Mon to Thurs-3:30-5:00pm 29 Aug
**Structure & Written Expression**
Sat & Sun - 12:30 - 3:30pm 20 Aug
Mon to Thurs-1:00-3:00pm 22 Aug
Mon to Thurs-5:30-7:00pm 29 Aug
**Academic Preparation For IELTS (API)**
Mon to Thurs - 10:30 - 12:30am 22 Aug
**SAT** Mon to Thurs -3:30-5:00pm 22 Aug
**IELTS**(Foundation) Mon to Thurs 5 :30 to 7pm 22 Aug
**IELTS**(Test Practice) Sat&Sun 10:30 to12:30am 20Aug
**IELTS(Speaking)** Sat&Sun 1:00to3:30pm 20 Aug
**Academic Writing Course**
Sat & Sun - 5:00 - 7:00 pm 20 Aug
**NEW SAT** Sat & Sun -5:00-7:00pm 27Aug
No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

**ကန့်ကွက်နိုင်ပါသည်**
ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၃၁ (သုံးလွှာ၊ ဝဲဘက်)ဟုခေါ်တွင်သည့် တိုက်ခန်းကို ဒေါ်မဋ္ဌူ ၁၂/ကတန(နိုင်) ၀၄၅၉၉၃ ထံမှ ကျွန်ုပ်မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။
ကန့်ကွက်လိုသူများ ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် ယနေ့ မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွင်လွင်မြ B.A(Law): LL,B:LL,M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၉၂)**
**အမှတ် ၈၂(ပထပ်၊ ဝဲဘက်)၊ ၄၉လမ်း၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၇၁၄၃၅**

**အမည်ပြောင်း**
ဆားလင်းကြီးမြို့နယ်၊ ယင်းမာပင်ခရိုင် အထက(၁)ကြေးနီ၌ ပညာသင်ကြားလျက်ရှိ နဝမတန်း(B)မှ မမြတ်မင်းခန့်သူအား ယနေ့မှစ၍ မချိုဇင်သွယ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မချိုဇင်သွယ်**

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(G)မှ မမေသူဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်းချစ်ဖြစ်ပါကြောင်း။
**ဦးဇော်လင်းချစ် ၅/ရဥန(နိုင်)၀၆၆၂၅၄**

# စိတ်ဓာတ်တွေ ရင့်ကျက်စေဖို့ အကျိုးပြုစာပေတွေ ဖတ်ရမယ်

**ရောင်ပြိုမ်းအေး**

ကျွန်မရဲ့ စိတ်ခံစားမှု ထင်မြင်ယူဆချက်အရ ပြောရမယ်ဆိုရင် ကျွန်မတို့နိုင်ငံမှာ ယခုလက်ရှိ ၂၁-ရာစုမှာ ရှင်သန်နေကြတဲ့ အများစုသော လူငယ် လူရွယ်တွေဟာ လွန်ခဲ့တဲ့ ရာစုနှစ်များမှာ ရှင်သန်နေထိုင်သွားခဲ့ကြတဲ့ လူတွေလောက် အသိဉာဏ် ရင့်ကျက်မှုနဲ့ စိတ်နှလုံးသား နူးညံ့သိမ်မွေ့မှု အပိုင်းတွေမှာ ပိုမို အားနည်းယုတ်လျော့လာကြတယ်လို့ခံစားယူဆနေမိပါတယ်။ ဒါဟာ စာဖတ်စွမ်းရည်တွေ လျော့နည်းကျဆင်းသွားတဲ့အတွက်ကြောင့် ဖြစ်ရတာလို့လည်း ထင်မြင်ယူဆနေမိပါတယ်။ ကျွန်မ ထင်မြင်ခံစားရတာကို ပြောတာမို့ လုံးဝမှန်ကန်မှုသဘောတော့ မဆိုနိုင်ပါဘူး။ သို့သော်လည်း ကျွန်မအနေနဲ့ အဲဒီအချိန်အခါတွေက ခေတ်ပြိုင် ထင်ရှားကျော်ကြားခဲ့သူတွေရဲ့ဘဝအပိုင်းအစ အတ္ထုပ္ပတ္တိများကို လက်လှမ်းမီသရွေ့ဖတ်မိမှတ်မိသလောက်မှာကိုပဲ သူတို့ရဲ့ စာဖတ်အားတွေ၊ အသိဉာဏ် ရင့်ကျက်မှုတွေ၊ ခေါင်းဆောင်နိုင်မှုစွမ်းရည်တွေ၊ အတွေးအခေါ် အယူအဆကောင်းမွန်ပုံတွေ၊ စိတ်နှလုံးသားနူးညံ့မှုတွေ၊ ဂုဏ်သိက္ခာရှိမှုတွေဟာ လူငယ်လူရွယ် အရွယ်မှာကိုပဲ တိုးတက်မြင့်မားနေကြတာတွေကို ကိုယ့်ဘဝ၊ ကိုယ့်ခေတ်အခါ ဝန်းကျင်အသိုင်းအဝိုင်းရဲ့ဖြတ်သန်းနေရတဲ့ အတွေ့အကြုံနဲ့ယှဉ်ပြီး မြင်မိခြင်းလည်း ဖြစ်ပါတယ်။

ဟိုတလောတုန်းက ကျွန်မ ဖတ်လိုက်ရတဲ့ စာအုပ်က ပိတောက်ရနံ့စာအုပ်တိုက်က ထုတ်ဝေတဲ့ ဆရာဒဂုန်တာရာရဲ့ 'ရုပ်ပုံလွှာ' ဆိုတဲ့ စာအုပ်ပါ။ ဆရာဒဂုန်တာရာက သူ့ရဲ့မိတ်ဆွေ သူငယ်ချင်းတွေဖြစ်တဲ့ နိုင်ငံရေးသမားတွေ၊ စာပေ၊ ဂီတ၊ အနုပညာသမားတွေရဲ့ စရိုက်သဘာဝ ပုံရိပ်တစ်စွန်းတစ်စလေးတွေကို တစ်ပုဒ်ချင်းစီမှာ ရေးဖွဲ့ထားတာဟာ ထင်သာမြင်သာရှိအောင် ရေးဖွဲ့တတ်လှပါတယ်။ ဆရာရေးသားခဲ့တဲ့ လူ့ပုံရိပ်လွှာ ဆောင်းပါးလေးတွေကို တစ်စုတစ်စည်းတည်းဖြစ်အောင် ထုတ်ဝေထားတာမို့လည်း အဲဒီခေတ်အခါက ရှင်သန်လှုပ်ရှားခဲ့ကြတဲ့ ခေတ်ပြိုင်လူပုဂ္ဂိုလ်အချို့ရဲ့ စရိုက်သဘာဝ ဘဝဖြစ်စဉ်အချို့ကို တစ်ထိုင်တည်းနဲ့ လေ့လာသိရှိခွင့်ရလိုက်ပါတယ်။ အဲဒီစာအုပ်ထဲမှာ ဖော်ပြထားတဲ့ ပုံရိပ်လွှာတွေဟာ ကျွန်မတို့အနေနဲ့ သိဖူးကြားဖူးထားပြီးသား သူ့နေရာအလိုက် နာမည်ကျော်ကြားတဲ့ လူတွေပါပဲ။ သူတို့တွေဟာ တစ်ခေတ်တည်း၊ တစ်ချိန်တည်းမှာ သူ့နေရာနဲ့သူ ရှင်သန်လှုပ်ရှား ကြိုးစားအားထုတ်ခဲ့ကြသူတွေမို့ တစ်ယောက်နဲ့တစ်ယောက်လည်း ဆက်စပ်နေကြသူတွေပါ။

အဲဒီခေတ်အခါတုန်းက ခေတ်ပညာတတ် လူငယ်တွေဟာ နယ်ချဲ့ဖိနှိပ်မှုအောက်က လွတ်မြောက်ရေးအတွက် စိတ်အားထက်သန်နေကြတာမို့ အများစုက နိုင်ငံရေးစိတ်ရှိကြသူတွေလည်း ဖြစ်ပါတယ်။ နိုင်ငံရေးစိတ်ရှိတာချင်း တူညီကြသည့်တိုင်အောင် အတွေးအခေါ်၊ အယူအဆ၊ လမ်းကြောင်းတွေမှာ ကွဲပြားခြားနားမှုတွေလည်း ရှိခဲ့ကြပါတယ်။ အယူအဆတွေ၊ ယုံကြည်ချက်တွေ ကွဲပြားခြားနားကြသည့်တိုင်အောင် သူတို့အားလုံးမှာရှိတဲ့ တူညီတဲ့အချက်တွေကိုလည်း ဆရာရဲ့ရုပ်ပုံလွှာအဖွဲ့တွေထဲမှာ ကျွန်မတို့ မြင်တွေ့လိုက်ရပါတယ်။ အဲဒီအချိန်ကာလတွေတုန်းက သူတို့အားလုံးဟာ အသက် ၃၀ ဝန်းကျင် လူငယ်လူရွယ်များဖြစ်ကြပြီး အလွန်စာဖတ်သောသူများ ဖြစ်ကြပါတယ်။ သူတို့ ယုံကြည်ရာ ကဏ္ဍအသီးသီးမှာ ယုံကြည်ချက်နဲ့ ကျွမ်းကျင်ပိုင်နိုင်မှုတွေ ခိုင်ခိုင်မာမာထားရှိကြသူများလည်း ဖြစ်ကြပါတယ်။ သူတို့ဟာ လူငယ်များဖြစ်ကြသည့်တိုင်အောင် ဘာသာတရားအပေါ်မှာလည်း စိတ်ပါဝင်စားစွာ လေ့လာမှုတွေ ရှိကြတာကိုလည်း တွေ့ရပါတယ်။ နိုင်ငံရေးမှာ စိတ်အားထက်သန်ကြသလို စာပေ၊ ဂီတ၊ ပန်းချီ၊ ရုပ်ရှင် စတဲ့ အနုပညာတွေမှာလည်း သက်ဝင်ခံစားပြီး ဖန်တီးနိုင်စွမ်းရှိကြတာကလည်း လေးစားစရာ ကောင်းလှပါတယ်။ တစ်ယောက်နဲ့တစ်ယောက် နိုင်ငံရေး အယူအဆတွေ၊ ယုံကြည်ချက်တွေ မတူညီကြသည့်တိုင်အောင် တစ်ယောက်ကိုတစ်ယောက် လေးစားခင်မင်မှုထားရှိနိုင်ကြတဲ့ စိတ်ထားတွေ၊ အပြောအဆိုနဲ့ ပေါင်းသင်းဆက်ဆံရေးတွေမှာ လိမ္မာပါးနပ်ပြီး ကိုယ့်အယူအဆကို ကောင်းစွာ ဖော်ထုတ်ပြနိုင်စွမ်းရှိတဲ့ အသိဉာဏ်ရင့်ကျက်မှုတွေကိုပါ ဆရာရဲ့ 'ရုပ်ပုံလွှာ' တွေက ဖော်ပြနိုင်တာကို တွေ့ရပါတယ်။

ဒါတွေကို ဖတ်ရှုရ၊ သိခွင့်ရတော့ ကျွန်မဖြင့် ကိုယ့်ကိုယ်ကိုယ်လည်း အားမလိုအားမရ ဖြစ်ရပါတယ်။ ယခုလက်ရှိ ကျွန်မရဲ့အသက်အရွယ်ဟာ အဲဒီခေတ်က သူတို့ရဲ့ အသက်အရွယ်နဲ့ ရွယ်တူဖြစ်နေပါပြီ။ ဒါပေမယ့် ကျွန်မတို့ခေတ်အခါမှာ အများစုသော လူငယ်လူရွယ်တွေဟာ သူတို့လောက် အရည်အချင်းတွေ မပြည့်ဝကြတော့တာ အမှန်ပါပဲ။ အထူးသဖြင့် စိတ်ဓာတ်အရည်အသွေးကို ကျွန်မက ပိုပြီးသတိပြုမိတာပါ။ ကျွန်မတို့ ရောက်ရှိနေတဲ့ အသက်အရွယ်၊ သူတို့ရောက်ရှိခဲ့တဲ့ အသက်အရွယ်မှာ သူတို့မှာရှိခဲ့ကြတဲ့ စိတ်ဓာတ်ရင့်ကျက်မှုနဲ့ အတွေးအခေါ် အယူအဆ မြင့်မားမှုလိုမျိုး ကိုယ်ရည်ကိုယ်သွေးတွေကို ကျွန်မတို့ခေတ် လူငယ် လူရွယ်တွေ မမီနိုင်ကြတော့ဘူးလို့ အကဲခတ်မိနေတာပါ။ သူတို့အားလုံး ဘဝတစ်လျှောက်လုံး မှန်ခဲ့ကြတယ်လို့ ကျွန်မဆိုလိုတာ မဟုတ်ပါဘူး။ သူတို့လည်း သာမန်ပုထုဇဉ် လူသားသဘာဝ သူတို့အတ္တ၊ သူတို့မာနတွေအလျောက် ပြစ်ချက်လေးတွေလည်း ရှိခဲ့ကြမှာပါပဲ။ ဒါပေမယ့် သူတို့အသက်အရွယ်မှာ သူတို့ ပိုင်ဆိုင်ထားကြတဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ စိတ်သဘောထားတွေဟာ လေးစားစရာကောင်းတဲ့ ရင့်ကျက်မှု၊ မြင့်မြတ်မှုတွေကို တည်ဆောက်နိုင်ခဲ့ကြတဲ့အပေါ်မှာ ကျွန်မက လေးစာအားကျစိတ်ဖြစ်ရတာပါ။

ကျွန်မဉာဏ်မီသလောက် တွေးကြည့်တဲ့အခါမှာ သူတို့ရဲ့စာဖတ်စွမ်းရည် မြင့်မားခြင်းတွေကပဲ သူတို့ဘဝရဲ့ပုံရိပ်တွေကို အရောင်တောက်ပလာစေတယ်လို့ မြင်လာပါတယ်။ လူတွေဟာ ခန္ဓာငါးပါးရဲ့အလိုအရလည်း အသိဉာဏ်ကို ဆာလောင်တဲ့ သဘောတရားရှိထားပါတယ်။ ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာလို့ ခန္ဓာငါးပါး ရှိတဲ့အနက်က လူသားတွေဟာ ဝိညာဏက္ခန္ဓာရဲ့အလိုအရ အသိဉာဏ် စွမ်းရည်တိုးတက်မြင့်မားမှုကို တောင့်တတတ်တဲ့သဘောရှိတယ်လို့ ဆိုပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစာအာဟာရကို ဆာလောင်သလိုပဲ နာမ်ပိုင်းဆိုင်ရာ စိတ်ဓာတ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း အသိဉာဏ် တရားတွေကို ဆာလောင်တတ်ပါတယ်။ အဲဒီလို အသိဉာဏ် ဆာလောင်မှုတွေ ကို ဖြည့်ဆည်းဖို့အတွက် ကျွန်မတို့ဟာ စာဖတ်ခြင်းဖြင့်သာလျှင် ဖြည့်ဆည်းနိုင်မှာပါ။ ကျွန်မတို့ရဲ့ဘဝအတွက် ကောင်းမွန်မှန်ကန်စွာ ရှင်သန်နေထိုင်ရေးအတွက် ရင့်ကျက်တဲ့ စိတ်ဓာတ်တွေ ဖြစ်ထွန်းလာစေဖို့အတွက် အစာအာဟာရလို အသိဉာဏ်အာဟာရ ဖြစ်စေမယ့် အကျိုးပြုစာအုပ်စာပေတွေကို လက်လှမ်းမီသမျှ ဖတ်ရှုနေရမှာပါ။

ငယ်ရွယ်စဉ်ကတည်းက စာဖတ်ခြင်းအလေ့အထကို ပြုစုပျိုးထောင်ပေးခြင်းဖြင့် လူငယ်တွေဟာ သူတို့ရဲ့စာဖတ်စွမ်းအားကပဲ သူတို့ရဲ့အသိဉာဏ်ဆာလောင်မှုကို လိုအပ်သလို ရင့်ကျက်အောင် ဖြည့်ဆည်းတတ်ပါလိမ့်မယ်။ ကျွန်မတို့ဟာ စာဖတ်တတ်ခါစ ကလေးငယ်အရွယ်တုန်းက ကာတွန်းစာအုပ်ကို နှစ်သက်စွာ ဖတ်ရှုခဲ့ကြပါတယ်။ ဆယ်ကျော်သက်အရွယ်လောက် ရောက်လာတဲ့အခါမှာ အချစ်ဝတ္ထုလေးတွေကို စိတ်ဝင်တစား ဖတ်လာကြပါတယ်။ အဲဒီအရွယ်မှာ ရွေးချယ်ဖတ်ရှုတဲ့ အချစ်ဝတ္ထုကလည်း အသိဉာဏ်အလျောက် ကွာခြားတတ်ပါတယ်။ တချို့သော လူငယ်တွေဟာ အချစ်အကြောင်းကို စိတ်ဝင်စားတတ်တဲ့ အရွယ်မှာကတည်းက အချစ်သက်သက်ကိုသာ ဦးစားပေးတတ်တဲ့ အပေါ်စားဆန်တဲ့ စာပေမျိုးကို မကြိုက်မနှစ်သက်တတ်ဘဲ သူ ဖတ်ရှုတဲ့ အချစ်ဝတ္ထုတွေဟာ လူ့သဘာဝ သရုပ်ဖော်ချက်တွေနဲ့ အတူ စိတ်ဓာတ်မြင့်မြတ်ခြင်းဆိုင်ရာ အနုပညာရသကို ပေးစွမ်းနိုင်တဲ့ အချစ်ဝတ္ထုမျိုးတွေ ဖြစ်နေတတ်ပါတယ်။ ရသစာပေနဲ့ အချစ်ဝတ္ထုတွေကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေရင်းကပဲ တခြား ပညာရပ်ဆိုင်ရာ ဗဟုသုတတွေရရှိဖို့၊ ဘာသာတရားဆိုင်ရာ အသိတရားတွေ ရရှိဖို့အတွက်လည်း အာရုံဝင်စားလာတတ်ပြီး အခြား သုတ၊ ရသနဲ့ ဘာသာရေးစာအုပ်တွေကိုပါ လက်လှမ်းမီရာ လေ့လာဖတ်ရှုနေတတ်တဲ့ လူငယ်လေးများလည်းရှိကြပါတယ်။ အသိဉာဏ်ကို ဆာလောင်တတ်တဲ့ ခန္ဓာရဲ့သဘောအရ အသိဉာဏ်အားဖြည့်အစာအဖြစ် စာအုပ်တွေကို ဖတ်ရှုရင်း တဖြည်းဖြည်း ရင့်ကျက်ပြည့်ဝလာတဲ့ အသိဉာဏ်ကပဲ ဘဝကို ဦးဆောင်ခေါ်ယူသွား တတ်တာမို့ ကျွန်မတို့တွေဟာ ရင့်ကျက်တဲ့ စိတ်ဓာတ်တွေနဲ့ ပြည့်စုံဖို့အတွက် စာအုပ်တွေကို ဖတ်ရှုနေကြရပါဦးမယ်။

ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစာအာဟာရကို ဆာလောင်သလိုပဲ နာမ်ပိုင်းဆိုင်ရာ စိတ်ဓာတ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း အသိဉာဏ် တရားတွေကို ဆာလောင်တတ်ပါတယ်။ အဲဒီလို အသိဉာဏ် ဆာလောင်မှုတွေကို ဖြည့်ဆည်းဖို့အတွက် ကျွန်မတို့ဟာ စာဖတ်ခြင်းဖြင့်သာလျှင် ဖြည့်ဆည်းနိုင်မှာပါ။ ကျွန်မတို့ရဲ့ဘဝအတွက် ကောင်းမွန်မှန်ကန်စွာ ရှင်သန်နေထိုင်ရေးအတွက် ရင့်ကျက်တဲ့စိတ်ဓာတ်တွေ ဖြစ်ထွန်းလာစေဖို့အတွက် အစာအာဟာရလို အသိဉာဏ်အာဟာရ ဖြစ်စေမယ့် အကျိုးပြုစာအုပ်စာပေတွေကို လက်လှမ်းမီသမျှ ဖတ်ရှုနေရမှာပါ။



## မြို့သစ်မြို့နယ်၌ Seeder ဖြင့် တိုက်ရိုက်မျိုးစေ့ချ

**မြို့သစ် ဩဂုတ် ၁၇**

မကွေးခရိုင် မြို့သစ်မြို့နယ်တွင် တောင်သူလယ်သမားများ၏ လယ်ယာလုပ်သားရှားပါးမှုပြဿနာဖြေရှင်းနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနစိုက်ပျိုးရေးဦးစီးဌာနမှ လယ်ယာလုပ်တောင်သူများအတွက် Seeder ဖြင့် မျိုးစေ့ချခြင်းကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဘုရားကြီးရပ်ကွက်တွင်နေထိုင်သော တောင်သူဦးအောင်နိုင်ထွန်း၏အကွက်အမှတ်(၄)၊ ဦးပိုင်အမှတ်(၃၄)တွင် Seeder ဖြင့် ရတနာတိုးမျိုးကွဲဖြင့် ၂ ဒသမ ၀၀ ဧကကို သရုပ်ပြစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**ဇော်ဇော် (ပြန်/ဆက်)**

## တောင်ပြုံးပွဲတော် ယခင်နှစ်များထက် ပိုမိုစည်ကား

**မတ္တရာ ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အတွင်းရှိ တောင်ပြုံးကျေးရွာတွင် ပုဂံခေတ် အနော်ရထာမင်းလက်ထက်မှစ၍ တည်ထားကိုးကွယ်ခဲ့သော တောင်ပြုံးဆုတောင်းပြည့်၊ ဆုတောင်းရမြတ်စွာဘုရားဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲနှင့် တောင်ပြုံးအရှင်နှစ်ပါးပွဲတော်ကိုနှစ်စဉ် ဝါခေါင်လဆန်း ၈ ရက်မှ ၁၅ ရက်အေထိ ကျင်းပလျက်ရှိရာ ယခုနှစ်တွင် ယခင် နှစ်များနှင့်မတူ အထူးစည်ကားခဲ့ကြောင်း သိရသည်။

တောင်ပြုံးပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ တောင်ပြုံး အရှင်နှစ်ပါးအားပန်းဆက်သူများမှာ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ မီးရထားများဖြင့် လာရောက်ကြရာ ပွဲတော်အဝင်လမ်းများ ယာဉ်ကြောပိတ်ဆို့သည်အထိ စည်ကားခဲ့သည်။ ယာဉ်အဝင်အထွက်လမ်းများကိုသက်ဆိုင်ရာ တာဝန်ရှိသူများကရှင်းလင်းပေးသော်လည်း များပြားလှသော မော်တော်ယာဉ်နှင့်၊ မော်တော်ဆိုင်ကယ်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားလျက်ရှိသည်။

ပွဲတော် အတွင်းလာရောက်ရောင်းချကြသော ဈေးဆိုင်များမှာ ဆိုင်ခန်းခများ ဈေးနှုန်းကြီးမြင့်သောကြောင့် ဝယ်ယူစားသုံးသူပြည်သူများမှာလည်း ဈေးနှုန်းကြီးမှုနှင့် ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

ပွဲတော်အတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် တောင်ပြုံးပွဲတော်ကြီးကိုပွဲတော်ကျင်းပရေးကော်မတီ၊ ပွဲတော်လုံခြုံရေးကော်မတီ၊ ပွဲတော်မီးဘေးကြိုတင်ကာကွယ်ရေးဆပ်ကော်မတီ၊ ပွဲတော်ကျန်းမာရေးနှင့် သန့်ရှင်းရေးဆပ်ကော်မတီ၊ ပွဲတော်ဆွမ်းတော်ကြီးကပ်လှူပူဇော်ရေးနှင့် ဆွမ်းဆက်ကပ်ရေးဆပ်ကော်မတီ၊ ပွဲတော်ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပွဲတော်စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ပွဲတော်သတင်းနှင့် ပြန်ကြားရေးကော်မတီနှင့် ပွဲဈေးသည်များ စည်းကမ်းထိန်းသိမ်းရေးဆပ်ကော်မတီတို့ဖြင့် ဆောင်ရွက်ကျင်းပလျက်ရှိရာ ကော်မတီမှ ပြည်သူများ ဘေးကင်းလုံခြုံရေး၊ မီးဘေးကြိုတင် ကာကွယ်ရေး၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ပွဲမစမီကကြိုတင်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်းနှင့် ပွဲတော်ရက်အတွင်း၌လည်း အေးချမ်းပျော်ရွှင်စွာ ကျင်းပနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

# ညောင်တုန်း၌ သဲအိတ်များဖြင့် တာဖို့ခြင်းလုပ်ငန်းဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၇**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု သာကွေ့ကျေးရွာ ပုသိမ်-ရန်ကုန် ကားလမ်းဘေးရှိ တာပေါင်အား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းသိန်းနှင့် ရဲတပ်ဖွဲ့ဝင်များက သဲအိတ်များဖြင့် တာဖို့ခြင်းလုပ်ငန်းကို ဩဂုတ် ၁၃ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါ တာပေါင်ဖို့ခြင်းဆောင်ရွက်နေသည့် ရဲတပ်ဖွဲ့ဝင်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းပေးအပ်ခဲ့ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး မျိုးအောင်ကလက်ခံရယူခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ**

# ကနီမြို့နယ်တွင် မိုးစပါးဆင်းသုခမျိုးသန့်ထုတ် ဧက ၂၀ စိုက်ပျိုး

**ကနီ ဩဂုတ် ၁၇**
စစ်ကိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တဇယ်ချောင်ကျေးရွာအုပ်စုနှင့် ကင်းတောင်ကျေးရွာအုပ်စုတို့တွင် မိုးစပါးဆင်းသုခ မျိုးသန့်စပါးဧက ၂၀ ကို တဇယ်ချောင်ကျေးရွာအုပ်စု တောင်သူ ဒေါ်ငြိမ်းပိုင် ကွင်းအမှတ် ၁၂၉၅ တွင် ဩဂုတ် ၁၅ ရက်က စတင်စိုက်ပျိုးခဲ့သည်။

ထို့ပြင်ကင်းတောင် ကျေးရွာအုပ်စု ကွင်းအမှတ် ၁၄၀၉ တွင် တောင်သူလေးဦးဖြင့် ခုနစ်ဧကနှင့် တဇယ်ချောင်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၀၄၉ တွင် တောင်သူ ၁၁ ဦးဖြင့် ၁၃ ဧကတို့ကို ၂၀၁၆-၂၀၁၇ ခုနှစ် ကနီမြို့နယ် မိုးစပါးဆင်းသုခမျိုးသန့် ထုတ်လုပ်ခြင်းလုပ်ငန်းအနေဖြင့် ခြောက်တန်းစိုက် တစ်တန်းလုပ်စနစ်ဖြင့် ပျိုးသက် ၂၅ ရက်သားတွင် ချက်ချင်းစိုက်၊ ချက်ချင်းနုတ်စနစ်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများကြီးကြပ်၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကနီမြို့နယ်၏ စိုက်ပျိုးထုတ်လုပ်မှု၊ သိပ္ပံနည်းကျစိုက်ပျိုး ထုတ်လုပ်မှုနဲ့ မိုးစပါးမျိုးသန့် စိုက်ပျိုးထားရှိမှုတွေကို စဉ်ဆက်မပြတ် ပညာပေးဆောင်ရွက်နေသလို အခုလိုစပါးမျိုးသန့်ကွက်တွေ စိုက်ပျိုးပြီး မြို့နယ်အတွင်းက တောင်သူတွေကို စီးပွားဖြစ်စပါးမျိုးတွေ ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် ကနီတစ်မြို့နယ်လုံး၏ မိုးစပါး လျာထားချက်ဧကမှာ ဧက ၂၇၆၅၀ ဖြစ်ပြီး စိုက်ပြီးဧကမှာ ၁၄၀၇၇ ဧက ဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဦးသန့်ဇင်က ပြောသည်။



**ဆလိုင်း (မြန်/ဆက်)**

# ကြက်သွန်စိုက်ချိန်ရောက်တော့မည်ဖြစ်၍ ကြက်သွန်မျိုးများစတင်ရောင်းချ

**ရေစကြို ဩဂုတ် ၁၇**
မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ချင်းတွင်းမြစ်ရေ ပြန်လည်ကျဆင်းပြီး စက်တင်ဘာလမှစ၍ ကြက်သွန်နီစိုက်ပျိုးသောဒေသ ဖြစ်သည်နှင့်အညီ ကြက်သွန်မျိုးများလည်း စတင်ရောင်းချလျက်ရှိကြောင်း သိရသည်။

"မြစ်ရေပြန်ကျပြီး ပေါ်ထွန်းလာတဲ့ ကျွန်းမြေနဲ့ သဲသောင်ပြင်တွေမှာ ကြက်သွန်နီကို စိုက်ပျိုးကြပါတယ်။ ဒီရာသီကတော့ ဥစိုက်ရာသီဖြစ်တဲ့အတွက် ကြက်သွန်နီမျိုးဥ တစ်ပိဿာ ငွေကျပ် ၄၅၀ မှ ၅၀၀ ဈေးနဲ့ စတင်ရောင်းချပါတယ်။ ရေကျခါစဆိုတော့ အရောင်းအဝယ်အေးပြီး ဈေးလည်းသိပ်မရသေးပါဘူး။ စိုက်သူများလာတဲ့အခါ တစ်ပိဿာ ငွေကျပ် ၇၀၀ ကနေ ၈၀၀ အထိရောင်းရတယ်။ ၂၀၁၄ ခုနှစ်ကတော့ တစ်ပိဿာ ငွေကျပ် ၁၂၀၀ မှ ၁၃၀၀အထိ ဈေးမြင့်ခဲ့ပြီး ပြီးခဲ့တဲ့နှစ်ကတော့ တစ်ပိဿာ ငွေကျပ် ၈၅၀-၉၀၀ ရောင်းရပါတယ်"ဟု ကြက်သွန်နီ မျိုးရောင်းချသူတစ်ဦးက ပြောသည်။



ရေစကြိုမြို့နယ်တွင် ဥစိုက်ကြက်သွန်ကို စက်တင်ဘာလတွင်စိုက်၍ အပင်စိုက်ကြက်သွန်ကို ဇန်နဝါရီလတွင်စိုက်ပျိုးပြီး တစ်မြို့နယ်လုံးတွင် ဧက ၁၀၀၀၀ ကျော်စိုက်ပျိုးကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

အမြို့မြို့ အနယ်နယ်ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ



# ကိုရီးယားနိုင်ငံ KOICA ၏အထောက်အပံ့နှင့် ကျေးရွာပေါင်းစပ်မှုဖြင့် လမ်းသစ်ဖွင့်

**ရန်ကုန် ဩဂုတ် ၁၇**
ကိုရီးယားနိုင်ငံ KOICA ၏ အထောက်အပံ့ဖြင့်ဆောင်ရွက်သည့်မြန်မာဆေးမားအူးလ်အွန်ဒုံးစီမံကိန်းအရ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာ၊ အောင်သပြေရွာ ရွာလယ်လမ်းသစ်ဖွင့်ပွဲကို ဩဂုတ်လ ဒုတိယပတ်က ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr. Yoo Jae Kyung နှင့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုတို့ တက်ရောက်၍ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါလမ်းသည် အရှည် ၂၀၅၉ ပေ၊ အကျယ် ခုနစ်ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းဖြစ်ပြီး ကိုရီးယားနိုင်ငံ KOICA မှ ငွေကျပ်သိန်း ၁၃၀ ကျော်နှင့် ဝဲကြီးကျေးရွာမှ လုပ်အားနှင့်အထောက်အပံ့ပစ္စည်း တန်ဖိုးငွေကျပ်သိန်း ၁၉၀ ကျော် ထည့်ဝင်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း (ကျောက်တန်း)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်း

**မိုင်းဆတ် ဩဂုတ် ၁၇**
ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့ ကျဒယ်ကျေးရွာအုပ်စု နားကောကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မဇ္ဈိမလူမှုကူညီရေးအသင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၁၅ ရက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အုပ်စု သုံးစုခွဲ၍ အိမ်ခြေ ၁၂၀ အား ပြုလုပ်ပေးခဲ့ခြင်းဖြစ်ပြီး ပိုးလောက်လမ်း နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်းများအပြင် ရေတွင်း၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**မင်းကင်း ဩဂုတ် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်မင်းကင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်းရာဇာခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းစိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြပြီး ကျေးရွာအုပ်စု ၂၉ အုပ်စုမှ အိမ်ထောင်စုပေါင်း ၆၈၅ စုအတွက် ထောက်ပံ့ငွေစုစုပေါင်းငွေကျပ် ၃၀၇၆၂၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

# ဒါးက-မန္တလေးကုန်းမြေသားတာပတ်လမ်းမကြီးအား ရေဘေးတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ စုပေါင်းတာဖို့

**ပုသိမ် ဩဂုတ် ၁၇**
ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဒါးကမြစ်ရေသည် ဩဂုတ် ၅ ရက်မှစ၍ နေ့စဉ်သုံးလက်မခန့်မြစ်ရေတက်လာပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ပုသိမ်- ရန်ကုန်ကားလမ်း မိုင်တိုင် ၂၀ နှင့် ၂၂ အကြား ရေထုနှစ်ပေခန့် ဖြတ်ကျော်မှုရှိနေသည်။

ထိုသို့ ဖြစ်ပေါ်နေခြင်းကြောင့် ကားလမ်းများ အပျက်အစီးများပြားမှုကို ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးထွန်းမင်းနှင့် တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှိုင်တင့်နှင့် တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ရန်ကုန်-ပုသိမ်ကားလမ်းခရီးသွားများ အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင်ဒါးကတိုက်နယ် မန္တလေးကုန်း၊ ဆိပ်သာ၊ ညောင်ချောင်း၊ ဘုရားချောင်း၊ ပျဉ်းမငူ၊ ဝက်သိုး၊ ဒီးဒုတ်၊ ကွမ်းသီးပင်၊ ပိန်းချောင်းကျေးရွာအုပ်စုဝင် ကျေးရွာပေါင်း ၄၀ စိုက်ပျိုးပြီး လယ်မြေ ဧက ၅၀၀၀ ကျော်တွင် ဒါးကမြစ်ရေဖြတ်ကျော်ဝင်ရောက်ခြင်းမရှိစေရန် တည်ဆောက်ထားသော ဒါးက-မန္တလေးကုန်း-မြေသားတာပတ် ပေ ၄၆၀၀ ရှိ တာကြီးနိမ့်ကျမှုကိုလည်း အဆိုပါရေဘေးတားဆီးကာကွယ်ရေးအဖွဲ့ဝင်များက နေ့စဉ်မပြတ် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဲအိတ်၊ မြေအိတ်များ သယ်ဖို့ပေးခြင်းကို စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပုသိမ် လှကြည်**

# ကမ်းစပ်နှင့်ရေလှိုင်း (အပိုင်း-၂)

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ်းစပ်နှင့်ရေလှိုင်းသည် ခွဲခြားမရသောအရာများဖြစ်သည်နှင့်အညီ လှိုင်းများရွေ့လျားနေပုံ၊ လှိုင်းအလျားနှင့် ရွေ့လျားအမြန်နှုန်းတို့ကို ကောင်းကင်ဓာတ်ပုံများရိုက်ကူးခြင်းဖြင့် ကမ်းစပ်သို့ ရိုက်ခတ်လာဖွယ်ရှိနေသည့် လှိုင်းတံပိုးများ၏ အင်အားကို ကြိုတင်ထောက်လှမ်းသိရှိနိုင်သလို ပင်လယ်ကမ်းရိုးတန်းဒေသများအတွက် မိုးလေဝသအခြေအနေကိုလည်း ကောင်းစွာ ခန့်မှန်းနိုင်ကြပြီဖြစ်သည်။ ထို့ကြောင့်ပင် ဒုတိယကမ္ဘာစစ် အတွင်းက မဟာမိတ်တပ်များ တိုက်ပွဲဆင်နွှဲရာတွင် ဗြိတိသျှတို့က သမုဒ္ဒရာရေပြင်၌ဖြစ်ပေါ်သည့် လှိုင်းတံပိုးများ၏အနေအထားကို လေယာဉ်ပေါ်မှ ဓာတ်ပုံရိုက်ကူးကာ တိုင်းတာလေ့လာခြင်းဖြင့် အထောက်အကူများစွာပြုပေးခဲ့သည်။


လှိုင်းတို့၏ အရွယ်ပမာဏနှင့် ကမ်းစပ်သို့ရိုက်ပုတ်မှု အနေအထားသည် သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်တို့အပေါ်၌ တိုက်ခတ်နေသည့် ရိုးရိုးလေပြင်းများနှင့် မုန်တိုင်းလေပြင်းများကို ခွဲခြားပေးနေကြသည်။ ရိုးရိုးလေပြင်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်သော လှိုင်းဂယက်များသည် အရွယ်အစားတူညီစွာဖြင့် ကမ်းစပ်သို့ ဖြည်းဖြည်းမှန်မှန် ရိုက်ပုတ်သည်။ သို့ရာတွင် မုန်တိုင်းကြောင့်ဖြစ်ပေါ်သော လှိုင်းတံပိုးကြီးများကမူ အရွယ်အစားကလည်း အလွန်ကြီးမားပြီး ကမ်းစပ်သို့ရိုက်ပုတ်ရာ၌လည်း ကျယ်လောင်သောအသံကြီး မြည်ဟည်းကာ အင်အားပြင်းစွာဖြင့် တွန်းတိုက်ကြသည်။

တောင်အမေရိကတိုက် တောင်ဘက်အစွန်း ကမ်းခြေများသို့ရောက်ရှိသော ဧရာမလှိုင်းတံပိုးကြီးများဆိုလျှင် ကမ်းစပ်သို့ရိုက်ပုတ်သံမှာ ကျယ်လောင်လွန်းလှသည့်အတွက် ညဥ့်သန်းခေါင်ယံအချိန်မျိုးတွင် ကီလိုမီတာ ၃၀ ကျော်မျှဝေးလံသည့် ကုန်းတွင်းပိုင်းကပင် အတိုင်းသားကြားနေကြရသည်။ အလားတူပင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဝှမ်ဒီဖူကာ ရေလက်ကြားဒေသ ကမ်းခြေများ၊ စကော့တလန်နိုင်ငံ ရှက်(တ)လန်ကျွန်းနှင့် အုပ်(တ)နေးကျွန်း ကမ်းခြေများသည်လည်း ကမ်းစပ်သို့ လှိုင်းတံပိုးရိုက်ပုတ်မှု အလွန်ကြမ်းတမ်းပြင်းထန်သော ကမ်းခြေများဖြစ်ကြသည်။

ကမ်းစပ်သို့ရိုက်ပုတ်သော လှိုင်းတံပိုးကြီးများ၏ ကြမ်းတမ်းပြင်းထန်မှု သာဓကတစ်ခုအဖြစ် ၁၈၇၇ ခုနှစ် ဒီဇင်ဘာလအတွင်းက စကော့တလန်နိုင်ငံ ဝစ်ဒေသ၌တည်ဆောက်ထားသော တန်ချိန် ၈၀၀ ရှိသည့် သံမဏိအားဖြည့်ကွန်ကရစ်တုံးကြီးသည် မုန်တိုင်းလှိုင်းတံပိုးကြီးများ၏ ရိုက်ပုတ်မှုကြောင့် အဆိုပါ ကွန်ကရစ်တုံးကြီး တည်ဆောက်ထားသော အောက်ခံသဘာဝ ကျောက်ဆောင်ကြီး၏ အစိတ်အပိုင်းတချို့နှင့် အတူ သောင်ပြင်ပေါ်သို့ ပြိုလဲကျဆင်းသွားခဲ့သည်ကို မှတ်တမ်းတင်ထားခဲ့သည်။

ကွန်ကရစ်တုံးကြီးနှင့်အတူ ပဲ့ကျသွားသော သဘာဝကျောက်ဆောင်ကြီး၏ အစိတ်အပိုင်းမှာ တန်ချိန် ၅၅၀ ရှိသောကြောင့် မုန်တိုင်းလှိုင်းတံပိုးကြီးများသည် စုစုပေါင်းအလေးချိန် တန် ၁၃၅၀ ရှိသော ဧရာမအတားအဆီးကြီးများကို တွန်းလှဲဖြိုဖျက်ခဲ့ခြင်းဖြစ်ကြောင်း ထိတ်လန့်တုန်လှုပ်ဖွယ် တွေ့ရှိခဲ့ကြရသည်။ ၁၉၉၂ ခုနှစ်သို့ ရောက်ရှိသောအခါ ထိုကမ်းခြေ၌ပင် အသစ်ထပ်မံတည်ဆောက်ထားသော တန်ချိန် ၂၆၀၀ ရှိသည့် ဧရာမကွန်ကရစ်တုံးကြီးကို မုန်တိုင်းလှိုင်းတံပိုးကြီးများက ထပ်မံတွန်းလှဲ ဖြိုချခဲ့ကြပြန်သည်။

ထို့အတူ အမေရိကန်ပြည်ထောင်စု အော်ရီဂန် ကမ်းခြေရှိ ပင်လယ်ရေမျက်နှာပြင်အထက် ပေတစ်ရာကျော်မြင့်သော ကျောက်ဆောင်ကြီးပေါ်၌ တည်ဆောက်ထားသည့် မီးပြတိုက်ကြီးသည် ကမ်းခြေသို့ရွေ့လျားဝင်ရောက်လာသော ဧရာမလှိုင်းတံပိုးကြီးများက ပင့်တင်ပေးလိုက်သော ဧရာမကျောက်တုံးကြီး ထိမှန်ခံရခြင်းကြောင့် ခေါင်မိုး၌ စတုရန်းပေနှစ်ဆယ်ကျယ်ဝန်းသော အပေါက်ကြီး ဖြစ်သွားခဲ့သည်။ တစ်ဆက်တည်းဆိုသလိုပင် လှိုင်းများကပင့်တင်ပေးလိုက်သော ကျောက်တုံးကြီးငယ် အရွယ်အမျိုးမျိုးတို့သည် အဆိုပါမီးပြတိုက်၏ မှန်ပြတင်းများအားလုံးကို ခွဲပစ်ခဲ့ကြသည်။ ဤသာဓကကို အကြောင်းပြု၍ ကမ်းစပ်သို့ရိုက်ပုတ်လာသော လှိုင်းတံပိုးများသည် သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်ပေါ်၌



တိုက်ခတ်နေသည့် လေ၏ ပြင်းအားအပေါ်မူတည်ပြီး အတိုင်းအဆပမာဏကလည်း ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကြီးမားပြင်းထန်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ မုန်တိုင်းကြောင့် သမုဒ္ဒရာရေပြင်ပေါ်၌ ဖြစ်ပေါ်သော လှိုင်းတံပိုးကြီးများသည် သာမန်လေပြင်းတိုက်ခတ်မှုကြောင့်ဖြစ်ပေါ်သော လှိုင်းဂယက်များနှင့်မတူဘဲ မြင့်မားစွာ မို့မောက်ထကြွပြီး ကမ်းစပ်ဆီသို့လည်း အရှိန်ပြင်းပြင်းဖြင့် ရိုက်ပုတ်ကြသည်။ ထိုကဲ့သို့ မုန်တိုင်းကြောင့် ကမ်းစပ်များဆီသို့ ရွေ့လျားရောက်ရှိလာသော ရေလှိုင်းကြီးများကို မုန်တိုင်းဒီရေဟု ခေါ်ဝေါ်သုံးနှုန်းကြသည်။ အင်အားကြီးမားသော ဟာရီကိန်းမုန်တိုင်းများကြောင့်ဖြစ်ပေါ်သော မုန်တိုင်းဒီရေများသည် ကမ်းခြေဒေသနှင့် လူ့အသက်အိုးအိမ်စည်းစိမ်တို့ကို တစ်ခဏအတွင်းမှာပင် ဖျက်ဆီးပစ်နိုင်စွမ်းရှိကြသည်။

၁၇၃၇ ခုနှစ်က ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်ခဲ့သော ဟာရီကိန်းမုန်တိုင်းကြီးကြောင့် တက်လာသော မုန်တိုင်းဒီရေများသည် လှေသင်္ဘောအစီးရေနှစ်သောင်းခန့်နှင့် လူပေါင်းသုံးသိန်းနီးပါးတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ဖျက်ဆီးပစ်ခဲ့သည်။ အလားတူပင် ၁၉၃၅ ခုနှစ်က အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါကမ်းခြေသို့ ဝင်ရောက်လာသော ဟာရီကိန်းမုန်တိုင်း ဒီရေလှိုင်းများသည်လည်းကောင်း၊ ၁၉၃၈ ခုနှစ်က နယူးအင်္ဂလန်ပြည်နယ်ကမ်းခြေသို့ ဝင်ရောက်လာသော ဟာရီကိန်းမုန်တိုင်း ဒီရေလှိုင်းများသည်လည်းကောင်း ပျက်စီးဆုံးရှုံးမှုနှင့် လူ့အသက်သေဆုံးရမှုများကို ကြီးမားစွာ ဖြစ်ပေါ်စေခဲ့သည်။

ကမ္ဘာတစ်ဝန်းဖြစ်ပေါ်ခဲ့ဖူးသည့် ဆိုင်ကလုန်းမုန်တိုင်း၊ ဟာရီကိန်းမုန်တိုင်း၊ တော်နေးဒိုးမုန်တိုင်း၊ တိုင်ဖွန်းမုန်တိုင်းနှင့် ဗက်ဂွီအိုမုန်တိုင်းစသော အင်အားအကြီးမားဆုံး မုန်တိုင်းကြီးများသည် အီကွေတာမျဉ်း၏ တစ်ဖက်တစ်ချက်ရှိ အပူပိုင်းသမုဒ္ဒရာရေပြင်များပေါ်၌ စတင်မွေးဖွားလာလေ့ရှိသည်။ ထိုအင်အားကြီးမားသော မုန်တိုင်းကြီးများသည် ကုန်းမြေတိုက်ကြီးများကို ဖြတ်သန်းတိုက်ခတ်သွားပြီးသည့် အခါ၌လည်းကောင်း၊ အအေးပိုသော မြောက်အရပ်ဆီသို့ ရောက်ရှိသွားသောအခါ၌လည်းကောင်း အားပျော့ပျက်ပြယ်သွားကြသည်သာဖြစ်သည်။

ထူးခြားဖြစ်စဉ်မျိုးအနေဖြင့်မူ အချို့သော အင်အားပြင်းမုန်တိုင်းကြီးများသည် ကုန်းမြေအတွင်းသို့ ကီလိုမီတာများစွာအကွာအဝေးအထိ ဝင်ရောက်မွှေနှောက် တိုက်ခတ်သွားပြီးသည့်တိုင် အရှိန်မသေသေးဘဲ မူလသမုဒ္ဒရာရေပြင်ဆီသို့ ပြန်လည်ရောက်ရှိလာပြီးချိန်မှသာ အဆုံးသတ်သွားလေ့ရှိကြသည်။ သာဓကအားဖြင့် ၁၉၆၄ ခုနှစ်က တိုက်ခတ်ခဲ့သော ဒိုနာအမည်ရှိ ဟာရီကိန်းမုန်တိုင်းကြီးသည် ကုန်းမြေဒေသများ အတွင်းသို့ ကီလိုမီတာရာပေါင်းများစွာအထိ ဝင်ရောက်တိုက်ခတ်ပြီးသည့်တိုင် အားပျော့ပျက်ပြယ်ခြင်းမရှိသေးဘဲ မူလသမုဒ္ဒရာ ရေပြင်ဆီသို့ ပြန်လည်ရောက်ရှိလာပြီးမှသာလျှင် နိဂုံးကမ္ပတ် အဆုံးသတ်သွားခဲ့သည်ကို မုန်တိုင်းမှတ်တမ်းများ၌ လေ့လာတွေ့ရှိနိုင်သည်။

အင်အားကြီးမားသော ဟာရီကိန်းမုန်တိုင်းကြီးများ၏ ရွေ့လျားတိုက်ခတ်ရာလမ်းကြောင်းကို ခန့်မှန်းသည့်ကိစ္စရပ်သည် ခေတ်မီစက်ကိရိယာများကို အသုံးချနေကြသည့်တိုင် အလွန်ခက်ခဲသည့် သဘောသဘာဝရှိနေသည်။ အဘယ်ကြောင့်ဆိုသော် ဟာရီကိန်းမုန်တိုင်းကြီးများသည် ဦးတည်ရာအမျိုးမျိုး ပြောင်းလဲနေတတ်ခြင်းကြောင့်ပင်ဖြစ်သည်။ မုန်တိုင်းသည် အနောက်ဘက်သို့ ဦးတည်ရွေ့လျားနေရာမှ မြောက်အရပ်ဆီသို့ ကွေ့သွားခြင်း၊ မြောက်အရပ်သို့ ဦးတည်နေရာမှပင် အရှေ့အရပ်ဆီသို့ ကွေ့သွားခြင်း၊ တစ်ခါတစ်ရံ အချိန်အတိုင်းအတာတစ်ခုအထိ ငြိမ်သက်နေတတ်ခြင်းစသော ဟာရီကိန်း၏ သဘောသဘာဝများကြောင့် ကမ်းစပ်သို့ရိုက်ပုတ်သော မုန်တိုင်းဒီရေကိုကြည့်ရုံမျှဖြင့် ထိုကမ်းခြေသို့ ဟာရီကိန်း ဝင်ရောက်လာနိုင်ခြင်း ရှိမရှိကို အတိအကျခန့်မှန်းရန် မလွယ်ကူလှပေ။ ထို့ပြင် ဟာရီကိန်းမုန်တိုင်း တိုက်ခတ်သည့်အခါ လေပွေနှင့် လေဝဲကတော့ကြီးများ ဖြစ်ပေါ်တတ်ပြီး လေပြင်းတိုက်ခတ်နှုန်းကို ပို၍အရှိန်မြင့်စေရုံမျှမက တစ်ခါတစ်ရံ မုန်တိုင်းတိုက်ခတ်နေစဉ်၌ပင် သည်းထန်သောမိုးရွာသွန်းမှုကြီးများကို ဖြစ်ပေါ်လာစေတတ်သည်။ ကြောက်မက်ဖွယ်ကောင်းလှသော မုန်တိုင်းဒီရေလှိုင်းလုံးကြီးများ ရိုက်ခတ်နေချိန်၌ သဲသဲမဲမဲရွာချသော မိုးရေထုကြီးကပါ ထပ်မံအားဖြည့်လိုက်သည့်အတွက် ဒေသခံများအဖို့ အသက်ရှင်လွတ်မြောက်နိုင်ရန် အခွင့်အလမ်းက အလွန်ပင်နည်းပါးသွားလေ့ရှိသည်။

ကမ္ဘာ့လူဦးရေက တစ်နေ့တခြား သိသိသာသာ တိုးပွားလာနေသည်နှင့်အညီ ကမ်းခြေဒေသများ၌ အခြေချနေထိုင်သော လူဦးရေကလည်း လိုက်လျောညီထွေ တိုးပွားလာနေသည်ဖြစ်ရာ ခန့်မှန်းရခက်ခဲသော ဟာရီကိန်းမုန်တိုင်းနှင့် မုန်တိုင်းဒီရေလှိုင်းများကြောင့် လူ့အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးနိုင်သည့် အလားအလာများကလည်း ပို၍တိုးလာနေသည်။ ထို့ကြောင့်ပင် သိပ္ပံပညာရှင်တို့က ပို၍တိကျသော ခန့်မှန်းချက်များ ထုတ်ပြန်ပေးနိုင်မည့် နည်းပညာနှင့် စက်ကိရိယာတို့ကို တီထွင်ကြံဆနေကြသည့်တိုင် ဟာရီကိန်းမုန်တိုင်းကြောင့် ဖြစ်ပွားလာဖွယ်ရှိသော သဘာဝဘေးအန္တရာယ်ကြောင့် လူ့အသက်ဆုံးရှုံးရမှုကို လျှော့ချပေးနိုင်မည့် နည်းလမ်းများကို သက်ဆိုင်ရာအစိုးရများက လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးရန် ကြိုးပမ်းအားထုတ်သွားကြရမည်သာဖြစ်သည်။

ဟာရီကိန်းမုန်တိုင်းသည် တော်နေးဒိုးမုန်တိုင်းလောက် အင်အားကြီးမားခြင်းမရှိသော်လည်း ဧရာမသစ်ပင်ကြီးများကို ပြိုလဲစေခြင်း၊ အဆောက်အအုံများကို ပျက်စီးစေခြင်း၊ ကောင်းကင် ဓာတ်အားလိုင်းကြိုးများကို ပြတ်တောက်စေခြင်း၊ လျှပ်စစ်ဓာတ်တိုင်နှင့် တယ်လီဖုန်းဆက်သွယ်ရေးလိုင်းများကို ပြိုလဲစေခြင်း၊ ရထားသံလမ်းများကို မြေပြင်မှကြွတက်စေခြင်းဖြင့် ရထားလမ်းချော်မှုကို ဖြစ်ပေါ်စေခြင်းစသော ကြီးမားသည့်အဖျက်လုပ်ငန်းများကို ဖန်တီးလုပ်ဆောင်နိုင်စွမ်းရှိသည်။

ဟာရီကိန်းမုန်တိုင်းကြောင့် သမုဒ္ဒရာရေပြင်သည် ပေ ၆၀ ကျော်အထိပင် ထကြွမို့မောက်လာနိုင်ပြီး ထိုအနေအထားမျိုးဖြင့် ကမ်းခြေသို့ ရိုက်ခတ်သောအခါ ကမ်းခြေဒေသများ၌ ကြီးမားသော ရေလွှမ်းမိုးမှုဖြစ်ပေါ်ကာ သက်ရှိမှန်သမျှ ပြေးလွှားချိန်မရဘဲ ရေနစ်သေဆုံးကြရလေ့ရှိသည်။ ဟာရီကိန်းမုန်တိုင်း ဒီရေနှင့်အတူပါလာသော လှေသင်္ဘောများသည်လည်း ကမ်းခြေနှင့် ဝေးသော ကုန်းတွင်းပိုင်းအထိတိုင် ရောက်ရှိလာရသည်။ သင်္ဘောကျင်းများနှင့် ဆိပ်ခံဇောတံတားများသည်လည်း ဝေးရာသို့ တစ်စစီလွင့်စဉ်ကုန်ပြီး မုန်တိုင်းဒီရေ ပြန်ကျသွားသည့်အခါ၌လည်း မော်တော်ကားလမ်းများမှာ အသုံးပြု၍ မရတော့သည့်အခြေအနေသို့ ဆိုက်ရောက်သွားရသည်။ မော်တော်ကားများ၊ ရထားတွဲများနှင့် အဆောက်အအုံအချို့တို့မှာလည်း ပြန်ကျသွားသော မုန်တိုင်းဒီရေနှင့်အတူမျောပါကာ ကမ်းခြေနှင့်အလွန်ဝေးသော ပင်လယ်ထဲသို့ ရောက်ရှိသွားကြတော့သည်။

မုန်တိုင်း၏ အလယ်ဗဟိုနေရာကို မုန်တိုင်း၏ မျက်စိဟု ခေါ်ဝေါ်ကြသည်။ ဟာရီကိန်းမုန်တိုင်းကြောင့် ဖြစ်ပေါ်သော လေပြင်းများသည် မုန်တိုင်းမျက်စိနေရာမှ အဝေးဆုံးဖြစ်သော အစွန်းအနားများ၏ ဘေးပတ်ပတ်လည် ကီလိုမီတာ ၅၀ ခန့်အထိတိုင်ပင် ဖြန့်ကြက်တိုက်ခတ်လေ့ရှိသည်။ မုန်တိုင်းမျက်စိ၏အစွန်းတွင် လေတိုက်နှုန်းသည် ပျမ်းမျှအားဖြင့် တစ်နာရီလျှင် ကီလိုမီတာ ၂၄၀ အထိရှိပြီး ရံဖန်ရံခါ၌ ထို့ထက်ပင် ပို၍ပြင်းထန်လေ့ရှိသည်။

ဟာရီကိန်းမုန်တိုင်း၏ မျက်စိနေရာသည် အကျယ် ကီလိုမီတာ ၃၀ ကျော်ရှိ တိမ်ကင်းစင်သောနေရာသို့တည်းမဟုတ် တိမ်အနည်းငယ်မျှသာ ဖြစ်ထွန်းသောနေရာဖြစ်နေပြီး ထိုနေရာ၌ ပြင်းထန်သော လေတိုက်ခတ်မှုမရှိဘဲ လေအားအသင့်အတင့်မျှသာ တိုက်ခတ်လေ့ရှိသည့် အတွက် ဒေသခံများအဖို့ ဟာရီကိန်းဖြစ်ပေါ်လာမည်ဟု မျှော်လင့်ထားခြင်းမျိုး မရှိကြပေ။ ထို့ကြောင့်လည်း ဟာရီကိန်းမုန်တိုင်းကို ရုတ်တရက်ဖြစ်ပေါ်လာသော မုန်တိုင်းဟုသာ အများကထင်မြင်ယူဆလေ့ရှိကြပြီး၊ ထိုမုန်တိုင်း အမျိုးအစား၏ကြိုတင်ဖြစ်တည်နေတတ်သည့်သဘောသဘာဝကို မသိရှိကြပေ။ မသိရှိကြသည့်အတွက် ကြိုတင်ပြင်ဆင်မှုကို ပြုလုပ်မထားကြခြင်းသည်လည်း ဟာရီကိန်းကြောင့် သေကြေ ပျက်စီးမှုကို ပိုမိုများပြားစေသည့် အကြောင်းတစ်ရပ်ဖြစ်လာရသည်။

ကမ်းစပ်သို့ရိုက်ခတ်သော လှိုင်းဂယက်နှင့် လှိုင်းတံပိုးကြီးများကိုကြည့်၍ လေပြင်းတိုက်ခတ်မှုနှင့် မုန်တိုင်းတို့ကို ခန့်မှန်းတွက်ချက်ကြသည် ဆိုရာ၌ တစ်ခါတစ်ရံ ခန့်မှန်းတွက်ချက်မှုကို မှားယွင်းစေနိုင်သောအကြောင်းအချို့ရှိနေနိုင်သည်ကို သိရှိထားကြရန်လိုအပ်သည်။ ယင်းသည်ကား ကမ်းခြေနှင့် အလွန်ဝေးကွာသော သမုဒ္ဒရာ ရေပြင်ပေါ်၌ လေဖိအား ရုတ်ချည်းအပြောင်းအလဲရှိနေခြင်းကြောင့်လည်း လှိုင်းလုံးကြီးများက ကမ်းစပ်သို့ ရိုက်ခတ်လာနိုင်ခြင်းပင်ဖြစ်သည်။ အာဖရိကတိုက်ရှိ မော်ရိုကိုကမ်းခြေနှင့် တောင်အမေရိကတိုက် ပစိဖိတ်ကမ်းခြေများသည် သမုဒ္ဒရာရေပြင်ပေါ်ရှိ လေဖိအားအပြောင်းအလဲကြောင့်ဖြစ်ပေါ်လာသော လှိုင်းတံပိုးကြီးများ၏ ရိုက်ခတ်မှုကို အမြဲခံနေကြရသည့် ဒေသများဖြစ်ကြသည်။

မည်သို့ပင်ဆိုစေကာမူ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော ကမ်းစပ်လှိုင်းများသည် ကမ်းခြေရှိကျောက်ဆောင်ချောက်ကမ်းပါးများနှင့် သဲသောင်ခုံများကို အစဉ်သဖြင့် တိုက်စားလျက်ရှိနေကြသလို ဧရာမတွင်းကြီးများ၊ လိုဏ်ခေါင်းကြီးများကိုလည်း ဖန်တီးဖြစ်ပေါ်လာစေလျက်ရှိသည်။ တစ်နည်းဆိုရသော် သမုဒ္ဒရာရေပြင်ဆီမှ ရွေ့လျားရောက်ရှိလာသော လှိုင်းတံပိုးကြီးများနှင့် လှိုင်းဂယက်များသည် ကျယ်ဝန်းပြန့်ပြူးပြီး သာယာလှပသော ကမ်းခြေများကို သဘာဝအလျောက် ဖြစ်ပေါ်လာစေသလို ကမ္ဘာ့တိုက်ကြီးများ၏ အနားစွန်းပုံသဏ္ဌာန်များကိုလည်း အမျိုးမျိုးအဖုံဖုံ ပြောင်းလဲစေခြင်းဖြင့် ကမ္ဘာ့မြေပုံကို မကြာခဏဆိုသလို ပြင်ဆင်ပြောင်းလဲရေးဆွဲရအောင် ဖန်တီးလုပ်ဆောင်လျက်ရှိနေကြသည်။ ။

**ကမ်းခြေဒေသများ၌ အခြေချနေထိုင်သော လူဦးရေကလည်း လိုက်လျောညီထွေ တိုးပွားလာနေသည်ဖြစ်ရာ ခန့်မှန်းရခက်ခဲသော ဟာရီကိန်းမုန်တိုင်းနှင့် မုန်တိုင်းဒီရေလှိုင်းများကြောင့် လူ့အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနိုင်သည့် အလားအလာများကလည်း ပို၍တိုးလာနေသည်။ ထို့ကြောင့်ပင် သိပ္ပံပညာရှင်တို့က ပို၍တိကျသောခန့်မှန်းချက်များ ထုတ်ပြန်ပေးနိုင်မည့် နည်းပညာနှင့် စက်ကိရိယာတို့ကို တီထွင်ကြံဆနေကြသည့်တိုင် ဟာရီကိန်းမုန်တိုင်းကြောင့် ဖြစ်ပွားလာဖွယ်ရှိသော သဘာဝဘေးအန္တရာယ်ကြောင့် လူ့အသက်ဆုံးရှုံးရမှုကို လျှော့ချပေးနိုင်မည့် နည်းလမ်းများကို သက်ဆိုင်ရာအစိုးရများက လက်တွေ့ကျကျ အကောင်အထည်ဖော်ပေးရန် ကြိုးပမ်းအားထုတ်သွားကြရမည်သာဖြစ်သည်**

# ပြည်မြို့နယ်အတွင်း ရေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ စုပေါင်းဆောင်ရွက်လျက်ရှိ

**ပြည် ဩဂုတ် ၁၇**
ရေဝတီမြစ်ရေ ပြန်လည်ကျဆင်းသွားပြီဖြစ်၍ ပြည်မြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများမှ ပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းကူညီ၍ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဩဂုတ်လ ဒုတိယပတ်မှစတင်၍ ရေဘေးသင့်ပြည်သူများကို ယာယီကယ်ဆယ်ရေးစခန်းများမှ ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်နိုင်ရန် ကူညီပေးခဲ့ပြီး ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရနှင့် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်ပြည်သူများမှ ပေးအပ်လှူဒါန်းခဲ့သော ဆန်၊ ဆီ၊ အဝတ်အထည်နှင့် ထောက်ပံ့ပစ္စည်းများကိုလည်း တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများလက်ဝယ်အရောက် စနစ်တကျ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

ရေလွှမ်းမိုးခဲ့သော ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ သောက်သုံးရေများ သန့်ရှင်းရေးအတွက် ရေတွင်းရေကန်များ၊ လက်နှိပ်တုံကင်နှင့် အဝီစိတွင်းများအတွင်း ကလိုရင်းဆေးများခတ်ပေးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ခြင်ဆေးများဖျန်းခြင်းနှင့် ထုံးကြမ်းများဖျန်းပက်ခြင်း၊ အိမ်သာများကို ယင်လုံပြီး ကျန်းမာရေးနှင့်ညီညွတ်အောင် ပြုပြင်တည်ဆောက်ရန် အသိပညာပေးဆွေးနွေးခြင်းတို့ကိုလည်း ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်နေကြသည်။

ထို့အတူ ယာယီဆေးခန်းများလည်း ဖွင့်လှစ်၍ ကျန်းမာရေးအန္တရာယ်ကျရောက်လွယ်သော ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ ဘိုးဘွားများအား ဦးစားပေးစောင့်ရှောက်ပေးလျက်ရှိကာ လိုအပ်သော ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်းကိုလည်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက အဖွဲ့ငါးဖွဲ့ခွဲ၍ အရပ်ဘက် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# အခြေခံပညာကျောင်းပေါင်းစုံ မီနီမာရသွန်ပြိုင်ပွဲ ကျင်းပ

**မန်တုံ ဩဂုတ် ၁၇**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံပါဝင်သော မီနီမာရသွန်ပြိုင်ပွဲကို မန်တုံမြို့ အခြေခံပညာအထက်ကျောင်း၌ ဩဂုတ် ၁၃ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အလုပ်အမှုဆောင် ဦးသိန်းဇော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအားလွန်၊ ဒေါက်တာအေးအေးသန့်နှင့် မြို့နယ်ရဲမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ပြိုင်ပွဲတွင် မန်တုံမြို့ရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၄၇ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့မှစ၍ တာလွှတ်ကာ အထက(မန်တုံ)တွင် ပန်းဝင်စေခဲ့သည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိကြသော အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၁၂ ဦးနှင့် ဇွဲဆုရရှိသူများကို ဆုများပေးအပ်ခဲ့ပြီး ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီပေးခဲ့သော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများလည်း ဆက်လက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# မျိုးဆက်ပွားကျန်းမာရေးသင်တန်းများ ပုဏ္ဏားကျွန်း၌ဖွင့်မည်

**ပုဏ္ဏားကျွန်း ဩဂုတ် ၁၇**
စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း မျိုးဆက်ပွားကျန်းမာရေးသင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းများဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ညှိနှိုင်း အစည်းအဝေးကို မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၄ ရက်က ပြုလုပ်ခဲ့သည်။

မျိုးဆက်ပွားကျန်းမာရေးသင်တန်းများကို မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးဌာနခွဲတို့ ပူးပေါင်း၍ ကုလသမဂ္ဂ လူဦးရေနှင့် ရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံအတွက် တတိယအကြိမ် နှစ်ရှည်အကူအညီပေးရေး အစီအစဉ် ၂၀၁၂-၂၀၁၇ အရ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ရေး စီမံချက်နှင့် ၂၀၂၀ မိသားစုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်ရန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း မြို့နယ်ခြောက်ခု၌ မျိုးဆက်ပွားကျန်းမာရေးသင်တန်းများဖွင့်လှစ်ရန် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်မှ ပုဏ္ဏားကျွန်းနှင့် မြောက်ဦး မြို့နယ်နှစ်ခုပါဝင်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ထမ်းများနှင့် အထွေထွေရောဂါကုဆရာဝန်များအား မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သားဆက်ခြားသင်တန်းပေးခြင်းနှင့် လူထုအခြေပြု စေတနာ့ဝန်ထမ်းများအတွက် သားဆက်ခြားဆိုင်ရာသင်တန်းပေးခြင်းများ ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ရှိ အမျိုးသမီးများအား သားဆက်ခြားခြင်းအသိပညာများ လက်ဆင့်ကမ်းပညာပေးရန် ရည်ရွယ်ချက်ဖြင့် သင်တန်းများဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ သင်တန်းများကို ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ကွန်းတောင်ကျေးရွာနှင့် ယိုးတရုတ်ကျေးရွာတို့တွင် သင်တန်းနှစ်ခုကို တစ်ပြိုင်တည်း ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ကြောင်း မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ရေး စီမံချက်အရာရှိ ဒေါက်တာခင်သီတာနှင့် ဒေါက်တာဖုန်းမူလှိုင်တို့၏ ပြောကြားချက်အရ သိရသည်။

**ညသူ**

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးညှိနှိုင်း

**တောင်ကြီး ဩဂုတ် ၁၇**
ရှမ်းပြည်နယ် တောင်ကြီးမြို့၌ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၅ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် နှစ်စဉ်ကျင်းပသည့် ပြိုင်ပွဲကြီးဖြစ်သည့်အတွက် ပြည်နယ်၊ ခရိုင်အဆင့်ပြိုင်ပွဲ စသည်ဖြင့် ပြိုင်ပွဲဘာသာရပ်တိုင်း ပါဝင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အမှတ်ပေးစနစ် ပွင့်လင်းမြင်သာမှုရှိရန်၊ ပြည်နယ်အဆင့်ပြိုင်ပွဲအတွက် ခရိုင်အသီးသီးမှ ပြိုင်ပွဲဝင်များ စေလွှတ်ပေးကြရန်နှင့် ထောက်ပံ့မှုများ ဝိုင်းဝန်းကူညီဆောင်ရွက်ရန်၊ ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်တစ်ခုလုံးကို တာဝန်ယူဆောင်ရွက်နေရသည့်အတွက် ခရိုင်များက တစ်စိတ်တစ်ပိုင်းတာဝန်ယူဆောင်ရွက်ပေးကြရန် စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အေးအေးသင်းတို့က ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများက လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အရပ်ဘက်လူမှုအဖွဲ့အစည်းများ ဆွေးနွေးပွဲပြုလုပ်

**ရေး ဩဂုတ် ၁၇**
ရေးမြို့နယ်အတွင်းရှိ အရပ်ဘက်ဆိုင်ရာလူမှုရေးအသင်းအဖွဲ့များနှင့် လူ့အခွင့်အရေးဖော်ဆောင်သူများ အချင်းချင်း သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် ဆောင်ရွက်ခဲ့သောလုပ်ငန်းများ ပြန်လည်သုံးသပ်ဆွေးနွေးခြင်းကို ရေးမြို့ မြမြင့်မိုရ်ဟိုတယ်၌ ဩဂုတ် ၁၆ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့မှ ဦးမင်းဝင်းဗိုလ်က ဒေသတွင်းအခြေစိုက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် ရပ်တည်မှုအခြေအနေများ၊ လုပ်ငန်းဖော်ဆောင်နိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဦးဆောင်ဆွေးနွေးသည်။ ထို့နောက် ရေးမြို့နယ်၊ မော်လမြိုင်မြို့နယ်နှင့် ဘားအံမြို့ရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းပေါင်း ၂၇ ဖွဲ့မှ ကိုယ်စားလှယ် ၄၂ ဦးတို့က ဒေသအတွင်း လက်ရှိတွေ့ကြုံခံစားနေရသော အားနည်းချက်များနှင့် လိုအပ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုအားကောင်းစွာ လုပ်ဆောင်နိုင်ရန် ပြန်လည်သုံးသပ်ကာ အကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ဆွေးနွေးပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ်၏ ပြီးခဲ့သော ရေးမြို့နယ်ဒေသတွင်း ခရီးစဉ်အတွင်းက ရေးမြို့နယ်ရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ရေးမြို့နယ်နှင့်ပတ်သက်၍ တင်ပြခဲ့ကြသော ဒေသတွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အကျင့်ပျက်ခြစားမှု မရှိစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးဝါးစသည့် ကဏ္ဍများနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ၊ လယ်ယာမြေပြဿနာများကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

**စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ ခုတင် ၁၀၀ ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြသူများအား ကျန်းမာရေးအထောက်အကူဖြစ်စေရန်အတွက် ကြက်ဥနှင့် ကြက်သားဆန်ပြုတ်များကို ညနေရေလှူအသင်းက ဩဂုတ် ၁၅ ရက် ညနေပိုင်းက အာဟာရဒါနပြု လှူဒါန်းစဉ်** (ရေဦးမြို့ ညနေရေလှူအသင်းသည် အလှူရှင်များ၏ ပူးပေါင်းမှုဖြင့် ဆေးရုံတက်လူနာများအား နေ့စဉ်ညနေ ၅ နာရီတွင် သောက်ရေသန့်များနှင့် အာဟာရဖြစ်မုန့်မျိုးစုံတို့ကို ကုသိုလ်ပြုလှူဒါန်းခဲ့သည်မှာ ဩဂုတ် ၁၅ ရက်တွင် ရက်ပေါင်း ၄၅၀ ရက်ရှိပြီဖြစ်ကြောင်း သိရသည်။)
**သန်းထိုက်(ရေဦး)**



# ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်

**သုံးခွ ဩဂုတ် ၁၇**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၉)ရပ်ကွက်၌ ပြည်သူများ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရေးအတွက် အိမ်သုံးမီတာများမှ ရှုပ်ထွေးနေသော ဓာတ်ကြိုးများနှင့် ရှည်လျားသော ဆားဗစ်ကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းကို တောင်ပိုင်းခရိုင် လျှပ်စစ်ဝန်ထမ်းများက ဩဂုတ် ၁၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမှတ်(၉)ရပ်ကွက်အတွင်းရှိ အောင်သိဒ္ဓိလမ်း၊ ဖရုံလမ်း၊ မြတ်နိုးသူလမ်း၊ အုန်းပင်ကျောင်းလမ်း၊ ကန်သာယာလမ်း၊ ဧကရီလမ်း၊ ဗန္ဓုလလမ်းများမှ ဓာတ်တိုင်၊ ဓာတ်ကြိုးများကို လိုက်လံရှင်းလင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်ကျော်ဦးနှင့် တောင်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ ဦးစံထွန်းအောင်တို့က အနီးကပ် ကြပ်မတ်ဆောင်ရွက်ကြောင်း သိရသည်။

**(ဝ၂၈)**

# လက်ပံတန်းမြို့နယ်အတွင်းရှိ မြစ်ရေဝင်သည့် ကျေးရွာများသို့ သွားရောက်လှူဒါန်း

**လက်ပံတန်း ဩဂုတ် ၁၇**
ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်မေသက်နွယ်နှင့် ပညာရေး ဝန်ထမ်းမိသားစု များသည် ဩဂုတ် ၁ ရက်က မြစ်ရေဝင်ရောက်သည့်အတွက် ရေကြီးနစ်မြုပ်သည့် ကျောင်းပေါင်း ၂၃ ကျောင်းမှ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ရေသန့်ဘူးများ၊ ခေါက်ဆွဲခြောက်ထုပ်များ၊ ဗလာစာအုပ်များနှင့် စားသောက်ဖွယ်ရာများ စုစုပေါင်း ငွေကျပ် ၃၄ သိန်းကျော်ဖိုးကို သွားရောက်လှူဒါန်းကြသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးညွန့်သန်း၊ လက်ပံတန်းမြို့ ဆန်စက်ပိုင်ရှင်များအသင်းမှ ဦးလှဦး၊ ဆန်စပါးလုပ်ငန်းရှင်အသင်းမှ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများသည် ဩဂုတ် ၁၃ ရက်က မြစ်ရေဝင်ရောက်သည့်အတွက် ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများဖြစ်သည့် ညောင်ကုန်းကျေးရွာ၊ ညောင်ပင်စုကျေးရွာ၊ ကုလားမန်းကုန်းကျေးရွာနှင့် ရေတံခါးကျေးရွာများသို့ ဆန်အိတ် ၁၇၀ အပါအဝင် ရေသန့်ဘူးများကို သွားရောက်လှူဒါန်းကြကြောင်း သိရသည်။

**အောင်ဆင့်**

## မိုးမြင့်လင်းလက်

# မထင်မှတ်တဲ့ရလဒ်တွေ ထွက်ပေါ်လာဦးမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂)




ရာသီအစပွဲစဉ်(၁)က စတင်ပြီး စိတ်ဝင်စားမှု မြင့်တက်လာတဲ့ ပရီမီယာလိဂ်ဟာ လာမယ့် ဩဂုတ် ၁၉ ရက်မှာတော့ ပွဲစဉ် (၂)ကို ဆင်နွှဲဖို့ ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ မန်ယူကလွဲပြီး ကျန်တဲ့ ထိပ်တန်းအသင်းတွေ အဝေးကွင်းမှာ ကစားရဖို့ ရှိနေသလို ရလဒ်ကောင်းဖို့ အကောင်းဆုံးကစားသမားတွေနဲ့ ပွဲထွက်လာဖို့ ရှိနေပါတယ်။ ပွဲတိုင်းနိုင်ပွဲရရှိရေး အပြိုင်ကြိုးစားကြမယ့် အသင်းကြီးတွေအတွက်တော့ သုံးမှတ်အပြည့်ရယူရေးအတွက် အားစိုက်ကြရဦးမှာဖြစ်ပါတယ်။

**မန်ယူနှင့် ဆောက်သမ်တန်**

ပွဲစဉ်(၁)မှာ ဘုန်းမောက်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့တဲ့ မန်ယူရဲ့ ခြေစွမ်းက အားရကျေနပ်စရာတော့ မဟုတ်သေးပါဘူး။ အသစ်ခေါ်ယူထားတဲ့ မိုဗစ်နဲ့ ကစားသမားဟောင်းတွေ အသားကျမှုရှိလာတာက ပွဲရလဒ်ကို အကောင်းဘက် ဦးတည်စေတာတော့ အမှန်ပါပဲ။ နည်းပြမော်ရင်ဟိုကတော့ ပွဲတိုင်းနိုင်ပွဲရအောင် ကြိုးစားဖို့ တိုက်တွန်းထားတာမို့ အိမ်ကွင်းမှာ ဆက်တိုက်အောင်ပွဲခံရေး မန်ယူရဲ့စွမ်းဆောင်မှုကို ကြည့်ရမှာဖြစ်ပါတယ်။ အဖွင့်ပွဲစဉ်မှာ ဆောက်သမ်တန်တို့ ဝက်ဖို့ဒ်နဲ့ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပေမယ့် မနှစ်က မန်ယူကွင်းမှာ တစ်ဂိုး ဂိုးမရှိနဲ့ နိုင်ပွဲရယူတဲ့ ခြေစွမ်း ပြန်ရခဲ့ရင် မန်ယူတို့ အိမ်ကွင်းမှာ ရင်မောရပါလိမ့်မယ်။ ဒါပေမယ့် လက်ရှိခြေစွမ်းပိုင်း တိုးတက်နေတဲ့ မန်ယူတို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

**စတုတ်နှင့် မန်စီးတီး**

ဆန်းဒါးလန်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ကံကောင်းစွာ အနိုင်ရခဲ့တဲ့ မန်စီးတီးဟာ အခုပွဲ အဝေးကွင်းမှာ သေသေချာချာပြင်ဆင်ကစားပါလိမ့်မယ်။ စတုတ်တို့ကလည်း အဖွင့်ပွဲစဉ်မှာ မစ်ဒယ်ဘရော့နဲ့ အဝေးကွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာကြောင့် အခုပွဲမှာ အမှတ်ပြည့်ရယူရေး ပြင်ဆင်ထားပါလိမ့်မယ်။ ပြီးခဲ့တဲ့နှစ်က မန်စီးတီးကွင်းမှာ စတုတ်ကို လေးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့တဲ့ မန်စီးတီးဟာ အဲဒီရလဒ်မျိုးနဲ့ အောင်ပွဲခံနိုင်ဖို့တော့ လက်ရှိခြေစွမ်းနဲ့ ရုန်းကန်ရပါလိမ့်မယ်။ သရေပွဲတွေများနေတဲ့ မန်စီးတီးတို့ အနိုင်ဆိုရင်တောင် ဂိုးပြတ်ဖို့ မလွယ်ပါဘူး။

**ဘန်လေနှင့် လီဗာပူး**

အဖွင့်ပွဲစဉ်မှာ အာဆင်နယ်ကို အနိုင်ကစားခဲ့တဲ့ ခြေစွမ်း၊ ဘာစီလိုနာအသင်းကို လေးဂိုးပြတ်သွင်းယူပြီး အောင်ပွဲရယူခဲ့တဲ့ ကစားအားတွေက လီဗာပူးရဲ့စွမ်းဆောင်မှုကောင်းတွေကို ထုတ်ဖော်ပြသနေသလိုပါပဲ။ အေစီမီလန်၊ ဘာစီလိုနာ၊ အာဆင်နယ်လိုအသင်းတွေကို ဆက်တိုက်နိုင်ပွဲတွေ ရယူခဲ့တဲ့ လီဗာပူးဟာ ဘန်လေကွင်းမှာ ကစားရပေမယ့် သုံးမှတ်အပြည့်ရယူဖို့ ကြိုးစားပါလိမ့်မယ်။ ဘန်လေတို့ လက်ရှိခြေစွမ်းအတိုင်း မပြင်ဆင်ခဲ့ရင်တော့ ဂိုးမပြတ်ရေးကိုပဲ အာရုံစိုက်ရပါလိမ့်မယ်။

**ဆွမ်ဆီးနှင့် ဟားလ်စီးတီး**

ချန်ပီယံ လက်စတာအသင်းကို အနိုင်ကစားခဲ့တဲ့ ဟားလ်စီးတီးရဲ့ ခြေစွမ်းက လျှော့တွက်လို့မရပါဘူး။ ဆွမ်ဆီးတို့ကလည်း ဘန်လေကို အဖွင့်ပွဲစဉ်မှာ တစ်ဂိုး ဂိုးမရှိနဲ့ နိုင်ပွဲရယူထားတာမို့ အခုပွဲ အိမ်ကွင်းမှာ အနိမ့်ဆုံးတစ်မှတ်ရရှိရေး ကြိုးစားပါလိမ့်မယ်။ ပြီးခဲ့တဲ့နှစ်က ဟားလ်စီးတီးကွင်းမှာ ကစားခဲ့စဉ်က ဆွမ်ဆီးတို့ တစ်ဂိုး ဂိုးမရှိနဲ့ ရှုံးထားတာမို့ အခုပွဲမှာ ရှုံးကြွေးပြန်ဆပ်နိုင်မလားကြည့်ရမှာပါ။ ဒီပွဲမှာ ယာယီနည်းပြနဲ့ပဲ စခန်းသွားမယ့် ဟားလ်စီးတီးတို့ကပဲ ဂိုးမပြတ်ဘဲ ကပ်ပြီး နိုင်ပွဲရသွားပါလိမ့်မယ်။

**စပါးနှင့် ပဲလေ့စ်**

ဒီနှစ် ပရီမီယာလိဂ်တာထွက်မှာ အဲဗာတန်နဲ့တွေ့ပြီး တစ်မှတ်သာ ရရှိခဲ့တဲ့ စပါးတို့ အခုပွဲမှာ ပဲလေ့စ်ကို အမှတ်ခွဲပေးမှာ မဟုတ်ပါဘူး။ ပဲလေ့စ်တို့ကတော့ ပွဲစဉ်(၁)မှာ ဝက်စ်ဘရွန်းကို ရှုံးခဲ့တာမို့ ဆက်တိုက်ရှုံးပွဲတွေဖြစ်ပေါ်နေမှုကို ရပ်တန့်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ လက်ရှိခြေစွမ်းပိုင်းအရ စပါးကို နှစ်သက်ပေမယ့် မနှစ်က စပါးကွင်းမှာ ပဲလေ့စ်တို့ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရယူခဲ့တာကို မေ့လို့မရပါဘူး။ ဒီပွဲဟာ စပါးတို့ နိုင်ပွဲရနိုင်ပေမယ့် သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**ဝက်ဖို့ဒ်နှင့် ချယ်လ်ဆီး**

မနှစ်က ဝက်ဖို့ဒ်ကွင်းမှာ ဂိုးမရှိ သရေပွဲဖြစ်ထားခဲ့တဲ့ ချယ်လ်ဆီးတို့က အခုပွဲမှာတော့ အမှတ်ပြည့်ရယူဖို့ အားထည့်တော့မှာ ဖြစ်ပါတယ်။ ဝက်ဖို့ဒ်တို့ကတော့ အဖွင့်ပွဲစဉ်မှာ ဆောက်သမ်တန်ကို တစ်ဂိုးစီသရေ ကစားခဲ့တဲ့အတွက် အခုပွဲမှာ အမှတ်ပြည့်ရယူဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ ဝက်ဖို့ဒ်ကို ချယ်လ်ဆီးတို့ အလေးထားကစားမှ သုံးမှတ်ရယူနိုင်ပါလိမ့်မယ်။

**ဝက်စ်ဘရွန်းနှင့် အဲဗာတန်**

စပါးလိုအသင်းကို သရေပွဲရအောင် အားထုတ်နိုင်ခဲ့တဲ့ အဲဗာတန်တို့က အခုပွဲမှာ ဝက်စ်ဘရွန်းကို အချိန်ပြည့် ခြိမ်းခြောက်ဖိအားပေးနိုင်ဖို့တော့ မလွယ်ပါဘူး။ ဝက်စ်ဘရွန်းဟာ အိမ်ကွင်းမှာ ကစားအားကောင်းတဲ့အသင်းဖြစ်ပြီး ပြိုင်ဘက်တွေကို အနိုင်ရအောင် ကြိုးစားနိုင်တဲ့ စွမ်းရည်ရှိပါတယ်။ မနှစ်ကအဲဗာတန်ကွင်းမှာတောင် အနိုင်ယူ နိုင်တဲ့ ဝက်စ်ဘရွန်းဟာ အခုပွဲ အိမ်ကွင်းမှာမို့ ဂိုးမပြတ်ပေမယ့် သုံးမှတ်ရသွားမယ့် ပွဲပါပဲ။

**လက်စတာနှင့် အာဆင်နယ်**

လီဗာပူးကို အဖွင့်ပွဲစဉ်မှာ ရှုံးခဲ့ပေမယ့် အားထုတ်မှုကောင်းတဲ့ အာဆင်နယ်တို့ အခုပွဲကိုတော့ အနိုင်ရအောင် ကြိုးစားဖို့လိုလာပြီဖြစ်ပါတယ်။ လက်ရှိ ချန်ပီယံ လက်စတာတို့ကလည်း တာထွက်ပွဲစဉ်မှာ ရှုံးပွဲကြုံထားလို့ ဒီပွဲမှာ ခြေကုန်ဖွင့်လာဖို့ ရှိနေပါတယ်။ မနှစ်ကတော့ လက်စတာကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ယူခဲ့ပေမယ့် ဒီပွဲမှာတော့ အာဆင်နယ်တို့ ခက်ခဲနိုင်ပါတယ်။

**မစ်ဒယ်ဘရော့နှင့် ဆန်းဒါးလန်း**

မန်စီးတီးကို ခြေရည်တူကစားပြီး နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ မစ်ဒယ်ဘရော့တို့အတွက် ဒီပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရအောင် ကြိုးစားမယ့်ပွဲပါ။ ဆန်းဒါးလန်းတို့က အဖွင့်ပွဲစဉ်မှာ စတုတ်ကို တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာကြောင့် တစ်မှတ်ရရှိနေပြီး ဒီပွဲမှာ အမှတ်ပြည့်ရယူရေး အားထုတ်တော့မှာ ဖြစ်ပါတယ်။ ဒီပွဲမှာ ဖြစ်နိုင်ဆုံးရလဒ်က သရေဖြစ်သွားနိုင်ပါတယ်။

**ဝက်စ်ဟမ်းနှင့် ဘုန်းမောက်**

မန်ယူကိုရှုံးခဲ့ပေမယ့် ဘုန်းမောက်ရဲ့ အားထုတ်မှုအပိုင်းကို အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ဝက်စ်ဟမ်းနဲ့ ဘုန်းမောက်တို့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာတော့ ဝက်စ်ဟမ်းက သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ဒါပေမယ့် ဘုန်းမောက်ရဲ့ ခြေစွမ်းတိုးတက်လာမှုက ဒီပွဲမှာ အမြင့်ဆုံး သရေတစ်မှတ်တော့ မျှော်လင့်နိုင်ပါလိမ့်မယ်။ ။



# မန်စီးတီးကိုရောက်လာမယ့် ဘာစီလိုနာဂိုးသမား

မန်စီးတီးအသင်းအနေနဲ့ အသင်းရဲ့ဂိုးသမား ဂျိုးဟတ်နေရာမှာ အစားထိုးဖို့ ဘာစီလိုနာဂိုးသမားကို ခေါ်ယူစာချုပ်ဖို့ သေချာသွားပြီဖြစ်ပါတယ်။ မန်စီးတီးဟာ ဘာစီလိုနာဂိုးသမား ကလောဒီယိုဘရာဗိုကိုပေါင် ၁၇ သန်းနဲ့ ခေါ်ယူဖို့ပြင်ဆင်နေပြီဖြစ်ပါတယ်။

ချီလီလက်ရွေးစင်ဂိုးသမား ဘရာဗိုကို မန်စီးတီးက လေးနှစ်စာချုပ်နဲ့ ခေါ်ယူသွားမယ်လို့ သိရပါတယ်။ စပိန်လာလီဂါချန်ပီယံ ဘာစီလိုနာအသင်းအနေနဲ့ အသက် ၂၄ နှစ်အရွယ်ရှိတဲ့ အင်ဒရေတာစတီဂျင်ကို ရောင်းချခြင်းထက် ဘရာဗိုကိုရောင်းချဖို့ ဆုံးဖြတ်ထားတယ်လို့ ဆိုပါတယ်။ မန်စီးတီးအသင်းဟာ အင်္ဂလန်နံပါတ်တစ်ဂိုးသမား ဂျိုးဟတ်နေရာမှာ အစားထိုးဖို့ ဆုံးဖြတ်ထားတယ်လို့ ဆိုပါတယ်။ ဂျိုးဟတ်ဟာ မန်စီးတီးကနေ ထွက်ခွာဖွယ်ရှိနေပါတယ်။ မန်စီးတီးကို ဘရာဗိုရောက်ရှိလာမှုကြောင့်လည်း ဂျိုးဟတ်ကို မန်စီးတီးကထွက်ခွာစေဖို့ ပိုသေချာနေတယ်လို့ ဆိုပါတယ်။

ဂိုးသမား ဘရာဗိုဟာ ဘာစီလိုနာအသင်းမှာ ပြီးခဲ့တဲ့ ရာသီက ၃၂ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၆ ကြိမ်တိုင်တိုင် အပိုင်ဂိုးပေါက်တည့်ကန်သွင်းမှုတွေကို ကာကွယ်ပေးနိုင်ခဲ့ပါတယ်။ ရာသီသစ်မှာ မန်စီးတီးရဲ့အဓိကဂိုးသမားနေရာကို ဘရာဗိုနဲ့ အစားထိုးဖို့ သေချာနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# အဲဗာတန်မှာ ခြေစွမ်းပြကစားလာမယ့် ဘော်လာဆီး




ခရစ္စတဲလ်ပဲလေ့စ်မှ အဲဗာတန်အသင်းကို ပြောင်းရွှေ့လာတဲ့ တောင်ပံတိုက်စစ်မှူး ဘော်လာဆီးက သူ့အနေနဲ့ ကြေးက အဓိကမဟုတ်ဘဲ ပုံမှန်ကစားခွင့်ရဖို့က အဓိကဖြစ်တယ်လို့ ဆိုပါတယ်။ ဘော်လာဆီးဟာ ဒီနွေရာသီမှာ အဲဗာတန်က ခေါ်ယူခဲ့တဲ့ လေးဦးမြောက်ကစားသမား ဖြစ်ပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ တောင်ပံတိုက်စစ်မှူး ဘော်လာဆီးကို ပေါင်သန်း ၃၀ နဲ့ ငါးနှစ်စာချုပ်ခဲ့တာပါ။ အဲဗာတန်အသင်းအနေနဲ့ ဒီနှစ် ပရီမီယာလိဂ်အတွက် ဝီလျံ၊ ဂူရေး၊ စတာလီလန်းဘတ်တို့ကို ခေါ်ယူပြီးနောက် စတုတ္ထမြောက် စာချုပ်ခဲ့သူဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ ပရီမီယာလိဂ်မှာ အသင်းကြီးတစ်သင်းဖြစ်ပါတယ်။ ဒီအသင်းမှာ နှစ်အတန်ကြာ ကစားပေးဖို့ ပြင်ဆင်ထားပါတယ်။ ကျွန်တော့်အတွက် ငွေကြေးက အဓိက မဟုတ်ဘဲ ပုံမှန် ပွဲထွက်ကစားခွင့်ကသာ အဓိကဖြစ်ပါတယ်လို့ ဘော်လာဆီးက ပြောဆိုလိုက်ပါတယ်။

အဲဗာတန်အသင်းအတွက် ကစားပေးဖို့ အသင့်ဖြစ်နေပြီလို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ရာသီကတည်းက ခရစ္စတဲလ်ပဲလေ့မှ ထွက်ပြီး အဲဗာတန်မှာ ကစားဖို့ ကြိုးစားခဲ့တာပါလို့ ဘော်လာဆီးက ဆိုပါတယ်။

# အာဆင်နယ်က ခေါ်ယူဖွယ်ရှိနေတဲ့ နောက်တန်းလူ မူစတာဖီ




ပြီးခဲ့တဲ့ ပရီမီယာလိဂ် ကန့်လန့်ကာ အဖွင့်ပွဲစဉ်မှာ အာဆင်နယ်အသင်းအနေနဲ့ နောက်တန်း အားနည်းချက်တွေရှိနေတာတွေ့ရပါတယ်။ ဒီအားနည်းချက်ကို ဖြည့်ဆည်းနိုင်ဖို့ အာဆင်နယ်အသင်းအနေနဲ့ ဗလင်စီယာ နောက်တန်းလူ မူစတာဖီကို ခေါ်ယူဖွယ်ရှိနေပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ မူစတာဖီကို ပေါင်သန်း ၃၀ အထိ ပေးခေါ်ဖို့ မဝံ့မရဲဖြစ်နေပါတယ်။ မူစတာဖီဟာ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ဖို့ မူအားဖြင့် သဘောတူထားတာပါ။ ဗလင်စီယာက သူ့ရဲ့ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၃၀ အထိ လိုချင်နေတယ်လို့ ဆိုပါတယ်။ သို့သော်လည်း အာဆင်နယ်အသင်းအနေနဲ့ ပေါင်သန်း ၂၀ အထိသာ အများဆုံးပေးနိုင်တယ်လို့ ဆိုပါတယ်။ ဂျာမနီ ဗဟိုခံစစ်မှူး မူစတာဖီကို အာဆင်နယ်က ခေါ်ယူဖို့ အတော်လေးနီးစပ်နေတယ်လို့ ဆိုပါတယ်။ လာမယ့်ရက်များအတွင်း ဗဟိုခံစစ်မှူး မူစတာဖီကို အာဆင်နယ်က အရခေါ်ယူသွားဖွယ်ရှိနေပါတယ်။ လီဗာပူးနဲ့ ကစားခဲ့တဲ့ ခြေစွမ်းအရ အာဆင်နယ်အသင်းဟာ နောက်တန်းကစားသမား လိုအပ်ချက်ကို မဖြစ်မနေ ဖြည့်ဆည်းသွားရမယ့် အနေအထားရှိပါတယ်။

# လယ်ယာလုပ်သားရှားပါးသဖြင့် ကြဲပက်စိုက်ပျိုးသူ များလာ

**စဥ့်ကိုင် ဩဂုတ် ၁၇**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်အတွင်း လယ်ယာလုပ်သားများ ရှားပါးလာသောကြောင့် စပါးစိုက်တောင်သူများအနေဖြင့် စပါးစိုက်ပျိုးရာတွင် ကောက်စိုက်သမများဖြင့် ပျိုးပင်စိုက်ပျိုးသည့်နည်းအစား စိုက်ခင်းအတွင်း မျိုးစေ့တိုက်ရိုက်ကြဲပက်၍ စိုက်ပျိုးသည့်နည်းဖြင့်သာ စိုက်ပျိုးလာကြကြောင်း သိရသည်။

ဒေသခံတောင်သူများ စိုက်ပျိုးကြသည့် ကြဲပက်စိုက်နည်းမှာ စိုက်ပျိုးရေးဌာနမှ လာရောက်သရုပ်ပြသော တိုက်ရိုက်မျိုးစေ့ချစိုက်နည်းစနစ်နှင့်လည်း မတူဘဲ စိုက်ခင်းအတွင်း နှမ်းကြဲသလို မျိုးစေ့များကို ခပ်ပါးပါး ကြဲပက်ထားခြင်းဖြစ်ကာ မိုးရွာသောအခါနှင့် ဆည်ရေလာ၍ ရေတင်သောအခါတွင် အပင်ပေါက်လာသော စိုက်ပျိုးနည်းဖြစ်ကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးခြင်းကြောင့် လုပ်သားအင်အားနှင့် ကုန်ကျစရိတ် နည်းပါးသော်လည်း အထွက်နှုန်းကိုမူ မခန့်မှန်းနိုင်သေးကြောင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပီပီပြင်ပြင် ပြောင်းလဲနိုင်ခြင်းမရှိသေးမီ လယ်ယာလုပ်သားများ ရှားပါးလာခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဖြစ်သလို လုပ်ကိုင်နေရကြောင်း စဥ့်ကိုင်မြို့နယ်မှ တောင်သူများက ဆိုသည်။

"တချို့တောင်သူတွေကတော့ စိုက်ပျိုးရေးက သရုပ်ပြတဲ့ တိုက်ရိုက်အစေ့ချစိုက်နည်းတွေနဲ့ စိုက်ကြပေမယ့် အများစုကတော့ ခုလိုပဲ ကြဲပက်စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေးက သရုပ်ပြတယ်ဆိုတာက တောင်သူတွေက ကျေးရွာအုပ်စုတစ်စုကို တစ်ယောက်လောက်ပဲပါတာ။ ဒါတောင် တချို့အုပ်စုတွေက မလာတာရှိသေးတယ်။ ဒီတော့ တောင်သူအများစုက ကြားသာကြားဖူးတာ၊ မသိကြဘူး။ အဲဒီတော့ ကိုယ်သဘောပေါက်သလို စိုက်လိုက်တာပဲ"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။



ကြဲပက်စိုက်ပျိုးထားသော စပါးစိုက်ခင်းတစ်ခင်း

စဥ့်ကိုင်မြို့နယ်အတွင်း ဆည်ရေပေးသောစနစ်မှာလည်း အလှည့်ကျပေးသောစနစ်ဖြစ်ရာ မိုးကောင်းပြီး ဆည်ထဲတွင် ရေများစွာရှိမှသာ ရေလုံလောက်စွာ ပေးနိုင်ကြောင်း၊ မိမိလယ်သို့ မြောင်းရေအလှည့်ကျသည့်ရက်တွင် အလုအယက် စိုက်ပျိုးကြရပြီး လုပ်သားမရရှိ၍ နောက်ရေအလှည့်စောင့်ပါက စိုက်ပျိုးချိန် နောက်ကျသွားတတ်ခြင်းကြောင့် ရေမမီမည်၊ လူငှားမရမည်ကို စိုးရိမ်ကြရကာ စိုက်ပျိုးချိန်တွင် များစွာ ကသီလင်တဖြစ်ကြရကြောင်းလည်း ဒေသခံတောင်သူများက ဆိုသည်။

**အောင်မင်း(စဥ့်ကိုင်)**

# ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယာယီမူးယစ်ဆေးဖြတ်ဆေးရုံနေရာ၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ပေး

**မြိတ် ဩဂုတ် ၁၇**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု အဒွင်းကျေးရွာရှိ ခုတင် ၁၀၀ဆံ့ မူးယစ်ဆေးဖြတ်ဆေးရုံ ဖွင့်လှစ်မည့်နေရာတွင် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ စုပေါင်း၍ ချုံနွယ်နှင့် အမှိုက်များ ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။



စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာတွင် မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး ဒေါ်ဌေးဌေးဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ မြိတ်မြို့နယ်ရဲတပ်ဖွဲ့မှ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဘဝင်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ မြိတ်မြို့ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဝင်းဇော်ဦး ဦးဆောင်သည့်တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၆၀ ဖြင့် ခုတင် ၁၀၀ ဆံ့မူးယစ်ဆေးဖြတ် ဆေးရုံအဖြစ် ယာယီပြောင်းလဲဖွင့်လှစ်မည့် နေရာတစ်ဝိုက်ရှိ ချုံနွယ်များနှင့် အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်း၊ အဆောက်အအုံအတွင်း အပြင် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

အဆိုပါနေရာသည် လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်က တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးအဖြစ်တည်ရှိခဲ့ပြီး ယခုအခါ တနင်္သာရီတိုင်းဒေသကြီးအစိုးရရုံးစိုက်ရာ ထားဝယ်မြို့သို့ ပြောင်းရွှေ့သွားခဲ့သောကြောင့် အဆောက်အအုံမှာ အသုံးမပြုသည်မှာ ကြာမြင့်သဖြင့် ချုံနွယ်ပိတ်ပေါင်းများဖြင့် ရှိနေခဲ့ရာမှ ယခုအခါ မြိတ်ခရိုင်အတွင်းရှိ မြို့နယ်/ ကျေးရွာများမှ မူးယစ်ဆေးဖြတ်မည့် လူကြီး/ လူငယ်များအား မူးယစ်ဆေးဖြတ်ရန် အတွက် မြိတ်ပြည်သူ့ဆေးရုံကြီးတွင် နေရာအခက်အခဲ ရှိနေသောကြောင့် အဆိုပါအဆောက်အအုံကို ခုတင် ၁၀၀ ဆံ့ မူးယစ်ဆေးဖြတ်ဆေးရုံအဖြစ် ယာယီပြောင်းလဲ ဖွင့်လှစ်သွားမည်ဖြစ်၍ သန့်ရှင်းရေးလုပ်ငန်းများကို လာရောက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ခရိုင် ရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူများထံမှ သိရသည်။

**မြင့်ဦး (မြိတ်)**

# မိုဘိုင်းစာကြည့်တိုက် အဆင့်မြှင့်တင်မှုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ဇီးကုန်း ဩဂုတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA)နှင့် မြန်မာ့မျက်ပွင့်စာကြည့်တိုက်တို့ ပူးပေါင်း၍ မိုဘိုင်းစာကြည့်တိုက် အဆင့်မြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်မှုအစီအစဉ်အရ နွားတဲကုန်းကျေးရွာအုပ်စု ပန်းတင်ကျေးရွာ အမကကျောင်း၌ စာအုပ်များ ငှားရမ်းခြင်း၊ စာစောင်များ ဝေငှပေးခြင်းနှင့် ဟောပြောပွဲများကို ဩဂုတ် ၁၂ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မာမာဦးနှင့် ဝန်ထမ်းများက ကျောင်းသားကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပြီး စာအုပ်များ ငှားရမ်းပေးခြင်းနှင့် ပုံပြင်များ ပြောကြားခြင်းအစီအစဉ်များဖြင့် ကလေးငယ်များ စာပေဖတ်ရှုမှုကို စိတ်ဝင်စားလာစေရန် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# ကသာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

**ကသာ ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့က ဩဂုတ် ၁၄ နှင့် ၁၅ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဩဂုတ် ၁၄ ရက်တွင် အင်းတော်မြို့နယ် နန့်စီးအောင်ကျေးရွာသို့ ရောက်ရှိကာ ဒေသခံပြည်သူများနှင့် စစ်ဘေးရှောင်ပြည်သူများအား တွေ့ဆုံပြီး လိုအပ်သည်များ ကူညီပံ့ပိုးကာ ဒေသခံကချင်တိုင်းရင်းသားများ၏ သင်္ချိုင်းမြေနေရာကို ကြည့်ရှုစစ်ဆေးပြီး အဆင်ပြေအောင်ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် မော်လူးဒေသရှိ ဥသျှစ်ကုန်း ကျောက်မှော်နှင့် ထုံးတောင်ကျောက်မှော်များသို့ သွားရောက်ကာ ကျောက်စိမ်းထုတ်လုပ်နေသော ကုမ္ပဏီများနှင့် တွေ့ဆုံပြီး တရားမဝင်လုပ်ကိုင်နေသော ကုမ္ပဏီများအား ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်းနှင့် တရားဝင်လုပ်ကိုင်နေသော ကုမ္ပဏီများအနေဖြင့်လည်း နိုင်ငံတော်မှသတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လုပ်ဆောင်သွားရန်မှာကြားခဲ့သည်။

ဆက်လက်၍ ကသာမြို့အဝင် ကောလိပ်ကျောင်း ဆောက်လုပ်မည့်မြေနေရာနှင့် သူနာပြု/သားဖွား သင်တန်းကျောင်း ဆောက်လုပ်မည့်မြေနေရာ၊ ပြည်သာယာကျေးရွာရှိ သွေးသောက်ချောင်းကူး မီးရထားလမ်းတွင် လူကူးတံတားတစ်ခု တည်ဆောက်မည့်နေရာများကိုလည်း သွားရောက်ကြည့်ရှုခဲ့သည်။

ဩဂုတ် ၁၅ ရက်တွင် ကသာမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ထီးချိုင့်မြို့သို့ ထွက်ခွာကာ ထီးချိုင့်မြို့ (၁/၂၀၀၈) ကြိုးပြင်ကာကွယ်တာမှ စီးပွားဖြစ် ကျွန်းစိုက်ခင်းနှင့် မြို့ရှောင်လမ်းလုပ်ငန်းများကို ကြည့်ရှုပြီး အသစ်ဆောက်လုပ်ပြီးစီးနေပြီဖြစ်သော ခုတင် ၅၀ ဆံ့ဆေးရုံနှင့် တိုင်းရင်းဆေးရုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## သတင်းတိုများ

### နယ်လှည့်စာကြည့်တိုက် လုပ်ငန်းကွင်းဆင်းဆောင်ရွက်

ကယားပြည်နယ် ရှားသစ်မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဆွေဆွေအေးနှင့် ဝန်ထမ်းများသည် လွယ်ဝိုင်းကျေးရွာရှိ ဘဝသစ်စာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက်၊ ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲ ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်ပြပွဲနှင့် စာဖတ်ဝိုင်းများကို ဩဂုတ် ၁၄ ရက်က သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဟောပြောပွဲတွင် ဒေသခံပြည်သူများနှင့် ကျောင်းသူကျောင်းသားများအား စာဖတ်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းနှင့် သဘာဝဘေးအန္တရာယ်များအကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်းများကို ဟောပြောခဲ့ပြီး သုတ/ရသစာအုပ်စာစောင်များ ငှားရမ်းပေးကာ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကိုလည်း ဆက်လက်ခင်းကျင်းပြသခဲ့သည်။ **ကိုစိုင်း(လွိုင်ကော်)**

### ကျေးလက်လမ်းတံတားနှင့် ရေပေးရေးလုပ်ငန်းများဆောင်ရွက်

ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ တွန်းဇံမြို့နယ်အတွင်း ဆောင်ရွက်ခဲ့သော လမ်းတံတားလုပ်ငန်းများကို ဟားခါးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် အဖွဲ့က ဩဂုတ် ၁၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

တွန်းဇံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ၁၂ ဒသမ ၂၅ သန်းဖြင့် ဆောင်ရွက်ခဲ့သော မွာလ်ပီး-နတ်ဇန်ကြား ကျောက်စီကွန်ကရစ်ခင်းခြင်းနှင့် ရေထုတ်ပြွန်ငါးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ခရိုင်သုံးခရိုင်မှ ခရိုင်ဦးစီးမှူးများက အပြန်အလှန် ကွင်းဆင်းစစ်ဆေးကြသည့်အပြင် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးလိန်းနိုင်နှင့်အဖွဲ့ကလည်း ဩဂုတ် ၁၄ ရက်တွင် ထပ်မံကွင်းဆင်းစစ်ဆေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**

### ရထားသံလမ်းများကြံ့ခိုင်ရေးနှင့် လုံခြုံရေး စစ်ဆေး

ရထားစီးခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲ တပ်စု(၃) ကွပ်ကဲမှုအောက်ရှိ ညောင်ခြေထောက်ဘူတာကင်းမှ ရဲတပ်ကြပ်ခင်မောင်ဇော် ဦးစီးသောအဖွဲ့နှင့် မြန်မာ့မီးရထားမှ အငယ်တန်းအင်ဂျင်နီယာ(၃)(သံလမ်း) ဦးမျိုးသန့်အဖွဲ့တို့ ပူးပေါင်းကာ ညောင်ခြေထောက်ဘူတာနှင့် ကျွဲပွဲဘူတာအကြား သံလမ်းတစ်လျှောက်၌ လုံခြုံရေးကင်းနှင့် သံလမ်းပိုင်းကြံ့ခိုင်ရေးလုပ်ငန်းများကို ဩဂုတ် ၁၅ ရက်က စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသိပညာပေး

**ကုန်းကြမ်း ဩဂုတ် ၁၇**

လောက်ကိုင်ခရိုင် ကုန်းကြမ်းမြို့နယ် သစ်တောဦးစီးဌာနကကျင်းပသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လပထမပတ်က အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးလှမျိုးနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကုန်းကြမ်းမြို့ အမှတ် (၂)ရပ်ကွက်ရှိ စိန္တာမုနိစေတီတော် တောင်ကုန်း၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးနိုင်က အခမ်းအနားတက်ရောက်လာသူများကို သစ်ပင်ပျိုးပင်များပေးအပ်ကာ စိုက်ပျိုးကြသည်။ စိုက်ပျိုးပင်များမှာ ယူကလစ်၊ ရေသင်းဝင်နှင့် မဲဇလီ စုစုပေါင်း ပျိုးပင် ၅၀၀ စိုက်ပျိုးကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန်များ ပေးအပ်ပွဲကျင်းပ


**ကြာအင်းဆိပ်ကြီး ဩဂုတ် ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန်များပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကော့ကရိတ်ခရိုင် မြေငှားဂရန်ထုတ်ပေးနိုင်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က မြေငှားဂရန် ထုတ်ပေးနိုင်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်မြေငှားဂရန် ထုတ်ပေးနိုင်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မြေငှားဂရန်ထုတ်ပေးနိုင်ရေးအဖွဲ့ အတွင်းရေးမှူးတို့က ကြာဆင်းဆိပ်ကြီးမြို့နယ် အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်ရှိ မြေယာအရှုပ်အရှင်းကင်းသည့် မြေငှားဂရန် ၁၄၀ ကို ပေးအပ်ရာ သက်ဆိုင်ရာ ပြည်သူများက လက်ခံရယူခဲ့သည်။

အခမ်းအနားသို့ ကော့ကရိတ်ခရိုင် မြေငှားဂရန်ထုတ်ပေးနိုင်ရေးအဖွဲ့၊ မြို့နယ်မြေငှားဂရန်ထုတ်ပေးနိုင်ရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုးထက်အောင်(ပြန်/ဆက်)**




နာရီတိုင်းမှာ ၅ မိနစ်စာ
တစ်နာရီအတွင်း ၅ မိနစ် ထက်ကျော်သွားတဲ့ ဖုန်းပြောချိန်တိုင်းဟာ အခမဲ့ ပါ။
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
နာရီတိုင်းမှာ ငါးမိနစ်စာ ဆိုတဲ့ အစီအစဉ်က ဘယ်လိုမျိုးလဲ ?
MPT GSM/WCDMA ဖုန်းသုံးစွဲသူ အားလုံးကနေ MPT ဖုန်းတွေကို တစ်နာရီအတွင်း ကြိုက်သလောက် ဆက်တိုက်ဖုန်း ပြောနိုင်ပြီး အများဆုံး ၅ မိနစ်ဖိုးပဲ ပေးရမှာလေ
တစ်နာရီလုံးမနားတမ်း ဆက်တိုက်ပြောရမှာလား ၁၀ မိနစ်လောက်ပဲ ပြောရင်ရော
တစ်နာရီလုံးမနားတမ်း ဆက်တိုက်ပြောစရာ မလိုပါဘူး၊ ၁၀ မိနစ်ဆက်တိုက်ပြောရင်လည်း ၅ မိနစ်စာပဲ ပေးရပါမယ်၊ နောက်ထပ် ၅ မိနစ်က အခမဲ့ပါ
ဒါဆို မိနစ် ၃၀ ဆက်တိုက် ပြောရင်ရော
၅ မိနစ်စာပဲ ကျသင့်ပါမယ် နောက်ထပ် ၂၅ မိနစ်က အခမဲ့ပါ
၁ နာရီနဲ့ ၁၀ မိနစ် (မိနစ် ၇၀) ဆက်တိုက်ပြောရင်ရော
၁ နာရီအတွက်က ၅ မိနစ်စာနဲ့ နောက်ထပ် ၁၀ မိနစ်အတွက်ကတော့ ပုံမှန်အတိုင်း ကျသင့်ပါမယ်
၅ မိနစ် မပြည့်ဘူး ၃ မိနစ်ပဲ ပြောမိရင်ရော
၃ မိနစ် ဆိုတော့ ပုံမှန်နှုန်း ၃ မိနစ်စာပဲပေါ့
တစ်နေ့မှ တစ်နာရီပဲ ပြောလို့ ရတာလား
ညနေ ၆ နာရီကနေ ည ၁၀ နာရီအတွင်းက လွဲပြီး ကျန်တဲ့ အချိန်တွေအားလုံးမှာ ကြိမ်ရေ အကန့်အသတ်မရှိ ပြောလို့ ရပါတယ်။
ဤအစီအစဉ်တွင် ဆွေသဟာရယူထားသူများနှင့် ဆွေသဟာ ရယူထားခြင်းမရှိသော MPT GSM/WCDMA သုံးစွဲသူများအားလုံး အကျုံးဝင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ခိုင်နှုန်းကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline 24 hours everyday




| မြို့ | နေရာ | နေ့ရက် | အချိန် | ကိုယ်စားလှယ် | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ရန်ကုန် | Capital Hypermarket(သာကေတ) | ၂၀-၂၁ ဩဂုတ် | ၉:၀၀-၈:၀၀ | ရဲနဒီ | ၀၁-၂၀၁၆၁၉ |
| ပုသိမ် | မြို့တော်ခန်းမ(ပုသိမ်) | ၂၇-၂၈ ဩဂုတ် | ၉:၀၀-၆:၀၀ | စီဂျီဒီစီ မော်တော် | ၀၉-၅၁၉၀၁၅၆ |







**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၁ယ/၇၇၅၅ ဂျာလင်း 90 ယာဉ်အမည်ပေါက်သူ ဦးညွန့်ဝင်း ၉/ကဆန(နိုင်)၁၃၅၇၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1I/4480 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၆-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၄-၈-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၈-၂၀၁၆ ရက်နေ့မှ ၇-၉-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ် ၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀ိ/-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (တတိယတန်း)(အခြေခံလစာ-၁၇၀၀၀၀ိ+အရည်အချင်းလစာ ၄၀၀၀ိ+ M.H.R.A ၁၀၀၀၀ိ=၁၈၄၀၀၀ိ) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

## အသိပေးကြေညာခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ နေပြည်တော်တွင် ခေတ်မီဓာတ်ခွဲခန်းနှင့် ရန်ကုန်မြို့တွင် ခေတ်မီဓာတ်ခွဲခန်းနှင့် ရုံးအဆောက်အအုံဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ၅-၈-၂၀၁၆ ရက်ထုတ် သတင်းစာများ၌ ထည့်သွင်းကြော်ငြာခဲ့ပြီး ၁၉-၈-၂၀၁၆ ရက်တွင် အိတ်ဖွင့်တင်ဒါပိတ်မည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် ခေတ်မီဓာတ်ခွဲခန်းများနှင့် ရုံးအဆောက်အအုံ၏ Design များအား ပြည့်စုံစွာရေးဆွဲတင်ပြနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်အား ၅-၉-၂၀၁၆ ရက်သို့ ပြောင်းလဲသတ်မှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဗေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၃၁၇၁၊ ၄၀၃၅၈၆**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| (က) | ရုံးလုပ်ငန်းသုံးစက်ပစ္စည်း | ၇ မျိုး |
| (ခ) | ရုံးသုံးပရိဘောဂ | ၁ မျိုး |
| (ဂ) | သန့်ရှင်းရေးသုံးပစ္စည်း | ၆၀ မျိုး |
| (ဃ) | ကျောက်စိမ်းအလုပ်ရုံးသုံးပစ္စည်း | ၃၀ မျိုး |
| (င) | ကျောက်မျက်အလုပ်ရုံသုံးပစ္စည်း | ၂၀ မျိုး |
| (စ) | ဆေးဝါးပစ္စည်း | ၆၉ မျိုး |
| (ဆ) | မော်တော်ယာဉ်တာယာ(၈)မျိုးနှင့်ဘက်ထရီ(၂)မျိုး | ၁၀ မျိုး |
| (ဇ) | မော်တော်ယာဉ်စက်ဆီ/ချောဆီ | ၃ မျိုး |

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** ။ ၁၈-၈-၂၀၁၆ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** ။ ၁၆-၉-၂၀၁၆ ရက် ၁၂:၀၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၉၀၄ တွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**

## လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ်-၂/၂၀၁၆**
**၁၃၇၈ခုနှစ် ဝါခေါင်လဆန်း ၁၂ရက်**
**၂၀၁၆ခုနှစ် ဩဂုတ် ၁၅ရက်**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ သစ်တောသုတေသန ရေးဆင်းတွင် လစ်လပ်လျက်ရှိသော သုတေသန လက်ထောက်(၃)၊ ပညာရှင်(အဆင့်-၂) လစာနှုန်း (ကျပ် ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀) ရာထူး(၄)နေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) သိပ္ပံဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- (ဂ) ၃၁-၈-၂၀၁၆ရက်တွင် အသက်(၂၅)နှစ်မကျော်လွန်သူဖြစ်ရမည်။
- (ဃ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) မဟာဘွဲ့ရပြီးသူများအတွက် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။
- (စ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲလျက် သစ်တောဦးစီးဌာန၊ ရုံးအမှတ်(၃၉)၊ နေပြည်တော်သို့ ၁၅-၉-၂၀၁၆ ရက်အရောက် ပေးပို့လျှောက်ထားရမည်။
- (က) ဘွဲ့လက်မှတ်မိတ္တူ (စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်းတင်ပြရန်)
- (ခ) အသက်အထောက်အထားအတွက် အခြေခံပညာ အထက်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူမှန် (စစ်ဆေးသည့်အခါ အောင်လက်မှတ်မူရင်း တင်ပြနိုင်ရမည်)
- (ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်းကင်းရှင်းကြောင်းထောက်ခံချက်မူရင်း
- (ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်အသားဖော်ပြရန်)
- (င) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူမှန်

၄။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် ၂၀၁၆ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး ကျင်းပမည့်ရက်နှင့် အချိန်၊ နေရာတို့ကို သတင်းစာများ၌ အချိန်မီကြိုတင်ကြေညာပါမည်။ တစ်ဦးချင်းထံသို့ အကြောင်းကြားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်များ ဖြေဆိုရပါမည်။
- (က) မြန်မာစာ
- (ခ) အင်္ဂလိပ်စာ
- (ဂ) အထွေထွေဗဟုသုတ

၆။ စည်းကမ်းနှင့်မကိုက်ညီသော (သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရပါမည်။

၈။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုပါမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၅၁၀၈၊ ၀၆၇-၄၀၅၀၁၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်လွှာများကို www. forestdepartment.gov. mm.website တွင် download ရယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် (ဂ)အဆင့်ရှိ မြို့နယ်ဥပဒေရုံးများဖြစ်သော ပုလဲမြို့နယ်ဥပဒေရုံးနှင့် ယင်းမာပင်မြို့နယ် ဥပဒေရုံးများတွင် (၃၀'×၂၅')နံကပ် တစ်ထပ်ဆောင် ရုံးအဆောက်အအုံ(၁)လုံးစီ ဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၉-၈-၂၀၁၆ ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင် ရယူ၍ အောက်ပါအတိုင်း တင်သွင်းနိုင်ပါသည်-
- (က) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** - ၁၉-၈-၂၀၁၆ ရက်မှ ၁၈-၉-၂၀၁၆ ရက်အထိ
- (ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး နန္ဒဝန်ရပ်၊ မုံရွာမြို့

၂။ သတ်မှတ်ထားသော နေ့ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ဖုန်း-၀၇၁-၂၄၃၂၂ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ မုံရွာမြို့**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | 2-10(T)/MESC/2016-2017 | ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရှမ်းကန်တွင် Control Building တည်ဆောက်ခြင်း၊ Switch Yard အဝင်လမ်းခင်းခြင်း၊ခြံစည်းရိုးကာရံခြင်း၊ Floorခင်းခြင်း၊Foundation ပြုလုပ်ခြင်း၊ ၃၃/၁၁ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံပစ္စည်းပေးသွင်းတပ်ဆင်ခြင်း၊၃၃ကေဗွီလိုင်း(၀.၅)မိုင်နှင့် ၁၁ကေဗွီလိုင်း(၁)မိုင် ပစ္စည်းပေးသွင်းတပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများ | Turn Key |
| (ခ) | 1-14(T)/MESC/2016-2017 | ကျောက်ဆည်ခရိုင်၊ ကူမဲမြို့နယ်၊ ကူမဲခွဲရုံအား ၃၃/၁၁ ကေဗွီ(၁၀) အမ်ဗွီအေသို့ အင်အားတိုးမြှင့်ရန် လိုအပ်သောဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း | ပစ္စည်းဝယ် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၅-၈-၂၀၁၆ရက်တွင် စတင်၍ရောင်းချမည်ဖြစ်ပြီး ၁၄-၉-၂၀၁၆ ရက် နံနက် ၁၀း၀၀နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။
၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇လမ်း၊ ၇၇×၇၈ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၇၃၈၀၁**

**ပညာရေးဝန်ကြီးဌာန**
**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**
**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း NVTI အတွက်**

## သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန အောက်ရှိ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း NVTI တွင် ကာလတိုသက်မွေးပညာသင်တန်းများကို ၂၀၁၆ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများနှင့် သင်တန်းကာလ**
- (က) အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံးစာစီစာရိုက်သင်တန်း (သင်တန်းကာလ ၁ လ)
- (ခ) တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း (သင်တန်းကာလ ၁ လ)
- (ဂ) အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း (သင်တန်းကာလ ၁ လ)

၂။ လျှောက်ထားသူသည်-
- (က) အခြေခံကွန်ပျူတာပညာရပ်နှင့် ရုံးသုံးစာစီစာရိုက်သင်တန်းအတွက် မည်သည့်နှစ်တွင်မဆို အခြေခံပညာအလယ်တန်း(အဋ္ဌမတန်း)အောင်မြင်သူဖြစ်ရမည်။ တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်းနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းများအတွက် မည်သည့်နှစ်တွင်မဆို အခြေခံပညာမူလတန်း(စတုတ္ထတန်း)အောင်မြင်သူဖြစ်ရမည်။
- (ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ သန်စွမ်းကျန်းမာသူဖြစ်ရမည်။

၃။ သင်တန်းတစ်ခုလျှင် သင်တန်းသား (၃၀)ဦးစီ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သော သင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြု အောင်လက်မှတ် (Certificate) ရရှိမည်ဖြစ်ပါသည်။

၅။ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း NVTI သို့ တက်ရောက်ခွင့်ရရှိသော သင်တန်းသားများအတွက် သင်တန်းတက်သည့်ကာလများအတွင်း သင်တန်းကြေးနှင့် စားစရိတ်မှာ အခမဲ့ဖြစ်ပြီး နေထိုင်ရန် အဆောင်စီစဉ်ပေးပါမည်။

**သင်တန်းဖွင့်လှစ်မည့်ရက်**
၂၀၁၆ ခုနှစ် ဩဂုတ် ၂၂ ရက်

**သင်တန်းနေရာ**
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း NVTI၊
မိုင်းပေါက်လမ်း၊ မကျီးစင်ကျေးရွာအနီး၊ ညောင်ရွှေမြို့

**ဆက်သွယ်စုံစမ်းရန် ဖုန်းနံပါတ်**
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန ဖုန်း-၀၆၇-၄၀၄၅၀၅
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI)
ဖုန်း-၀၉-၄၅၆၁၂၉၉၇၈

လျှောက်လွှာများကို ၂၀-၈-၂၀၁၆ ရက် နောက်ဆုံးထား၍ နံနက် ၉ နာရီမှ ညနေ ၄း၀၀ နာရီအထိ ရယူလျှောက်ထားနိုင်ပါသည်။

**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)**

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်မဂ္ဂဇင်းစာမူ ဖိတ်ခေါ်ခြင်း

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်မဂ္ဂဇင်းကြီးကို ထုတ်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ဝါသနာရှင်ပုဂ္ဂိုလ်များ ပါဝင်ရေးသားဖော်ပြနိုင်ရေးအတွက် အောက်ပါလိပ်စာသို့ ၁၅-၉-၂၀၁၆ ရက် (ကြာသပတေးနေ့)နောက်ဆုံးထား၍ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ရယ်စရာ၊ ကာတွန်း၊ စာညွှန့်၊ ဘာသာရပ်ဆိုင်ရာ ဆောင်းပါး၊ အင်္ဂလိပ်စာ ကဏ္ဍစသည်ဖြင့် မိမိနှစ်သက်ရာစာမူများကို ပေးပို့နိုင်ကြောင်း အကြောင်းကြားအပ်ပါသည်။

**စာမူစည်းကမ်းများ**

၁။ စာမူများကို လျှောက်လွှာ(A4)စာရွက်ဖြင့် မျက်နှာတစ်ဖက်တည်း ရေးသားပေးပို့ပါ။ စာမျက်နှာတပ်ပါ။ လက်ဝဲဘက်ဘေးစွန်းနေရာ(တစ်လက်မစာ) အလုံအလောက်ထားပါ။

၂။ ဝတ္ထုတို၊ ဆောင်းပါးများအတွက် လက်ရေးမူဖြစ်ပါက A4(၈)မျက်နှာထက် မပိုရ၊ ကွန်ပျူတာစာစီဖြစ်ပါက (Font:Metrix-1, Point Size:14, Line spacing:1.15) A4 (၆)မျက်နှာထက်မပိုရ။

၃။ ဘာသာပြန်စာမူဖြစ်လျှင် မူရင်းစာကိုယ်ကို ပူးတွဲတင်ပြပါ။

၄။ ကာတွန်းကို တစ်ကွက်လျှင် (၇ လက်မ×၉ လက်မ)အရွယ်ထား၍ စာရွက်အဖြူပေါ်တွင် မင်အနက်ဖြင့် ပီသ သေသပ်စွာရေးဆွဲပေးပို့ပါ။

၅။ ပင်ကိုယ်ရေးစာမူဖြစ်ကြောင်းနှင့် အခြားစာစောင်များတွင် ဖော်ပြပြီးမဟုတ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပေးပို့ပါ။

၆။ ကလောင်အမည်၊ အမည်ရင်း၊ ခုံအမှတ်၊ အတန်း(သို့မဟုတ်)အလုပ်အကိုင်နှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံဖော်ပြပါ။

၇။ အီးမေးလ်ဖြင့်ပေးပို့လိုပါက အထက်ဖော်ပြပါစည်းကမ်းများအားလုံး အကျုံးဝင်ရမည်ဖြစ်ပြီး yau-magazine@yaummr.org (သို့မဟုတ်) yaumagazine@gmail.com သို့ ပေးပို့နိုင်ပါသည်။

၈။ ရွေးချယ်ခံရသောစာမူများကို အမျိုးအစားအလိုက် စာမူခများ ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

**နှစ်လည်မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ**
**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

**ဆက်သွယ်ပေးပို့ရန်လိပ်စာ**
ဒေါက်တာတင်တင်အေး
(ပါမောက္ခ-သင်တန်းရေးရာ)
ဥက္ကဋ္ဌ၊ နှစ်လည်မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၆၅၁၃၊ ဖက်စ်-၀၆၇-၄၁၆၅၁၇

## အသိပေးဖိတ်ကြားခြင်း

မြန်မာဒေါင်းဆင်ဒရုန်းအသင်းသည် ပြည်ထဲရေးဝန်ကြီးဌာန၏ (၅-၇-၂၀၁၆)ရက်စွဲပါ ပြည်တွင်းအသင်းအဖွဲ့မှတ်ပုံတင်လက်မှတ်အမှတ်-၁/ပြည်တွင်း/၀၁၆၁ ဖြင့် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ပါကြောင်းနှင့် အသင်း၏ ဒုတိယအကြိမ်မြောက် World Down Syndrome Awareness Month အထိမ်းအမှတ်အဖြစ် ဒေါင်းဆင်ဒရုန်းများအား နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး(ရန်ကုန်)မှ Neuro-Oto Audiology Special Intrest Group နှင့် ပူးပေါင်းကာ အကြားအာရုံစစ်ဆေးခြင်းအား အောင်မြင်စွာပြုလုပ်နိုင်ရန် အကြိုဆွေးနွေးခြင်းနှင့် အကြားအာရုံအကြောင်း အသိပညာပေးဟောပြောပွဲအား ၂၈-၈-၂၀၁၆ ရက် နံနက် ၁၀ နာရီတွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်းအမှတ် ၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ ဒေါင်းဆင်ဒရုန်းမိသားစုဝင်များသည် ၂၅-၈-၂၀၁၆ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ပါဝင်လှူဒါန်းလိုသူအလှူရှင်များသည် ဖုန်း-၀၉-၅၀၄၀၀၉၆၊ ၀၉-၅၀၆၃၇၆၆၊ ၀၉-၄၂၀၇၂၃၀၉၉၊ ၀၉-၄၂၀၁၈၇၁၂၂ တို့သို့ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ပါသည်။

**မြန်မာဒေါင်းဆင်ဒရုန်းအသင်း**

## အသိပေးကြေညာချက်

၁-၉-၂၀၁၆ ရက်မှစ၍ စက်မှုဇုန်ထုတ်ယာဉ်များ သက်တမ်းတိုးယာဉ်စစ်ဆေးရာတွင် ကနဦးခွင့်ပြုထားသည့်အတိုင်းသာ ခွင့်ပြုတော့မည်ဖြစ်ပါသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) တောင်ဒဂုံတွင် ဆောင်ရွက်ဆဲ လုပ်ငန်းမပြီးပြတ်သေးသော စက်မှုဇုန်ထုတ်ယာဉ်အချို့ကျန်ရှိနေသဖြင့် စာတိုက်မှအကြောင်းကြားစာပေးပို့ခြင်း၊ တယ်လီဖုန်းဆက်သွယ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း နေရပ်လိပ်စာမမှန်ခြင်း/မရှိခြင်း၊ ဖုန်းနံပါတ်မမှန်ခြင်း/ဖုန်းပိတ်ထားခြင်းတို့ကြောင့် ဆက်သွယ်မရဖြစ်ပေါ်လျက်ရှိနေပါသည်။ သို့ပါ၍ ၎င်းယာဉ်လက်ဝယ်ရှိသူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ၁-၉-၂၀၁၆ရက်မတိုင်မီ ဤရုံးသို့ ယာဉ်နှင့်အတူ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ အမြန်ဆုံးလာရောက်ဆောင်ရွက်ရန်နှင့် အောက်ဖော်ပြပါ ယာဉ်စာရင်းတွင် မပါဝင်သော ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း အချိန်မီ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ယာဉ်အမှတ် | စဉ် | ယာဉ်အမှတ် | စဉ် | ယာဉ်အမှတ် |
|---|---|---|---|---|---|
| 1 | 8G/7334 | 19 | 8M/1029 | 37 | 8M/1815 |
| 2 | 8G/9255 | 20 | 8M/1032 | 38 | 8M/1941 |
| 3 | 8L/1953 | 21 | 8M/1114 | 39 | 8M/1951 |
| 4 | 8L/6555 | 22 | 8M/1229 | 40 | 8M/1975 |
| 5 | 8L/6770 | 23 | 8M/1230 | 41 | 8M/1988 |
| 6 | 8L/6929 | 24 | 8M/1239 | 42 | 8M/2060 |
| 7 | 8L/8004 | 25 | 8M/1256 | 43 | 8M/2247 |
| 8 | 8L/8394 | 26 | 8M/1286 | 44 | 8M/2249 |
| 9 | 8L/8769 | 27 | 8M/1300 | 45 | 8M/2383 |
| 10 | 8L/8999 | 28 | 8M/1319 | 46 | 8M/2456 |
| 11 | 8L/9462 | 29 | 8M/1457 | 47 | 8M/2497 |
| 12 | 8L/9492 | 30 | 8M/1532 | 48 | 8M/2520 |
| 13 | 8L/9540 | 31 | 8M/1533 | 49 | 8M/2522 |
| 14 | 8L/9813 | 32 | 8M/1625 | 50 | 8M/2637 |
| 15 | 8L/9814 | 33 | 8M/1629 | | |
| 16 | 8L/9874 | 34 | 8M/1661 | | |
| 17 | 8L/9890 | 35 | 8M/1734 | | |
| 18 | 8L/9995 | 36 | 8M/1794 | | |

**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ တောင်ဒဂုံ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဖုန်း-၀၁-၅၉၀၁၀၇**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ ဦးသက်မျိုးဦး(ခ) ကိုတူးတူး-ဒေါ်နီနီအောင်တို့၏သား မောင်ထက်ဘုန်းနိုင်သည် မိဘတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများစိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်သွားပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်လိုက်ပါသည်။ နောက်နောင်လည်း သားနှင့်ပတ်သက်သောကိစ္စအဝဝတို့ကို တာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသက်မျိုးဦး(ခ)ကိုတူးတူး ၇/ပမန(နိုင်)၁၁၅၁၄၀**
**ဒေါ်နီနီအောင် ၇/ပမန(နိုင်)၁၁၈၁၇၈**

## ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ သစ်တော်ပေါက် (တ) အထက(ခွဲ)၊ အဋ္ဌမတန်း(A)မှ မောင်မျိုးမော်နှင့် မုံရွာတက္ကသိုလ် အရှေ့တိုင်းပါဠိ(ပ)နှစ်မှ မောင်မျိုးထက်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၅/တဆန(နိုင်)၀၉၃၉၃၅ ဖြစ်ပါကြောင်း။

**ဦးမောင်မြင့်**

## ဖခင်အမည်မှန်

ဟသ်ာတမြို့၊ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း သတ္တမတန်းမှ ကျောင်းဝင်အမှတ် (၁၈၀၇၃)မောင်ထက်လင်းစည်သူ၏ ဖခင်အမည်မှန်မှာ ဦးဝင်းမျိုးထွန်းဖြစ်ပါသည်။ **ဦးဝင်းမျိုးထွန်း ၁၄/ဟသတ(နိုင်)၂၀၈၄၆၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၂၆၀၆ Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းစုအေး ၉/မနမ(နိုင်)၁၀၉၄၉၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၀ယ/၉၀၁၁၅ Honda Click 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းဦး ၉/မဟမ(နိုင်)၀၂၂၃၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၅၇၅၂၇ Honda Click 110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုး ၉/မနတ(နိုင်)၀၀၅၈၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၉၅၄၁၇ Honda Wave-110 ယာဉ်အမည်ပေါက်သူ ဦးဝင်းလှိုင် ၁၄/ပစလ(နိုင်)၀၀၈၈၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၅၇၂၆၇ Honda Wave-125 ယာဉ်လက်ဝယ်ရှိသူ ဦးအေးကို ၁၄/ပသန(နိုင်)၀၅၇၀၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့၊ နန်းတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်၁၃/က၊ကန်နားရပ်၊ ဦးပိုင်အမှတ် ၃၄၊ မြေကွက်အမှတ် ၄၉၊ ဧရိယာ ၀ဒသမ၀၅၀ဧကေသည် ဦးစိုင်းထွန်းမြတ် ၉/မထလ(နိုင်)၁၄၄၉၈၉အမည်ဖြင့် ၂၆-၁၂-၂၀၁၅ရက်အထိ နှစ်(၂၀)ဂရန်ရရှိခဲ့ရာ မြေငှားဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက မိမိတို့၏ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေယာဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားမရုံး၌**
**၂၀၁၅ ခုနှစ် တရားမကြီးအမှုအမှတ်-၂၈**

ဒေါ်ယမင်းထွေး **နှင့်** ၁။ ဦးထွန်းဝင်း
၂။ ဦးသိန်းရွှေ(ခ)မင်းသိန်းဆွေ

**တရားလို** **တရားပြိုင်များ**

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာနေ ဦးထွန်းဝင်း (ယခုနေရပ်လိပ်စာမသိသူ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ် ၅၅၊ ၁၂ လမ်းနေ ဦးသိန်းရွှေ(ခ)မင်းသိန်းဆွေ (ယခုနေရပ်လိပ်စာမသိသူ) သိရှိစေရမည်။

သင့်အပေါ်၌ တရားလိုက စာချုပ်စာတမ်းမှတ်ပုံတင်-၉၉၃၈/၂၀၁၃၏ အထွေထွေကိုယ်စားလှယ်လွှဲစာအား ပယ်ဖျက်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၅ ရက် (၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နွယ်ရီ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**လှိုင်သာယာမြို့နယ်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၄၀**

ဒေါ်မိမိခိုင် **နှင့်** ၁။ ဒေါ်ခင်မေဦး
၂။ ဦးသန်းဇော်ဦး
၃။ ဒေါ်အုန်းမြင့်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊အမှတ်(၆)၊ မုန့်/တောင်ရပ်ကွက်၊ ပြည်သူ့ကွက်သစ်(၁)လမ်းနေ (၁)တရားပြိုင် ဒေါ်ခင်မေဦးနှင့် စမ်းချောင်းမြို့နယ်၊ အမှတ်(၆)၊ မုန့်/တောင်ရပ်ကွက်နေ (၂)တရားပြိုင် ဦးသန်းဇော်ဦး (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၂၅-၇-၂၀၀၀၊ ၁၀-၈-၂၀၀၂ ရက်စွဲပါ အိမ်ခြံမြေ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်နှစ်စောင်နှင့် ၂၂-၁၂-၂၀၀၂ ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်တစ်စောင်တို့အား ပယ်ဖျက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၅ရက် (၁၃၇၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ရက်) နံနက်၁၀း၀၀နာရီတွင် အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်မင်း)**
**မြို့နယ်တရားသူကြီး**
**လှိုင်သာယာမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၃ယ/၈၆၈၆ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်လှိုင် ၂/လကန(နိုင်)၀၆၃၉၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၅၉၉၆၁ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းအောင် ၁၄/မမန(နိုင်)၂၄၂၇၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၅၂၆၈၃ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီထွေး ၁၄/ပသရ(နိုင်)၀၃၂၇၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၉၉၇၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/8957 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/4895 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/2172 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/6360 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

စင်ကာပူနိုင်ငံတွင် **13-8-2016** ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော SIMOC (Singapore Intenational Math Olympiad Challenge 2016) ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်ကာ ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့သော ဦးကျော်စွာမင်း (Managing Director) Marine Transport Services Co., Ltd. + ဒေါက်တာ နီကေခိုင်မြင့် တို့၏သမီး မမြတ်သဒ္ဒါ **@ HILDA [Grade 7, International School Myanmar (ISM)]** အတွက် မိသားစုနှင့်အတူ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

**Marine Transport Services Co., Ltd.** မှ
ဦးဦး၊ အန်တီ၊ ကိုကို၊ မမများ

## အများပြည်သူသိရှိစေရန်

**Trust Synergy Myanmar Co.,Ltd. ၏ Profile (ကုမ္ပဏီ၏ သမိုင်းကြောင်း)တွင်Individual Power Provider ကဏ္ဍ၌ ဖော်ပြခဲ့သော လျှပ်စစ်ဓါတ်အားပေးစက်ရုံနှစ်ပုံ၏ ပုံမှာ Trust Synergy Myanmar Co.,Ltd. ၏ မိတ်ဆွေကုမ္ပဏီဖြစ်သော Myanmar Central Power ကုမ္ပဏီမှ တည်ဆောက်လုပ်ကိုင်ထားသော စက်ရုံများဖြစ်ပြီး အဆိုပါကုမ္ပဏီ၏ လိပ်စာမှာ Myanmar Central Power ကုမ္ပဏီ လှော်ကား ဓါတ်အားပေးစက်ရုံဝင်း၊ ပျဉ်းမပင်(၁၆)မိုင်ခွဲ၊ ရန်ကုန် - ပြည်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဖြစ်ပါသည်။**
**မိမိကုမ္ပဏီ၏ Profile တွင် သဘောရိုးဖြင့် ထည့်သွင်းဖော်ပြခဲ့ရာ ၎င်းစက်ရုံ၏ ကုမ္ပဏီ နာမည်နှင့်လိပ်စာ အားဖော်ပြရန် ကျန်ရှိခဲ့ပါသဖြင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။**




Courtesy of Myanmar Central Power Co.,Ltd.

ဆက်သွယ်ရန်လိပ်စာ - Myanmar Central Power ကုမ္ပဏီ၊ လှော်ကားဓာတ်အားပေး စက်ရုံဝင်း၊ ပျဉ်းမပင် (၁၆)မိုင်ခွဲ၊ ရန်ကုန် - ပြည်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
Website - www.rgkzna.com
Contact Numbers - MCP (1) + 95 98630143 , MCP (2) + 95 9788009564

**Trust Synergy Myanmar Co.,Ltd.**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ တိုက်ခန်းအား ကန်ထရိုက်တာထံမှဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက် လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ကန်ထရိုက်တာ ဦးတင်မောင်ဝင်း LC -၀၃ တော်ဝင်မြန်မာ ဆောက်လုပ်ရေး | ဦးတင်ထွဋ် ၄/ဖလန(နိုင်)၀၀၄၄၀၄ | တိုက်အမှတ် (၁၁၇/၁၁၉)၊ အခန်းအမှတ်(၇)၊ (၄)လွှာ-ဝဲ၊ (၄၆)လမ်း၊ ဗိုလ်တထောင်မြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ရှိ တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူထားသူက အမည်ပြောင်း၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအားခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်ခင်မိမိနိုင် ၁၀/သထန(နိုင်)၁၄၆၇၀၂(မှ) | ဦးခင်မောင်လတ် ၁၂/ပဘတ(နိုင်)၀၂၄၁၂၅ ဒေါ်မေသီဂီ ၁၂/အလန(နိုင်)၀၄၀၈၁၄ | တိုက် (A)၊ အခန်းအမှတ် (၀၆-၀၁)၊ မင်းဓမ္မ အဆင့်မြင့်အိမ်ရာ၊ မရမ်းကုန်းမြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းကို လက်ရှိအမည်ပေါက်(ကွယ်လွန်)၏ဇနီးမှ ၎င်း၏အမည်ဖြင့် အမည်ပြောင်းလျှောက်ထား လာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးတင်ဝင်း(ကွယ်လွန်) ၁၂/ကမရ(နိုင်)၀၄၃၆၄၈ YGN -၀၅၅၅၄၇(မှ) | ဒေါ်လှလှမော်(ဇနီး) ၁၂/ကမရ(နိုင်)၀၄၇၂၃၃ | တိုက်(၂)၊အခန်းအမှတ် (၇)၊ ရွှေဂုန်ရိပ်မွန်အိမ်ရာ၊ ဗဟန်းမြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး ဦးမောင်မောင်မြင့် အသက်(၆၉)နှစ်

**(အဖွဲ့ခေါင်းဆောင်)**
**B.Arch (1972) Scale Architect Associates**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ အမှတ်၃၈၉(B)၊ ဓမ္မာရုံးလမ်းသွယ်နေ(ဦးစိန်တင်-ဒေါ်ခင်စိန်)တို့၏သား၊ ဦးတင်မောင်ဦး(ဒု-ဌာနမှူး၊ ရေကြောင်းသိပ္ပံ-ငြိမ်း)-ဒေါ်မြင့်မြင့်သိန်းတို့ညီ၊ ဒေါ်မြမြဝင်း၊ဦးယဉ်ထွေး-ဒေါ်နုနုရီ၊ (ဦးသန်းအောင်)၊ ဦးအောင်ကြီး-ဒေါ်အေးအေးသန်း၊ ဦးရှားရယ်-ဒေါ်သီသီဟန် (လ/ထပါမောက္ခ၊ ရက္ခဗေဒဌာန)၊ ဒေါ်ခင်စုစုလှိုင်(အထက-၂၊ ဗိုလ်တထောင်) တို့၏အစ်ကို၊ ဒေါ်တင်နွယ် SAT (ငြိမ်း)၊ ထ(၄)စမ်းချောင်း၏ ခင်ပွန်း၊ ဦးထွန်းသောင်း(MD ပြည်တော်စည်ကုမ္ပဏီ၊ ကျောက်ဖြူ) -ဒေါ်နီနီယုလှိုင်(ထူးပုံရတနာရွှေဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ကိုကျော်ဆက်အောင်တို့၏ဖခင်၊ မောင်လင်းဖုန်းဖြိုးအောင် (Grade 10- C ,TTC)၊ မောင်ဥက္ကာမင်းမွန် (Grade V- I ,TTC)တို့၏ အဘိုးသည် ၁၆-၈-၂၀၁၆ရက် နံနက် ၁၁း၄၇နာရီတွင်သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၆ရက် (ကြာသပတေးနေ့)မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍၂၂-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/9089Myanmar Kyaw L/T P/U (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အုန်းလှ၁၂/စခန(နိုင်)၀၃၀၅၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၀အတွင်းရှိ (၁)မြေကွက်အမှတ် (L-7) ဧရိယာ ၁ ဒသမ ၄၆၅ဧကေ၊ (၂) မြေကွက်အမှတ် (L-8) ဧရိယာ ၁ဒသမ ၄၆၅ဧကေ(၃)မြေကွက်အမှတ် (L-9)ဧရိယာ၁ဒသမ၄၆၅ဧကေရှိ မြေကွက်သုံးကွက်နှင့်ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မဥ္ဇူသင်း၁၂/မရက(နိုင်)၁၀၄၆၇၃ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသ စရန်တန်ဖိုးငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ် ၃၂၊ အခန်းအမှတ် ၁၀၊ ဒုတိယထပ်၊**
**၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၆၀၇**

# နာဂဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် ထန်ခေါ်လာမားကျေးရွာတွင် ဖြစ်ပွားခဲ့သော ဝက်သက်ရောဂါကပ်အသွင်ဖြစ်ပွားမှု၊ သေဆုံးမှုနှင့်ပတ်သက်၍ ရောဂါဖြစ်ပွားသည့်ဒေသနှင့် ရောဂါကူးစက်နိုင်ခြေရှိသော ကျေးရွာများတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကူးစက်ရောဂါကုဆရာဝန်ကြီး ၁၀ ဦးနှင့် တပ်မတော်ဆေးအဖွဲ့များ ပူးပေါင်းပြီး လူနာများအားအရေးပေါ်ဆေးကုသမှုပေးခြင်း၊ လူနာသစ်ရှာဖွေကုသခြင်း၊ ဝက်သက်ရောဂါ ဖြစ်ပွားမှုအား ခာတ်ခွဲအတည်ပြုခြင်း၊ ကျေးရွာရှိပြည်သူလူထုအား ဆေးကုသမှုပေးခြင်း၊ ဝက်သက်ရောဂါထပ်မံဖြစ်ပွားမှု မရှိစေရေးအတွက် ဝက်သက်ရောဂါကာကွယ်ဆေးနှင့် ဗီတာမင်အေတိုက်ကျွေးခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

ဝက်သက်ရောဂါ၏ ကူးစက်မှုသဘာဝအရ ရောဂါပျိုးရက်အတွင်း ရောဂါကူးစက်ခံရသူများတွင် ရောဂါဖြစ်ပွားနိုင်သေးသဖြင့် လူနာသစ်ရှာဖွေကုသခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းအဖွဲ့များက ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းအဖြစ် ရောဂါပိုးကူးစက်နိုင်ခြေများပြားသည့် ထန်ခေါ်လာမားကျေးရွာ၊ ထန်ခေါ်နောက်ကုန်းကျေးရွာ၊ ခန်းမလားကျေးရွာ၊ ရောင်ဖွန်ကျေးရွာ၊ တိုက်ရံကျေးရွာများနှင့် နန်းယွန်းမြို့နယ်အတွင်းရှိ ကဲဆန်ကားလန်၊ ကဲဆန်လောင်ကျန်း၊ ပွန်ရှိန်းကျေးရွာများရှိ အသက် ၁၅ နှစ်အောက် ကလေး ၆၂၀ အား ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး မြို့နယ်အတွင်းရှိ အသက် ၁၅ နှစ်အောက် ကလေး ၉၉၄ ဦး စုစုပေါင်း ၁၆၁၄ ဦးအား ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးနိုင်ခဲ့သည်။

ဆက်လက်၍ ဩဂုတ် ၁၆ ရက်မှ စ၍ လဟယ်မြို့နယ်အတွင်းရှိ အသက် ၁၅ နှစ်အောက် ကလေးအားလုံးကို လွှမ်းခြုံနိုင်ရေးအတွက် ကူးစက်ရောဂါကုဆရာဝန်ကြီးနှင့် ပြည်သူ့ကျန်းမာရေးအထူးကု ဆရာဝန်ကြီး ၁၅ ဦး ပါဝင်သော ကာကွယ်ဆေးထိုးအဖွဲ့ ၁၈ ဖွဲ့မှ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ဗီတာမင်အေဆေးတိုက်ကျွေးခြင်းတို့အား ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ခက်ခဲသော ဒေသများတွင် ကွင်းဆင်းကုသသည့်အဖွဲ့များ *စာမျက်နှာ ၁၂ ကော်လံ ၃* ❐


ရန်ကုန်နည်းပညာတက္ကသိုလ်ဘာသာရပ်များကို ဆော့ဖ်ဝဲအသုံးချ သင်ကြားပေးမည် စ၁ - ၃

တရုတ်နိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမား ၁၃၂ ဦး မြန်မာနိုင်ငံဘက်သို့ပြန်လည်ရောက်ရှိ စ၁ - ၅

မလေးရှား ရေနံတင်သင်္ဘောတစ်စင်း အပိုင်စီးခံရ စ၁ - ၁၀

စီးပွားရေးလုပ်ငန်းရှင်များ၏ထောက်ခံမှုကို အခိုင်အမာရရှိလာသည့် ဟီလာရီကလင်တန် စ၁ - ၁၁

လာဘ်ငွေနှစ်သိန်းတောင်းယူသည့် မိတ္ထီလာမြို့မရဲစခန်းမှူးနှင့် ရဲအုပ်တို့ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲဆိုအရေးယူ စ၁ - ၁၃


# ရက်သတ္တနှစ်ပတ်ခန့်အတွင်းစားအုန်းဆီတစ်ပိဿာ ငွေကျပ် ၃၀၀ ခန့် ဈေးမြင့်တက် စားအုန်းဆီဈေးနှုန်းအသိပေးရာတွင် ကြိုတင်ရောင်းဈေးနှုန်းဖြင့်သာဖော်ပြနေသည်ဟုဆို

**ရန်ကုန် ဩဂုတ် ၁၇**

**သတင်း - ခင်ဆိုင် ၊ ဓာတ်ပုံ - နေမျိုးကျော်**



ပြည်တွင်း ဒေသအနှံ့အပြားတွင် ရေကြီး၊ ရေလျှံ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်နေသည့်ကာလအတွင်း အခြေခံ စားသောက်ကုန်ဈေးနှုန်းမြင့်တက်လာခဲ့ရာ ပြည်ပမှတင်သွင်းသော စားအုန်းဆီဈေးနှုန်းများ လတစ်ဝက်ခန့်ကာလအတွင်း တစ်ပိဿာလျှင်ငွေကျပ် ၃၀၀ ခန့် မြင့်တက်လာခြင်းလည်း အပါအဝင်ဖြစ်သည်။ ယင်းသို့ ဈေးနှုန်းမြင့်တက်မှုကြောင့် ဆီလုပ်ငန်းနှင့်ပတ်သက်သူများ ရက်ပိုင်းအတွင်း အကျိုးအမြတ်အဖြစ် ကျပ်သိန်းပေါင်းများစွာ ရရှိနေသော်လည်း စားသုံးသူများမှာ ကုန်ဈေးနှုန်း ကြီးမြင့်မှုဒဏ် ခံစားနေကြရသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍

## ထူးကဲဒီရေ တက်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၁၇**

ဩဂုတ် ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်းတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက်အမြင့်ပေ ၂၀ ဒသမ ၁၄ ပေခန့်မှ ၂၁ ဒသမ ၃၅ ပေခန့်အထိ သာမန်ထက် ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း၊ ယင်းထူးကဲဒီရေနှင့်ပတ်သက်၍ ယခင် ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက်အမြင့်ပေ ၂၂ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း ရန်ကုန်မြစ်၏ ခန့်မှန်းဒီရေအမြင့်သည် အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်နိုင်သည့်အခါ မြစ်ကမ်းနားဒေသများအနီးနေထိုင်ကြသော လုပ်သားပြည်သူများအား ယခုကဲ့သို့ သတိပေးချက် ထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က အသိပေးအကြောင်းကြားထားကြောင်း သိရသည်။ (မြန်မာ့အလင်း)